# ကြေးမုံ
## The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့။ | Saturday , 24 September 2016 | (၈၆၉၄)


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်းချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘ၀ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘက်စုံပေါင်းစည်းလယ်ယာ စံပြစိုက်ခင်းအား ကြည့်ရှုလေ့လာ
# စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ရေရှည်ဝန်ဆောင်မှုပေးပြီး ထိန်းသိမ်းမှုကိုလည်း တာဝန်ယူရန်မှာကြား

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုးကောင်းကျေးရွာရှိ ဒေသခံတောင်သူ ဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာတွင် SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးဧက ၂၀၀ စိုက်ကွင်းကို ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူတို့နှင့်အတူ ဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒေသခံတောင်သူ ဦးသန်းမြင့်က SRI စနစ်ကို အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲရမှု၊ စိုက်စရိတ်သုံးစွဲရမှု၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများ သုံးစွဲရမှုနှင့် အထွေထွေ ကုန်ကျစရိတ်များတွင် မိရိုးဖလာစိုက်နည်းစနစ်ထက် ငွေကြေးကုန်ကျမှု ပိုမိုသက်သာစေပြီး အထွက်နှုန်းပိုမိုကောင်းမွန်သောကြောင့် တောင်သူလယ်သမားများအတွက် စီးပွားရေးတွက်ခြေကိုက်သည့် စိုက်နည်းစနစ်တစ်ခုဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

သမဝါယမအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်က အသင်းသားပိုင် ကူဘိုတာထွန်စက် နှစ်စီး၊ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ အသင်းသားပိုင် ထွန်စက် ၁၀ စီးတို့ဖြင့် လယ်ယာမြေများ ထွန်ယက်ခြင်း၊ သီးနှံများရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ ဓာတ်မြေဩဇာသွင်းအားစုများကိုလည်း သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အသင်းပိုင် တန် ၆၀ ကျ ဆန်စက်တည်ဆောက်ပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးဧက ၂၀၀ စိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ကျော့ချ်ဆိုးရော့စ်တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ကူညီဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နယူးယောက် စက်တင်ဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် CNN သတင်းဌာနမှ GPS Editorial Producer, Mr. Fareed Zakaria နှင့် နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌တွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ World Economic Forum မှ Executive Chairman ဖြစ်သူ Prof. Klaus Schwab နှင့် တွေ့ဆုံကာ လာမည့်နှစ်တွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




## ကြေးမုံ

# ပြည်သူတို့ကို ကာကွယ်စောင့်ရှောက်

သတင်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် သတင်းသမားများ၏ အလုပ်နှင့်တာဝန်များကို နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံမှာလည်း ပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းချက်များတွင် အမှန်တရားကို ဖော်ထုတ်ရေးသားရန်၊ အစိုးရနှင့်ပြည်သူကြား၊ ပြည်သူနှင့်အဖွဲ့အစည်းများကြား စသည့် ကြားနေပေါင်းကူးတံတားအနေဖြင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊ ပြည်သူလူထုကို ကိစ္စအသစ်အဆန်းများအား အသိပေးသတင်းရေးသားပေးရန်၊ ပြည်သူကို အသိပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ အများပြည်သူအကျိုးစီးပွားကို အကာအကွယ်ပေးရန်တို့ဖြစ်သည်။

အမှန်တရားကို ဖော်ထုတ်ရေးသားရန်မှာ ပြည်သူလူထုသတင်းသမားအလုပ်ဖြစ်သည်။ အများပြည်သူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သောအားဖြင့် ဖော်ထုတ်ရေးသားခြင်းတွင် မှန်ခြင်း/ မှားခြင်းကို အဆုံးအဖြတ်မပေးဘဲ ပြည်သူလူထုကို အကာအကွယ်ပေးခြင်းသက်သက်ဖြစ်မှ မွန်မြတ်သည်။ ထိုသူမှာ လူထုသတင်းသမားစစ်စစ်ဖြစ်သည်။ လူထုသတင်းသမားတို့သည် လူထုအကျိုးပြုဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်ရေးသားကြသလို လူထုကိုအကျိုးမပြုသည့်၊ လူထုအကျိုးမရှိသည့် လုပ်ဆောင်ချက်များကိုလည်း ရှာဖွေဖော်ထုတ်ရေးသားကြသည်။ လူထုသတင်းသမားရေးသားချက်များကို လူထုကပင် အမှန်/အမှား အဆုံးအဖြတ်ပေးကြသည်။ လူထုအကျိုးကို ဝိုင်းဝန်းဖော်ဆောင်ကြသည်မှာ နှစ်လိုဖွယ်ကောင်းပြီး မွန်မြတ်သော လုပ်ဆောင်မှုများဟု ဆိုရမည်ဖြစ်သည်။

မကြာသေးမီရက်ပိုင်းက ကျောက်တံတားမြို့နယ်တွင် အိမ်အကူမိန်းကလေးငယ်နှစ်ဦးအား လုပ်ခလစာမပေးသည့်အပြင် ညှဉ်းပန်းနှိပ်စက်ခဲ့သည့် ဖြစ်စဉ်တစ်ရပ်ကို သတင်းသမားတစ်ဦးက ရှာဖွေဖော်ထုတ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား အသိပေးအကြောင်းကြားခဲ့ပြီးနောက် ပြည်သူလူထုတစ်ရပ်လုံး သိရှိခဲ့ကြသည်။ သတင်းနှင့်အတူ တာဝန်သိသူတို့က ကူညီဆောင်ရွက်ပေးကြသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် လူမှုအဖွဲ့အစည်းများကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ ပြည်သူ့လွှတ်တော်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသူအချို့အား ထိရောက် စွာအရေးယူပေးနိုင်ရန်အထိ တိုက်တွန်းခဲ့ကြသည်ကို တွေ့ရသည်။

ထိုအရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရကလည်း ချက်ချင်းမတုံ့ဆိုင်းဘဲ အလေးထားဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအား စိစစ်မေးမြန်းပြီးနောက် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည့် ကာယကံရှင်များ၊ မိသားစုဝင်များနှင့် သတင်းပေးမှုပြုလုပ်ခဲ့သည့် တာဝန်သိပြည်သူတစ်ဦးတို့အား လုံခြုံရေးအရ စောင့်ရှောက်ကာကွယ်မှုများ ဆောင်ရွက်ပေးရန်၊ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသူများ လုံခြုံစွာနေထိုင်နိုင်ရေးနှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအားပေးမှုများ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ရာ ပြည်သူလူထုအား မိဘသဖွယ် ကာကွယ်စောင့်ရှောက်ပေးသကဲ့သို့ ခံစားကြရမည်ဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှု၊ လူသားချင်းစာနာထောက်ထားခြင်းကင်းမဲ့မှု၊ အနိုင်အထက်ပြုမှုမှု၊ မတရားမှုများကို ရှာဖွေဖော်ထုတ်ကာကွယ်မှုပေးရန်မှာ သက်ဆိုင်ရာတာဝန်ရှိသူများဖြစ်ကြသော်လည်း တာဝန်သိစွာဖြင့် ဦးစွာဆောင်ရွက်ပေးခဲ့သော ပြည်သူလူထုသတင်းသမားကို အကာအကွယ်ပေးခြင်း၊ ချီးကျူးဂုဏ်ပြုပေးခြင်းတို့မှာ ပြည်သူကို အလေးထားသော အစိုးရ၏ လုပ်ဆောင်ချက်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားများ တရားမျှတမှုရရှိရေး၊ အကာအကွယ်ရရှိရေးတို့မှာ လောက ပါလတရားနှင့်အညီဖြစ်သလို ဒီမိုကရေစီကျင့်ဝတ်နှုန်းစံများနှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့အရေး၊ ပြည်သူ့အခွင့်အရေး၊ ပြည်သူ့အကျိုးစီးပွားအရေးတို့ကို ယခုကဲ့သို့ ဦးစွာရှာဖွေဖော်ထုတ်ပေးသော ပြည်သူပြည်သားများ များစွာပေါ်ထွက်လာကာ တာဝန်သိသော၊ တာဝန်ရှိသော အဖွဲ့အစည်းများက ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ -၂၀၁၆ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

လူမှုဘဝနေထိုင်မှုများ ပြောင်းလဲလာသည့် ယနေ့အချိန်ကာလမှာ တိုးတက်လာသော လူဦးရေအပြင် စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာအဆောက်အအုံ လိုအပ်မှုများပြားလာသည့်အတွက် ကောင်းမွန်စွာရွေးချယ်ပိုင်ခွင့်ရရှိရန် "အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ -၂၀၁၆" ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ -၂၀၁၆ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်) ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း (TTI)မှ Assistant Director ဦးသိန်းမြင့်ဝေ၊ Factor to Home Smart Furniture and Home Decoration မှ Managing Director ဦးစိုင်းတစ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်၊ "MKT Construction Co.,Ltd"မှ Chairman & CEO ဦးမျိုးမြင့်၊ Aung Myin Pyae Sone Construction Co.,Ltd မှ Managing Director ဦးသူရအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပံ့ပိုးကူညီသော အဖွဲ့အစည်းများမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute(TTI), UN Habitat တို့ဖြစ်ပြီး Main Sponsor အဖြစ် Factory to Home Smart Furniture and Home Decoration မှ ပံ့ပိုးကူညီထားသည်။ ပြပွဲတွင် ပြည်တွင်း ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်း အလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြား၊ ကျောက်ပြားများ၊ အိမ်တွင်းခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများအပြင် အိမ်ရာ အဆောက်အအုံနှင့် အဆင့်မြင့် အသုံးအဆောင်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲရန် လက်လှမ်းမီသည့် အနေအထားဖြင့် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ဦးခင်မောင်ညို (ဘောဂဗေဒ)မှ အိမ်ခြံမြေဈေးကွက်နှင့် အလားအလာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဦးစိုင်းခွန်နောင် (ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း)၊ ဦးကိုကိုလေး (Three Friends Construction) နှင့် ဦးသိန်းမြင့်ဝေ (Trad Training Institute) တို့က အိမ်ခြံမြေနှင့် စီးပွားရေး ရှေ့အလားအလာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒေါ်လှလှအောင် (မြန်မာနိုင်ငံမြေလျှောက်ကော်မတီ)၊ ဦးစောထွေးဇော် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) တို့က မြေငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ဘေးကင်းလုံခြုံသော ဆောက်လုပ်မှု အလေ့အကျင့်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ဦးဝင်းဇော် (CHD Bank)၊ ဦးသက်နိုင်ဦး (Mavrick Management)နှင့် ဦးမျိုးမြင့် (MKT Construction) တို့က အိမ်ရာဖွံ့ဖြိုးရေးနှင့် အိမ်ရာစုဆောင်းငွေခေါင်းစဉ်များဖြင့် နေ့စဉ် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်သည်။

အထူးအစီအစဉ်အနေဖြင့် ပြပွဲအား လာရောက်လေ့လာသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာပြခန်းရှေ့တွင် Selfie ပုံရိုက်ပြီး Tag ပါ၊ Share ပါ၊ Like အများဆုံးရရှိသူအား စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီ တပ်မတော်ခန်းမ Stage တွင် ကြေညာမည်ဖြစ်ပြီး ဆုငွေ သုံးသိန်း ချီးမြှင့်မည်ဖြစ်သည်။ နေ့စဉ် Mobile Handset များစွာနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။ **(ကြေးမုံ)**






# ဒက္ခိဏသီရိမြို့နယ်တွင် မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်အသိပညာပေး ဟောပြော

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရဲတပ်ဖွဲ့က မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဒက္ခိဏသီရိမြို့နယ် မြို့မဈေးအတွင်းရှိ ဈေးသူ ဈေးသားများအား မှုခင်းအသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို လှည့်လည်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းများကို ဓာတ်ပုံများ၊ ပိုစတာများ၊ ဗွီနိုင်းများဖြင့်ပြသ၍ ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး စိုးဝင်း၊ ခေတ္တစခန်းမှူး ရဲအုပ် ကျော်ခိုင်၊ နေပြည်တော်အထူးမူးယစ်တပ်ဖွဲ့ (၁၀၁) မှ ဒုရဲမှူးအောင်မိုး၊ နေပြည်တော်ရဲတပ်ဖွဲ့နှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူအသီးသီးတို့က မိမိတို့၏သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဟောပြောဆွေးနွေးကြသည်။ **(ထွန်းထွန်းဝင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဩဂုတ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၃၊ ဖက်စ် ၀၆၇-၃၆၀၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် CNN သတင်းဌာန၏ မေးမြန်းချက်များကို ဖြေကြားစဉ်။(သတင်းစဉ်)

■ **မြန်မာနိုင်ငံမှ**

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပမည့် World Economic Forum အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား မူဘောင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Founder and Chairman of Open Society မှ မစ္စတာ ဂျော့ချ်ဆိုးရော့စ်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mr.Zeid Ra'ad Al Hussein နှင့် တွေ့ဆုံဆွေးနွေးသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် World Economic forum မှ Executive Chairman, Prof. Klaus Schwab နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# ကြံခင်း၌ ဆိပ်သာမြို့အဝင်လမ်းပိုင်းနှင့် ကျေးရွာချင်းဆက်လမ်းပိုင်း ပြုပြင်

**ကြံခင်း စက်တင်ဘာ ၂၃**

ကြံခင်းမြို့နယ် ဆိပ်သာမြို့အဝင် လမ်းပိုင်းနှင့် ထန်းတပင်ကျေးရွာအုပ်စု နံ့ဂါတ်ကျေးရွာနှင့် ရေဝန်ကြီး ကျေးရွာကြား အရှည်ပေ ၁၅၀၀ ခန့်ရှိသော ကျေးရွာချင်းဆက်လမ်းပိုင်းမှာ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုတို့ကြောင့် ပျက်စီးနေသဖြင့် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရေးအတွက် စက်တင်ဘာ ၂၃ ရက်က ပါရမီပရဟိတအသင်းနှင့် ဆိပ်သာရဲစခန်းမှူးဦးစီး၍ ရဲတပ်ဖွဲ့ဝင်များစုပေါင်းကာ ရေစီးလမ်းကြောင်းများ ဖောက်လုပ်ခြင်း၊ ချိုင့်ခွက်များဖြည့်ခြင်းနှင့် ကျောက်များခင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာအုပ်စုနှင့် သောကြာဒူးကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၄၀၀၀ ခန့်ရှိ ကျေးရွာချင်းဆက်လမ်းပိုင်းနှင့်ဆိပ်သာလမ်းပိုင်းမှာ နှစ်စဉ် ဧရာဝတီမြစ်ရေဖုံးလွှမ်းခြင်းခံရသည့်အတွက် တစ်နှစ်ထက်တစ်နှစ်ပိုပြီးပျက်စီး၍ ပြုပြင်ခြင်းမရှိပါက ပိုမိုပျက်စီးနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လမ်းပိုင်းအား ပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြောင်း သိရသည်။ **ဝတ်ရည် ( ကြံခင်း ပြန်/ဆက် )**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်

**နေပြည်တော် စက်တင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသည့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ပြုလုပ်သော နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Comprehensive Nuclear-Test-Ban Treaty -CTBT) သို့ မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်သည့် စာချွန်လွှာ (Instrument of Ratification) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂဥပဒေရေးရာဌာန ဒုတိယအတွင်းရေးမှူးချုပ် Mr.Miguel de Serpa Soares ထံသို့ အတည်ပြုပါဝင်သည့် စာချွန်လွှာကို ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ CTBTO အမှုဆောင်အတွင်းရေးမှူး Dr.Lassina Zerbo အပါအဝင် ကုလသမဂ္ဂဘက်မှတာဝန်ရှိသူများနှင့် ကုလသမဂ္ဂအထွေထွေညီလာခံဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် အဆိုပါစာချုပ်သို့ ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်၌ ပါဝင်လက်မှတ်ရေးထိုး(Signature) ခဲ့သည်။ ယခုအခါ အဆိုပါစာချုပ်သို့ နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီး နိုင်ငံပေါင်း ၁၆၆ နိုင်ငံက အတည်ပြုပါဝင် (Ratification) ထားပြီးဖြစ်သည်။ အဆိုပါ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နျူကလီးယားလက်နက်မပြန့်ပွားရေးနှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးတို့ကို ထောက်ခံအားပေးကြောင်း နိုင်ငံတကာသို့ ထပ်လောင်းအတည်ပြုပြသနိုင်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှသိရသည်။ **(သတင်းစဉ်)**

# စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၎င်း၏ခန့်အပ်လွှာကို စပိန်နိုင်ငံဘုရင်ထံပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် မက်ဒရစ်မြို့၌ စပိန်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင် ဖီလစ်ပီထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့သော စေတီပုထိုးများနှင့် ညောင်ဦးမြို့ရှိ ရှေးဟောင်းစေတီပုထိုးတော်များ ပြန်လည်ပြုပြင်မွမ်းမံရန် အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်မိသားစုများ၏ အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ ဘဏ်၏ အထွေထွေမန်နေဂျာ ဦးနေထွန်းကျော်က အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးလက်ခံယူစဉ်။**

(ကြေးမုံ)



# ဂျပန်ဝန်ကြီးချုပ်နှင့် ကျူးဘားခေါင်းဆောင်တို့တွေ့ဆုံ



**ဟာဗားနား စက်တင်ဘာ ၂၃**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကျူးဘားသမ္မတနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် သမိုင်းဝင်ခရီးစဉ်တစ်ခု အဖြစ် ကျူးဘားနိုင်ငံသို့ သွားရောက်ခဲ့သည်။ အာဘေး သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို တုံ့ပြန်နိုင်ရန်အတွက် ကျူးဘားနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်ရန် ကြိုးစားခြင်းဖြစ်သည်။ အာဘေးက ကျူးဘားသမ္မတ ရာအူးလ်ကက်စ်ထရိုနှင့် စက်တင်ဘာ ၂၂ ရက်တွင် ကျူးဘားနိုင်ငံမြို့တော် ဟာဗားနား၌ တွေ့ဆုံ ခဲ့သည်။ အာဘေးသည် ကွန်မြူနစ်စနစ်ကျင့်သုံးသည့် ကျူးဘားနိုင်ငံသို့ ပထမဆုံးလာရောက်လည်ပတ်သည့် ဂျပန်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အာဘေးက မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အကြိမ်ကြိမ် စမ်းသပ်မှုသည် မကြုံဖူးသည့် ခြိမ်းခြောက်မှု ဖြစ်ပြီး ကျူးဘားနိုင်ငံက ကြားဝင်ဟန့်တားပေးရန် တောင်းဆိုခဲ့သည်။ ကျူးဘားနိုင်ငံသည် မြောက်ကိုရီးယား နိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိပြီး ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုမရှိပေ။

ရာအူးလ်ကက်စ်ထရိုက နိုင်ငံတကာပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းသင့်ကြောင်း ပြောကြားသည်။ အာဘေး က ကျူးဘားနိုင်ငံတွင် ဂျပန်စီးပွားရေးလုပ်ငန်းများ ရင်းနှီး မြှုပ်နှံမှုများတိုးမြှင့်ရာတွင်လည်း အကူအညီပေးရန် တောင်းဆိုခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးနောက် ကျူးဘားနိုင်ငံ၏ ဆေးကုသရေးဝန်ဆောင်မှု အထူးသဖြင့် ကင်ဆာရောဂါကုသရေးတွင် ကူညီထောက်ပံ့ပေးရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ဂျပန်နိုင်ငံက ဒေါ်လာ ၁၂ ဒသမ ၅ သန်း ထောက်ပံ့ပေးမည်ဖြစ်သည်။

စက်တင်ဘာ ၂၂ ရက် အစောပိုင်းတွင် အာဘေး သည် ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်ကက်စ်ထရိုကို ၎င်း၏နေအိမ်တွင် တွေ့ဆုံခဲ့သည်။ လက်ရှိကျူးဘား သမ္မတ ရာအူးလ်ကက်စထရို၏ အစ်ကိုဖီဒယ်ကက်စ်ထရို သည် ၁၉၅၉ ခုနှစ်တွင် အမေရိကန်ထောက်ခံလိုလား သည့်အစိုးရကိုဖယ်ရှားသည့် ကျူးဘားတော်လှန်ရေးကို ဦးဆောင်ခဲ့သူဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ရာဖေးလ်ဂျက်တိုက်လေယာဉ် ၃၆ စင်း ဝယ်ယူရေးသဘောတူစာချုပ် အိန္ဒိယနှင့် ပြင်သစ် လက်မှတ်ရေးထိုး

**နယူးဒေလီ စက်တင်ဘာ ၂၃**
ရာဖေးလ်ဂျက်တိုက်လေယာဉ် ၃၆ စင်းဝယ်ယူရေးအတွက် အိန္ဒိယနိုင်ငံက ပြင်သစ်နိုင်ငံနှင့် သဘောတူညီချက် တစ်ရပ် လက်မှတ်ရေးထိုးလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါသဘောတူညီချက်ကို အိန္ဒိယကာကွယ်ရေး ဝန်ကြီး မန်နိုဟာပါရီကာနှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းယတ်ဗ်လီဒရီယန်တို့က နယူးဒေလီမြို့၌ လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည်။ ရာဖေးလ်ဂျက်လေယာဉ် ၃၆ စင်း ဝယ်ယူရေးသဘောတူညီချက်ကို အိန္ဒိယနှင့်ပြင်သစ် နိုင်ငံတို့က လက်မှတ်ရေးထိုးလိုက်ကြောင်း၊ ယင်းလေယာဉ် များက အိန္ဒိယနိုင်ငံ၏ တိုက်ခိုက်ရေးနှင့်ကာကွယ်ရေး စွမ်းပကားများကို သိသိသာသာ တိုးတက်စေမည် ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး ပါရီကာက သူ၏ တွစ်တာအကောင့်တွင် ရေးသားခဲ့သည်။



နောက်ဆုံးပေါ် ဒုံးကျည်များနှင့် လက်နက်ဆန်းများ တပ်ဆင်မည့် ရာဖေးလ်ဂျက်လေယာဉ်များက ဒေသတွင်း ၌ အိန္ဒိယတပ်မတော်၏ပုံရိပ်ကို မြှင့်တင်ပေးမည်ဖြစ်ပြီး ဟောင်းနွမ်းနေပြီဖြစ်သော တိုက်လေယာဉ်များကို ခေတ်မီ စေမည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယုံကြည်သည်။ ရာဖေးလ်ဂျက်လေယာဉ်များ ဝယ်ယူ ရေးကို ၂၀၁၂ ခုနှစ်ကတည်းက အိန္ဒိယနိုင်ငံက စီစဉ်ခဲ့ သည်။ ရာဖေးလ်ဂျက်လေယာဉ် ၃၆ စင်းဝယ်ယူရေး နားလည်မှုစာချွန်လွှာကို အိန္ဒိယနိုင်ငံက ယခုနှစ် ဇန်နဝါရီလအတွင်း ပြင်သစ်နိုင်ငံနှင့် လက်မှတ်ရေးထိုး ခဲ့သည်။

ထိုအချိန်က အိန္ဒိယအစိုးရသည် ရာဖေးလ်ဂျက် လေယာဉ် ၁၂၆ စင်းဝယ်ယူရန် ရည်ရွယ်ခဲ့သော်လည်း ဝယ်ယူရေးမှာ ကုန်ကျစရိတ်နှင့် အိန္ဒိယနိုင်ငံတွင် လေယာဉ် များတပ်ဆင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သော လေးနှစ် အတွင်း နှောင့်နှေးကြန့်ကြာမှုများနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ရာဖေးလ်ဂျက်လေယာဉ်များ ပေးပို့မှုကို သုံးနှစ်အတွင်းစတင်မည်ဖြစ်ပြီး လေယာဉ်များပေးပို့မှုမှာ သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ၆၆ လ အတွင်း ပြီးဆုံးမည်ဖြစ်သည်။

**ဆင်ဟွာ။**

## ကုလသမဂ္ဂ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းရန်ပုံငွေအတွက် ဒေါ်လာ ၁၅၁ သန်း ထည့်ဝင်ရန် ၂၆ နိုင်ငံ ကတိပြု

**ကုလသမဂ္ဂ စက်တင်ဘာ ၂၃**
ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် တွဲဆက်ပြုလုပ် သည့် ရန်ပုံငွေလှူဒါန်းရေးဆိုင်ရာ ကတိကဝတ်ပြု အစည်းအဝေးတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး တည်ဆောက် ခြင်းရန်ပုံငွေအတွက် အဖွဲ့ဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့ က အမေရိကန်ဒေါ်လာ ၁၅၁ သန်း ထည့်ဝင်ကြရန် ကတိ ပြုကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖြစ်သော ကာလ တွင် နိုင်ငံပေါင်း ၂၀ ကျော်၌ အကြမ်းဖက်မှု တားဆီး ကာကွယ်ခြင်းနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေး ထိန်းသိမ်း ခြင်းတို့ လုပ်ဆောင်နိုင်ရန် ယင်းရန်ပုံငွေကို သုံးစွဲသွား မည်ဖြစ်သည်။

ကင်ညာ၊ မက္ကဆီကို၊ နယ်သာလန်၊ တောင်ကိုရီး ယား၊ ဆိုမာလီ၊ သီရိလင်္ကာ၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံ အစိုးရများမှ ကိုယ်စားလှယ်များက အဆိုပါအစည်း အဝေးကို ပူးတွဲကျင်းပခြင်း ဖြစ်သည်။ သုံးနှစ်တာ ကာလအတွက် စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထည့်ဝင်နိုင်ရေး ကတိပြုခဲ့ကြသည်။

ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ရန်ပုံငွေကို ပဋိပက္ခ ဖြစ်ပွားရာ နိုင်ငံများတွင် ငြိမ်းချမ်းရေး တည်ဆောက် နိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများအား ကူညီ ရန် ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ **ဆင်ဟွာ။**

## ရုရှားနှင့် အိန္ဒိယတပ်ဖွဲ့ဝင်များ ရုရှားအရှေ့ဖျား၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂၃**
ရုရှားနှင့် အိန္ဒိယတပ်ဖွဲ့ဝင်များ ပူးပေါင်းပြုလုပ်သော အင်ဒရာ ၂၀၁၆ အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၂၃ ရက်က ရုရှားနိုင်ငံအရှေ့ဖျားဒေသ ပရီမော့စ်လီနယ်မြေမှ ဆာဂေယက်ဗ်ကီစစ်ရေး လေ့ကျင့် ကွင်းတွင် စတင်ပြုလုပ်ကြောင်း ရုရှားအရှေ့ပိုင်းတိုင်း စစ်ဒေသ (အီးအမ်ဒီ)က ပြောကြားသည်။

ရုရှားနှင့် အိန္ဒိယတပ်ဖွဲ့ဝင် ဦးရေ ၅၀၀ ကျော်တို့ သည် ခြေလျင်တပ်သုံး တိုက်ခိုက်ရေးယာဉ်များ၊ တီ-၇၂ တင့်ကားများ၊ မောင်းသူမဲ့ လေယာဉ်တစ်စင်းတို့ကို အသုံးပြု၍ လေ့ကျင့်ကြကြောင်း ရုရှားအရှေ့ပိုင်း စစ်ဒေသမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရုရှားနှင့် အိန္ဒိယတပ်ဖွဲ့များ၏ စစ်ရေးပူးတွဲ လေ့ကျင့်မှုသည် အောက်တိုဘာ ၂ ရက်တွင် ပြီးဆုံးမည် ဟု သတင်းတွင် ဖော်ပြသည်။

ရုရှားနှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် အကြမ်းဖက်မှု နှိမ်နင်းရေးအတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ၂၀၀၃ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်အတွင်း နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုကို အိန္ဒိယ နိုင်ငံ မဟာဂျမ် စစ်ရေးလေ့ကျင့်ကွင်း၌ ပြုလုပ်ခဲ့ပြီး ရုရှားအရှေ့ပိုင်း စစ်ဒေသမှ တပ်ဖွဲ့ဝင်များ ပါဝင် လေ့ကျင့်ခဲ့ကြသည်။ **ဆင်ဟွာ။**

# တရုတ်-ယူရေးရှားကုန်စည်ပြပွဲ ကုန်သွယ်ရေးမိတ်ဖက်များအဖြစ်လက်တွဲရန် အခွင့်အလမ်းပေးစွမ်း



**အုရုံမူချီ စက်တင်ဘာ ၂၃**
တရုတ်နိုင်ငံ ရှင်ကျန့်ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် အုရုံမူချီ၌ ကျင်းပသော တရုတ်-ယူရေးရှား ကုန်စည်ပြပွဲတွင် ဂျမေကာနှင့် ဟေတီနိုင်ငံတို့ အပါအဝင် ကာရစ်ဘီယံဒေသရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံက ပထမဆုံး အကြိမ် ပါဝင်ပြသလျက်ရှိကြကြောင်း ဆင်ဟွာသတင်း တွင် ဖော်ပြသည်။

ပဉ္စမအကြိမ် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲတွင် အင်ဂိုလာနှင့် ဇင်ဘာဘွေနိုင်ငံတို့အပါအဝင် အာဖရိက နိုင်ငံ အများအပြား၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းတို့ကလည်း ပထမဆုံး အကြိမ် ပါဝင်ပြသကြကြောင်း၊ အဆိုပါ ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ဆက်လက်ကျင်းပ လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်-ယူရေးရှား ကုန်စည်ပြပွဲသည် နိုင်ငံများ အချင်းချင်း ဆက်ဆံရေးမြှင့်တင်နိုင်ပြီး ကုန်သွယ်ရေး မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ရန် အခွင့်အလမ်း ကို ပေးစွမ်းကြောင်း ကာရစ်ဘီယံဒေသရှိ ကျွန်းနိုင်ငံ တစ်နိုင်ငံဖြစ်သော အင်တီဂွာနှင့် ဘာဘူဒါနိုင်ငံမှ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီး အက်စကူလိတ်က ပြောကြားသည်။

အာဖရိကတိုက်၏ စွမ်းအင်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် အလားအလာများရှိနေ ပုံနှင့် ပတ်သက်၍ အရှေ့အာဖရိက ဥပဒေပြုလွှတ်တော်၏ အမတ်တစ်ဦးဖြစ်သူ ပီတာမသူကီက ပြောကြားသည်။ အရှေ့အာဖရိက လွှတ်တော်တွင် ယူဂန္ဒာ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ ရဝမ်ဒါ၊ ဘူရွန်ဒီ နိုင်ငံတို့ ပါဝင်ကြ သည်။

အရှေ့အာဖရိကဒေသသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ မိမိတို့၏ ဒေသအနာဂတ် တောက်ပြောင်လာစေရေးအတွက် အစိမ်းရောင်စွမ်းအင်နည်းပညာ လိုအပ်လျက်ရှိကြောင်း မသူကီက ပြောကြားသည်။ **ဆင်ဟွာ။**

# ပြင်စာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၈ ခုမေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုအားလွှတ်တော်သို့ အသိပေးတင်ပြခြင်းများဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ သာစည်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၄)ထပ် တစ်ဆောင်ဆောက်လုပ်ခြင်း၊ ဆေးရုံဝင်းခြံအုတ်တံတိုင်းခတ်ခြင်းနှင့် လမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၏ ပေါင်းလောင်းဘောလုံးကွင်းအား နေပြည်တော် FC ဘောလုံးအသင်းသို့ ငှားရမ်းခဲ့ရာ ထိုကွင်းအား ပြည်သူ့ထံသို့ ပြန်လည်အပ်နှံရန်အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သာစည်မြို့နယ် ပြည်သူ့ဆေးရုံတွင်လိုအပ်လျက်ရှိသည့် ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှေ့မျက်နှာစာကို အုတ်တံတိုင်းကာရံပေးခြင်းနှင့် ဆေးရုံဘေးနှစ်ဖက်နှင့် အနောက်ဘက်ခြံစည်းရိုးကို အုတ်ခုံတုံးပါ Chain Link ခြံစည်းရိုးဖြင့်ကာရံပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးရုံတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းကို ၂၀၁၆-၂၀၁၇ ခုနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း ပြန်လည်အပ်နှံရေးနှင့်စပ်လျဉ်း၍ နေပြည်တော် FC ဘောလုံးကလပ်အသင်းအား ဆက်သွယ်မေးမြန်းခဲ့ရာ ပေါင်းလောင်းအားကစားကွင်း နှစ်ရှည်စာချုပ် ချုပ်ဆိုငှားရမ်းထားမှုကိုရပ်စဲ၍ ဘောလုံးကလပ်အသင်းမှ အဆင့်မြင့် ပြုပြင်မွမ်းမံတိုးချဲ့တည်ဆောက်ထားရှိပြီးဖြစ်သည့် အဆောက်အအုံများကို ဖျက်သိမ်းခြင်းမပြုဘဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် နိုင်ငံတော်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းလွှဲပြောင်းလက်ခံနိုင်ရေး သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ပြန်လည်လွှဲပြောင်းလက်ခံပြီးပါက ပြည်သူများ စနစ်တကျလေ့ကျင့်ကစားနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ( အောင်ချမ်းသာ) ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးထွန်းလင်းမော်၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒအား တရားမျှတ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ပြင်ဦးလွင် မဲဆန္ဒနယ်မှ
ဒေါက်တာဦးအောင်ခင်

မှုနှင့် ဘက်လိုက်မှုကင်းစွာ စီမံထားခြင်း ရှိ/မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြင်စာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသည် ဇီးပင်ကြီး ခုတင် (၅၀) ဆံ့ဆေးရုံနှင့် ၅ မိုင်သာဝေးခြင်း၊ ပြင်ဦးလွင်ဆေးရုံကြီးသို့ ရောက်ရှိရန် မိနစ် ၃၀ ခန့်သာ ကြာမြင့်ခြင်းနှင့် Utilization rate မှာ ၃၂ ရာခိုင်နှုန်းသာရှိခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ အောင်ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်သည့် အခြေခံမှုများနှင့် ကိုက်ညီသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အမှုထမ်းဝန်ထမ်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ခြားပြောင်းရွှေ့ တာဝန်ချထားရာတွင် လုပ်သက်အနည်းဆုံး၂ နှစ်ရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာန၊ ရုံးချုပ်နှင့် ဗဟိုဦးစီးဌာနရုံးချုပ်များသို့တင်ပြခြင်း၊ ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်နှင့် ဝေးလံခက်ခဲသောဒေသများသို့ တာဝန်ချထားသည့် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် အမှုထမ်းများကို သက်ဆိုင်ရာတာဝန်ချထားရာ၌ လုပ်သက်အနည်းဆုံး ၁ နှစ်ပြည့်ပါက ပြန်လည်ပြောင်းရွှေ့ရန် သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးပါကြောင်း၊ ဝေးလံခက်ခဲသည့်ဒေသများ၌ အမှန်တကယ်တာဝန်ထမ်းဆောင်ချိန် ၁ နှစ်မပြည့်ပါက ဆောင်ရွက်မပေးပါကြောင်း၊ သက်ဆိုင်ရာအခြေခံဝန်ထမ်းများ၏ သဘောထားများရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရာထမ်းများနှင့် ဆရာဝန်များ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းများကို ၃ ဆင့်ပြုလုပ်ပါကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၌ ပဏာမဆွေးနွေးဆုံးဖြတ်ပါကြောင်း၊ အရာထမ်းများ ရာထူးတိုးမြှင့်ခြင်းများနှင့်ပတ်သက်၍ ရာထူးတိုးမြှင့်စိစစ်ရေးကော်မတီတွင် အမြဲတမ်းအတွင်းဝန်ဥက္ကဋ္ဌအဖြစ်ပါဝင်သည့်ကော်မတီတွင် ဆေးနှင့်နီးနွယ်တက္ကသိုလ်များရှိ ဘာသာရပ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများ၏ ရာထူးအဆင့်အလိုက် စုစုပေါင်းလုပ်သက်၊ လက်ရှိရာထူးလုပ်သက်နှင့် ဘွဲ့လွန်ရရှိသည့်နှစ်အလိုက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီတွက်ချက်ပြီး တန်းစီဇယားပြုစုကာ ရာထူးအလိုက် လစ်လပ်စာရင်းအင်းပေါ်မူတည်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဗဟိုစီမံခန့်ခွဲရေးကော်မတီတွင် ဆုံးဖြတ်အတည်ပြုပါကြောင်း၊ ဝေးလံခက်ခဲသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေသူများကို အမှန်တကယ် တာဝန်ထမ်းဆောင်ကာလ ၁ နှစ်ပြည့်လျှင် ၎င်းတို့ တာဝန်ထမ်းဆောင်သောနေရာ (သို့မဟုတ်) ၎င်းတို့ဆန္ဒပြုသည့်နေရာနှင့် အနီးဆုံးမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးပါကြောင်း၊ ပြောင်းရွှေ့ပေးရမည့် ဆရာဝန်၏ လုပ်ရည်ကိုင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားပါကြောင်း၊ ခက်ခဲမှုမရှိသည့်သာမန်ဒေသတွင် တာဝန်ထမ်းဆောင်သူသည် တာဝန်ကျဒေသတွင် အနည်းဆုံး၂ နှစ်ပြည့်ပြီးမှ ပြောင်းရွှေ့ရန် ဆောင်ရွက်ပေးပါကြောင်း၊ ဒေသပြောင်းရွှေ့တာဝန်ထမ်းဆောင်ရေး တင်ပြမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများ၏ သဘောထားမှတ်ချက်အရလည်းကောင်း ပြောင်းရွှေ့လိုသည့် နေရာလစ်လပ်မှုအခြေအနေအရ ပြောင်းရွှေ့ရေးကို ဆောင်ရွက်ပေးပါကြောင်း၊ တရားမျှတမှုမရှိသည့် ကိစ္စရပ်များ၊ ဘက်လိုက်မှုကိစ္စရပ်များရှိပါက မိမိထံစာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းက အခြေခံပညာရေး ဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများ ထင်ဟပ်သော ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းရေးအတွက် လူထုလူတန်းစားအလွှာအစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပရန်အစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး အဆိုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးကြေညာခဲ့သည်။ **(သတင်းစဉ်)**

# တည်ဆဲဥပဒေများအရ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်စိစစ်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ပနိုင်ငံသား ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများနှင့် ပြည်ပတွင် ကာလရှည်ကြာစွာ နေထိုင်ကြပြီး နိုင်ငံသားမစွန့်လွှတ်ကြသေးသူများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားလာပါက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုသည့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီး အစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားသူများကို လက်ခံဆောင်ရွက်ခဲ့ရာ လျှောက်ထားသူ (၁၉၈)ဦးအနက် (၁၄၃)ဦးတို့အား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးအား စိစစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသူများကိုလည်း ထပ်မံစိစစ်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ

(၃၇)ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးအောင်သိန်း မေးမြန်းသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မအချို့ကို ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးရေးနှင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ခွင့် ပေးထား၍ လျှောက်ထားရာ၌ စိစစ်ပြီး လက်ခံနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိတည်ဆဲဥပဒေများအရ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်စိစစ် လက်ခံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားဟောင်းများနှင့်နိုင်ငံခြားသားများကို ပြည်တွင်းတွင် အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System)ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် မြန်မာနိုင်ငံတွင် လာရောက်အခြေချလိုသည့် ပြည်ပရှိ မြန်မာနိုင်ငံသားဟောင်းများ၊ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံသားနှင့် ဆက်စပ်သည့် နိုင်ငံခြားသားများက လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) ဖြင့် လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၂) မှ ဦးအောင်သိန်း

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ သက်ဆိုင်ရာအမျိုးအစားအလိုက် လျှောက်ထားသူ စုစုပေါင်း ၃၁၉ ဦးအနက် ၂၆၄ ဦးကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသား ဟောင်းများမှ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့်ရရှိရေး လျှောက်ထားလာပါက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရမည့်ကိစ္စသည် လွှတ်တော်များ၏ တာဝန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခေတ်နှင့် လျော်ညီသည့်ဥပဒေဖြစ်အောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်သန်း၏ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း Ooredoo တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်သည့်နေရာတွင် အမြင့်ဆုံး လေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅ မိုင်အထိ ခံနိုင်ရည်ရှိရန်နှင့် မြေပြင်အနေအထားအရ သင့်လျော်သော Foundation/ Design များအတိုင်း နိုင်ငံတကာ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီများကို ဆက်သွယ်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခွင့် ပြုထားကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ ဦးခင်မောင်လတ်၏ ရခိုင်ပြည်နယ် စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း (ခေါ်) ကလေးများ ထိန်းသိမ်းစောင့်ရှောက်သောကျောင်းမှ ဖမ်းဆီး (ပြောင်းရွှေ့)ခေါ်ယူသွားသော ကလေးငယ်များကို ပြန်လည်အပ်နှံရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါကျောင်းမှ သိမ်းဆည်းသွားသော ရခိုင်ရှေးဟောင်းပစ္စည်းများနှင့် ကျောင်း၏ ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရခိုင်ပြည်နယ် စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း(ခေါ်) ကလေးများ ထိန်းသိမ်းစောင့်ရှောက်သောကျောင်းမှ ကလေးအချို့ အာဟာရချို့တဲ့ပြီး ကျန်းမာရေးမကောင်း၍ ကလေးငယ် (၇၅)ဦးအား စောင့်ရှောက်ပေးခဲ့ရပါကြောင်း၊ ၎င်းတို့အနက်မှ အသက် (၅)နှစ်အောက် ပေါင်မပြည့် အာဟာရချို့တဲ့၍ သေဆုံးခဲ့ရသော ကလေးငယ် (၂)ဦး၊ ကိတ္တိမသားသမီးအဖြစ် မွေးစားခံရသူ (၁၁)ဦး၊ မိဘအုပ်ထိန်းသူများထံ

**စာမျက်နှာ ၇ သို့**

# အူလမ်းကြောင်းလှုပ်ရှားမှု မမှန်သောရောဂါ

ပါမောက္ခ ဒေါက်တာသိန်းမြင့်(YGH - GI)

**Irritable bowel syndrome (IBS)**

အူလမ်းကြောင်းလှုပ်ရှားမှုမမှန်သောရောဂါဆိုတာ နာတာရှည်ရောဂါတစ်မျိုးဖြစ်ပြီး သေသေချာချာ အချိန်ယူပြီး စိတ်ရှည်ရှည်ဖြင့်ကုသရသောရောဂါဖြစ်ပါတယ်။ ဒီရောဂါကို အစာအိမ်နှင့်အူလမ်းကြောင်းလူနာအတော်များများမှာ တွေ့ရှိရတတ်ပါတယ်။ အသက်အန္တရာယ်မရှိသော်လည်း နာတာရှည်ခံစားရသောကြောင့် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများဖြစ်လာနိုင်ပါတယ်။ ရောဂါကြောင့် စိတ်ရွှင်လန်းပျော်ရွှင်မှုများပျောက်ဆုံးကာ အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေးတွေမှာ အခက် အခဲပေါင်းစုံ ကြုံလာရနိုင်ပါတယ်။

**IBS ရောဂါ ဖြစ်ပွားမှုနှုန်း**

IBS ရောဂါဖြစ်ပွားမှုနှုန်းဟာ အနောက်နိုင်ငံတွေမှာ ပိုပြီးအဖြစ်များပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၂၂ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှာ ၂၀ ရာခိုင်နှုန်းခန့် အဖြစ်များကြောင်း တွေ့ရှိရပါတယ်။ မိမိတို့အရှေ့တိုင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၈ ဒသမ ၆ ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိကြောင်းတွေ့ရပါတယ်။ IBS ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးမှာ အဖြစ်များသော်လည်း လိုအပ်သောဆေးဝါးများနှင့် မတည့်သောအစားအစာများကို လုံးဝရှောင်ကြဉ်ပါက သက်သာပျောက်ကင်းစေနိုင်သော ရောဂါတစ်မျိုးပဲ ဖြစ်ပါတယ်။

**IBS ရောဂါ မည်မျှအဖြစ်များပါသလဲ**

IBS ရောဂါဖြစ်ပွားမှုနှုန်းမှာ အလွန်များပြားလှပါတယ်။ အစာအိမ်နှင့် အူလမ်းကြောင်းလူနာများရဲ့ ထက်ဝက်ခန့်နီးပါးဖြစ်ပွားကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒ့ါအပြင် ယောကျ်ား၊ မိန်းမ မရွေး ဖြစ်ပွားနိုင်ပါတယ်။ ဒါပေမယ့် အမျိုးသမီးများတွင် ဖြစ်ပွားမှုမှာ ပိုပြီးတော့ များပြားလှပါတယ်။ အသက်အရွယ်အားဖြင့် အသက် (၁၅) နှစ်မှ (၄၀) အတွင်းတွင် အဖြစ်များသော်လည်း အသက်အရွယ်မရွေး ဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့် IBS ရောဂါကို အထူးဂရုပြုရန် လိုအပ်လှပါတယ်။

**ရောဂါဖြစ်ရသည့် အကြောင်းရင်း**

အူလမ်းကြောင်းလှုပ်ရှားမှုမမှန်ဖြစ်ကာ အူလမ်းကြောင်းရှိ ကြွက်သားများ မကြာခဏညှစ်ခြင်း၊ အူလမ်းကြောင်းကြွက်သားများနဲ့ အာရုံကြောများ၏ ပုံမှန်ထက်ပိုပြီး တုံ့ပြန်မှုအားများခြင်း၊ အစားအစာဓာတ်မတည့်ခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ယနေ့အထိ အဓိကအကြောင်းရင်းကို မသိရသေးပါ။

မျိုးရိုးလိုက်တတ်သောရောဂါ မဟုတ်ပေမယ့် မိသားစုဝင်တစ်ဦးဖြစ်ရင် ကျန်တဲ့သူတွေပါ အလားတူ လက္ခဏာများ ခံစားရတတ်ပါတယ်။

**အဖြစ်များသောရောဂါလက္ခဏာများ**

အူလမ်းကြောင်းလှုပ်ရှားမှုမမှန်သော ရောဂါနှင့်ပတ်သက်ပြီး အဖြစ်များသော ရောဂါလက္ခဏာများမှာ ဗိုက်ရစ်ပြီးနာခြင်း၊ ဗိုက်တင်းခြင်း၊ ဗိုက်ကယ်ခြင်း၊ အစာစားပြီးပါက ရောဂါလက္ခဏာပိုဆိုးလာခြင်း၊ လေချဉ်တက်ခြင်း၊ လေမလည်ခြင်း၊ လေများခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းသွားလိုက်ဝမ်းချုပ်လိုက်ဖြစ်ခြင်း၊ ဝမ်းသွားလျှင် ချွဲပါခြင်း၊ ဝမ်းမာမာအတုံးလေးများသွားခြင်း၊ သာမန်ထက်ပိုပြီး ဝမ်းအနံ့မကောင်းခြင်း၊ ဝမ်းသွားရတာ အားမရခြင်း၊ ဝမ်းမကြာခဏ ညှစ်ရခြင်းများ တွေ့ရှိရပါတယ်။

အချို့လူနာတွေမှာ ရင်ပူခြင်း၊ ရင်ညွန့်တစ်ဝိုက်နာခြင်း၊ လေတက်ခြင်း၊ အစာမကြေဖြစ်ခြင်းတို့လည်း ဖြစ်နိုင်ပါတယ်။

**ရောဂါလက္ခဏာကို ပိုဆိုးစေသောအကြောင်းရင်းများ**

အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်ရှိ ရောဂါပိုးများကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ပိုးသတ်ဆေးစားခြင်း၊ မတည့်သောအစာကိုစားမိခြင်း၊ ဗိုက်ခွဲစိတ်ခြင်းတို့က ရောဂါကို ပိုမိုဆိုးရွားလာစေနိုင်ပါတယ်။

အစားများလွန်းခြင်း၊ အစားနည်းလွန်းခြင်း၊ အဆီအအိမ့်တွေ အစားများလွန်းခြင်း၊ အပူအစပ်များ အလွန်အကျွံစားသုံးခြင်းတို့ကလည်း ရောဂါကို ပိုဆိုးစေနိုင်ပါတယ်။

ဒ့ါအပြင် လိင်ဆက်ဆံမှုအဆင်မပြေဖြစ်ခြင်း၊ စိတ်အလိုမကျဖြစ်ခြင်း၊ အိမ်ထောင်ရေး၊ အိမ်တွင်းရေးအဆင်မပြေဖြစ်ခြင်း၊ အလုပ်အကိုင်နှင့် ပတ်ဝန်းကျင် အဆင်မပြေဖြစ်ခြင်းများကလည်း ရောဂါလက္ခဏာကို ပိုဆိုးစေနိုင်ပါတယ်။

**အရေးကြီးသော ရောဂါလက္ခဏာများ**

IBS ရောဂါဖြစ်နေသောသူများအနေနဲ့ အရေးကြီးတဲ့ရောဂါ လက္ခဏာတွေကို သိဖို့ရန်လည်း လိုအပ်ပါတယ်။ အဲဒါမှ အရေးပေါ်ပြုစုကုသမှုများကို အချိန်မီ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အရေးကြီးသောရောဂါလက္ခဏာများမှာ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ ဝမ်းသွား၍ သွေးပါခြင်းများဖြစ်ကြပါတယ်။ ဒ့ါအပြင် ဗိုက်တွင်အလုံးပေါ်ခြင်း၊ အဖျားရှိခြင်း၊ သိသိသာသာ ပိန်သွားခြင်းစသည်တို့ဖြစ်ရင် အထူးဂရုပြုရမှာ ဖြစ်ပါတယ်။

မိသားစုနဲ့ ဆွေမျိုးများထဲမှာ အူမကြီး၌ အကျိတ်၊ အဖု၊ ကင်ဆာ ဖြစ်ဖူးသူရှိခြင်း၊ အထက်ပါရောဂါလက္ခဏာများဟာ အသက် (၅၀) ကျော်မှစဖြစ်ခြင်း၊ ဖြစ်ပါက ပိုအရေးကြီးပြီး သေသေချာချာ စမ်းသပ်စစ်ဆေးရန် လိုအပ်ပါတယ်။

**စမ်းသပ်စစ်ဆေးခြင်း**

ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာရင် လိုအပ်သောစစ်ဆေးစမ်းသပ်မှုများကို ပြုလုပ်ကြရပါမယ်။

- သွေးစစ်ဆေးခြင်း (full blood count)
- သိုင်းရွိုက်ဟော်မုန်းဓာတ် စစ်ဆေးခြင်း (Thyroid Function Test )
- ESR
- အူလမ်းကြောင်းဆေးဓာတ်မှန်ရိုက်ခြင်း (Barium study)
- Celiac Antibody
- CRP (C-Reactive Protein)
- အူလမ်းကြောင်းမှန်ပြောင်းကြည့်ခြင်း (Colonoscopy)

**မည်ကဲ့သို့ ကုသရမည်နည်း**

IBS ၏ ရောဂါလက္ခဏာကို လှုံ့ဆော်သော အစားအစာများကို ရှောင်ခြင်း၊ အစားအစာ စားသုံးမှုပုံစံကို ပြုပြင်ခြင်း၊ မိမိနေထိုင်မှုအလေ့အကျင့်ကို ပြောင်းလဲလိုက်ခြင်းဖြင့် ရောဂါကို အတော်များများသက်သာစေပါတယ်။ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရမျှတအောင် စားသုံးခြင်းဟာ ထိရောက်တဲ့ ကုထုံးများဖြစ်ပါတယ်။

အမျှင်ဓာတ်ပါဝင်သော အစားအစာများကိုစားသုံးရင် ရောဂါဝေဒနာကို သက်သာစေနိုင်ပါတယ်။ ဒါပေမယ့် အချို့မှာ အမျှင်ဓာတ်များသော အစားအစာများကိုစားသုံးပါက ရောဂါဝေဒနာ ပိုမိုခံစားရသည်များလည်း ရှိပါတယ်။ အဆီဓာတ်များသောအစာများ၊ စပ်လွန်းသော အစာများ၊ မဆလာနှင့် ဟင်းခတ်အမွှေးအကြိုင်များကို မစားသုံးသင့်ပါ။ အစာကိုလည်း တစ်ကြိမ်တည်းများများစားခြင်းဟာ အစာကြေရန် ခက်ခဲတဲ့အတွက် အစာကို နည်းနည်းနှင့် မကြာခဏ အချိန်မှန်မှန် စားသုံးသင့်ပါတယ်။

**ရှောင်သင့်သော အစားအစာများ**

- နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊
- ပဲအမျိုးမျိုး(ဥပမာ- ပဲတောင့်ရှည်၊ ပဲနီလေး၊ ကုလားပဲ၊ ဗိုလ်စားပဲ)
- ဂျုံနှင့်ပြုလုပ်ထားသော အစားအစာများ(ဥပမာ-ခေါက်ဆွဲ၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ဒိုးနတ်၊ ဘီစကွတ်၊ ပလာတာ ၊ ပါစတာနှင့် ကောက်ပဲသီးနှံများ )
- ကြက်သွန်နီ၊ ကြက်သွန်ဖြူ
- ပျားရည်
- ပန်းသီး၊ သစ်တော်သီး
- အခွံမာသီး ( ဥပမာ - သစ်ကြားသီး၊ နှစ်တစ်ရာပဲသီး )
- မှို၊ ပန်းဂေါ်ဖီ
- ရေခဲမုန့်
- သရက်သီး၊ ဖရဲသီး၊ ထောပတ်သီး၊ စွန်ပလွံသီး၊ သလဲသီး၊
- ဇာဒံစေ့၊ ပိန်းဥ၊ ဆီးသီးခြောက်၊ လိုင်ချီးသီး၊ မာလကာသီး၊ သီဟိုဠ်စေ့၊
- ကြက်အူချောင်းကြော်၊ ဝက်အူချောင်းကြော်၊
- ဝီစကီ၊ ဝိုင်၊ ဘီယာ၊ လက်ဖက်ရည်၊
- Gas ပါသော အချိုရည်အမျိုးမျိုး၊

**အဓိကရှောင်ရန်**

- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂျုံဖြင့်လုပ်သော အစားအစာအမျိုးမျိုး၊
- ပဲအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊

မှတ်ချက်။ ။ ရှောင်ကြဉ်ရမယ်ဆိုပေမယ့် ရောဂါဝေဒနာခံစားနေရတဲ့အချိန်မှာ ရှောင်ရှားပြီး ရောဂါဝေဒနာသက်သာနေတဲ့အချိန်မှာတော့ ချင့်ချိန်ပြီး စားသုံးနိုင်ပါတယ်။

**စားသင့်သောအစားအစာများ**

- ထမင်း၊ အသားအမျိုးမျိုး၊ ငါးအမျိုးမျိုး၊
- ကောက်ညှင်း၊ ကောက်ညှင်းနှင့်လုပ်သော အစားအစာအမျိုးမျိုး၊
- ဆန်ဖြင့်ပြုလုပ်ထားသော အစားအစာ၊ ကွေကာအုပ်၊ ပြောင်းဖူး၊
- Lactose မပါဝင်သော ဒိန်ချဉ်၊
- ဆန်နှင့်လုပ်သော တို့ဟူး၊ ဥအမျိုးမျိုး၊
- ဂျုံးမြစ်၊ ကြက်သွန်မြိတ်၊ ချင်း၊ ငရုတ်သီး၊ လတ်ဆတ်သော အသီးအရွက်များ
- ရွှေဝါရောင်သကာ၊ မေပဲလ်သကာရည်၊ ယိုအမျိုးမျိုး( Fructose သကြားမပါသော)
- ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ အာလူး၊ ရွှေဖရုံသီး၊ ဟင်းနုနယ်
- ငှက်ပျောသီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီးနှင့် ချဉ်သောအသီးများ

မှတ်ချက်။ ။ ဒိန်ချဉ်သည် အချို့သော ရောဂါရှင်များအတွက် ရောဂါလက္ခဏာပိုဆိုးလာနိုင်သော်လည်း အချို့သော ရောဂါဝေဒနာရှင်များအတွက်မူ ရောဂါလက္ခဏာသက်သာစေပါတယ်။ ဒါကြောင့် ဒိန်ချဉ်ကို ချင့်ချိန်ပြီးတော့ စားသုံးသင့်ပါတယ်။

ဗိုက်နာပျောက်ဆေး (Anti-spasmotic) ဥပမာ-Doverin၊ ကြွက်သားပြေလျော့ဆေး (Muscle relaxant) ကိုလည်း လိုအပ်ရင် သောက်သုံးနိုင်ပါတယ်။ ဝမ်းချုပ်သူများအနေဖြင့် ဝမ်းပျော့ပျော့သွားစေသော ဆေးများ၊ ဝမ်းနုတ်ဆေးများ စားလျှင် သက်သာနိုင်ပါတယ်။ ဒါပေမယ့် ဝမ်းပျက်၊ ဝမ်းလျှောရင်တော့ ဝမ်းပိတ်ဆေးသောက်ဖို့ လိုအပ်ပါတယ်။ အိပ်မွေ့ချကုသခြင်းဟာ အချို့လူနာများကို သက်သာပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ ဒ့ါအပြင် စိတ်ဓာတ်မကျဘဲ အရာရာကို အကောင်းမြင်စိတ်ထားပါ။ စိတ်ညစ်စရာများကို မေ့ထားပါ။ ပျော်ပျော်နေပါ။ စိတ်ဖိစီးမှုဒဏ်ကို နည်းမျိုးစုံဖြင့် ရှောင်ကြဉ်ပါ။

**နောက်ဆုံးပေါ် ကုသနည်းများ**

- အူလမ်းကြောင်း အကျိုးပြုဆေးဝါးများ (Prebiotic and Probiotic)
- 5 HT3 Receptor Antagonist ( Alosetron )
- Rifaximin ပိုးသတ်ဆေးပေးခြင်း
- 5 HT4 Agonist ( Tegaserod )
- Chloride channel activator (Lubiprostone)
- Fecal Transplant (ကျင်ကြီး/ အစာဟောင်းအစားထိုးကုသခြင်း) ဖြင့်လည်း ထိရောက်စွာ ကုသနိုင်ပါတယ်။

**ရောဂါပျောက်ကင်းနိုင်သည့်အနေအထား**

IBS ရောဂါခံစားနေရသော လူနာတစ်ဝက်ခန့်မှာ ဆေး၊ အစားအသောက်တို့၏ ကူညီပံ့ပိုးမှုဖြင့် သက်သာစေနိုင်ပါတယ်။ လူနာသုံးပုံ တစ်ပုံခန့်မှာ တစ်နှစ်ခန့်အတွင်း လုံးဝသက်သာ ပျောက်ကင်းသွားစေနိုင်ပါတယ်။ ဒါပေမယ့် တစ်နှစ်ထက် ပို၍ဆေးစားရန် လိုအပ်သော လူနာများလည်း ရှိနိုင်ပါသေးတယ်။

**အကြံပြုချက်**

IBS ရောဂါဟာ ကင်ဆာရောဂါကဲ့သို့ ဆိုးရွားသောရောဂါမဟုတ်တဲ့အတွက် ကောင်းမွန်စွာကုသမှုခံယူရင် သက်သာပျောက်ကင်းစေနိုင်ပါတယ်။ လိုအပ်သောဆေးဝါးများ သောက်သုံးခြင်း၊ မတည့်သောအစားအစာများကို ရှောင်ကြဉ်ခြင်းများ ပြုလုပ်ပါက ပျောက်ကင်းနိုင်ပါတယ်။ IBS ကြောင့် သေဆုံးသော လူနာများလည်း ယခုအချိန်အထိ မရှိသေးပါ။ ဒါကြောင့် အဓိကအကျဆုံးမှာ စိတ်ရှည်ရှည်အချိန်ပေး၍ သမားတော်ညွှန်ကြားချက်အတိုင်း ရောဂါကို ကုသမှုခံယူကာ လောကကြီးတွင် ပျော်ပျော်ရွှင်ရွှင်နေထိုင်ရန်ပင် ဖြစ်ပါတော့တယ်။

**အမျှင်ဓာတ်ပါဝင်သော အစားအစာများကိုစားသုံးရင် ရောဂါဝေဒနာကို သက်သာစေနိုင်ပါတယ်။ ဒါပေမယ့် အချို့မှာအမျှင်ဓာတ်များသော အစားအစာများကိုစားသုံးပါက ရောဂါဝေဒနာ ပိုမိုခံစားရသည်များလည်း ရှိပါတယ်။ အဆီဓာတ်များသောအစာများ၊ စပ်လွန်းသောအစာများ၊ မဆလာနှင့် ဟင်းခတ်အမွှေးအကြိုင်များကို မစားသုံးသင့်ပါ။ အစာကိုလည်း တစ်ကြိမ်တည်းများများစားခြင်းဟာ အစာကြေရန် ခက်ခဲတဲ့အတွက် အစာကို နည်းနည်းနှင့် မကြာခဏ အချိန်မှန်မှန် စားသုံးသင့်ပါတယ်။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများ၊ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့် နည်းဥပဒေများ၏ မူရင်းဥပဒေနှင့် နည်းဥပဒေများစိစစ်ပြီးစီးမှုအခြေအနေများကို လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ မူရင်းဥပဒေနှင့် နည်းဥပဒေများစိစစ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် တင်ပြချက်ပါ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် International Convention on Oil Pollution Preparedness, Response and Cooperation (OPRC 1990 Convention) တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က ဆွေးနွေးခဲ့ကြသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်သည် သင်္ဘောများ၊ ကမ်းလွန်ပင်လယ်ပြင်တွင်ရှိသော အဆောက်အအုံများ၊ ပင်လယ်ဆိပ်ကမ်းများနှင့် ဆီများသယ်ယူတင်ပို့လုပ်ဆောင်သော အဆောက်အအုံများ၌ ဆီ(ရေနံ)ယိုဖိတ်မှုဖြစ်ပွားခဲ့လျှင် ချက်ချင်းတုံ့ပြန်ပူးပေါင်းဆောင်ရွက် အရေးယူနိုင်စွမ်းရှိစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်ပါကြောင်း၊ အဆိုပါကွန်ဗင်းရှင်းတွင် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ကမ်းရိုးတန်း၌ ဘင်္ဂလားပင်လယ်အော်၊ တနင်္သာရီကမ်းရိုးတန်း၌ အက်ဒမန်ပင်လယ်တို့ရှိပြီး အိန္ဒိယသမုဒ္ဒရာ၏ ပင်လယ်ကူးသင်္ဘောသွားကူးလမ်းနှင့် အဓိကလမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အတွက် အတည်ပြုဝင်ရောက်ရမည့် ကွန်ဗင်းရှင်းသည် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ စပ်ဆိုင်နေသည်ဟု ဆိုနိုင်ပါကြောင်း။

ထို့အပြင် ရေနံသန့်စင်ရေးလုပ်သည့် အလုပ်သမားများတွင် ကျန်းမာရေးဆိုးရွားစွာထိခိုက်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ၎င်းတို့ကို ထောက်ပံ့ငွေပေးရန်ကိုလည်း အစိုးရက တာဝန်ယူမည့်ကိစ္စဖြစ်လာပါကြောင်း၊ ခရီးသွားလုပ်ငန်းထိခိုက်ခြင်းတွင် ရေနံဖိတ်စဉ်ထားသော နေရာတစ်ဝိုက်တွင် ကမ္ဘာလှည့်ခရီးသွားများ ခရီးသွားခြင်းကို ရှောင်ကြဉ်ကြသကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်သည့် ကစားနည်းများ ပြုလုပ်မရသောကြောင့် ဒေသနေသူတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ပါကြောင်း၊ ကမ်းခြေခရီးသွားလုပ်ငန်းအနေဖြင့် ရေမျက်နှာပြင် သန့်စင်ပြီးချိန်အထိ ၎င်းတို့၏လုပ်ငန်းဆောင်တာများကို ရပ်ဆိုင်းရမည့်အတွက် ဝင်ငွေလျော့နည်းကာ စီးပွားရေးအကျပ်အတည်း ဖြစ်လာနိုင်ပါကြောင်း၊ ကွန်ဗင်းရှင်းတွင် အတည်ပြုဝင်ရောက်ပါက ပူးပေါင်းအဖြေရှာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်သင့်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းဝင်း

ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံဝင်ရောက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဥပဒေရေးရာတွင် အပြည်ပြည်ဆိုင်ရာစံများအတိုင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဥပဒေများ၊ ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာ ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိသည်ကို ပေါ်လွင်စေမည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းအရ သဘောတူညီချက်ဖြစ်သည့် လုပ်ဆောင်သူများမှ ပေးရမည်ဟူသည့် ယေဘုယျအခြေခံမူအရ ကွန်ဗင်းရှင်းသည် အလျော်အစားရှိသည့် ကွန်ဗင်းရှင်းဖြစ်ကြောင်း၊ ထိုသို့ အလျော်အစားရှိသည့် ကွန်ဗင်းရှင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ပြင် ဆီညစ်ညမ်းမှုကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်မှုများကို ထိန်းချုပ်သွားရမည်ဖြစ်သည့်အတွက် မိမိနိုင်ငံဆိပ်ကမ်းသို့ ရောက်ရှိကြသည့် ရေနံရောင်းဝယ်တင်ပို့နေသည့် ရေနံသင်္ဘောများ ဆီယိုဖိတ်မှု၊ ဆီညစ်ညမ်းမှုဖြစ်သည့်အခါ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် စီမံချက်များ ရှိ/ မရှိ ဆိုသည်ကို စစ်ဆေးရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံအတွင်း တူးဖော်နေသည့် ရေနံတွင်းတူးစင်များတွင် မြေအောက်မှထွက်လာမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ၏ လက်ဦးတွန်းကန်အားကို ထိန်းချုပ်ထားနိုင်မှုရှိ/ မရှိနှင့် ကြိုတင်တွက်ချက်ထားမှု ရှိ/ မရှိ၊ တွန်းကန်အားဖြစ်လာသည့်အခါ အဆိုပါ ဆီများကို ထိန်းချုပ်ဆောင်ရွက်နိုင်စွမ်းရှိ/ မရှိကို စစ်ဆေးရမည်ဖြစ်ကြောင်း၊ ရေနံ အဆောက်အအုံတစ်ခုကြောင့် ပင်လယ်ပြင်ညစ်ညမ်းလာလျှင် ရေကြောင်းပတ်ဝန်းကျင် ခြိမ်းခြောက်မှု၊ နိုင်ငံတစ်နိုင်ငံ၏ ကမ်းရိုးတန်းအကျိုးစီးပွားခြိမ်းခြောက်မှု၊ သက်ရှိသတ္တဝါများ အခြေတကျတည်ရှိနေမှုများကို ခြိမ်းခြောက်မှုနှင့် ခရီးသွားလုပ်ငန်းများကို ထိခိုက်စေမည့် ခြိမ်းခြောက်မှုစသည့် ခြိမ်းခြောက်မှုများစွာ ဖြစ်ပါကြောင်း။

ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်နိုင်ငံများတွင် ဆီယိုဖိတ်မှုတုံ့ပြန်ရန် စွမ်းဆောင်ရည်နှင့် သက်ဆိုင်ရာ အရင်းအမြစ်ပေါ်မူတည်၍ ဆီယိုဖိတ်မှုပျံ့နှံ့နိုင်သည့် နိုင်ငံများမှ ဆီယိုဖိတ်မှုအနည်းအများကို ဆုံးဖြတ်သဘောတူပြီး ဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်ကို လိုအပ်သည့်အကူအညီနှင့် ငွေကြေးကုန်ကျမှုများကို တောင်းခံရမည်ဖြစ်ကြောင်း၊ ဆီညစ်ညမ်းမှုကို ကိုင်တွယ်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်ပစ္စည်းနှင့် အထောက်အကူပစ္စည်းများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်ရှိသည့် ကုမ္ပဏီများကြောင့် ပင်လယ်ပြင် ဆီညစ်ညမ်းမှုဖြစ်သွားလျှင် လျော်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုန်းတွင်းနှင့် ကမ်းနီးကမ်းဝေးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေသည့် လုပ်ကွက်များတွင် မီးလောင်ပေါက်ကွဲမှုမဖြစ်စေရန် စနစ်တကျထိန်းချုပ်ကြပ်မတ်နိုင်သည့် ကတိစာချုပ်များ ချုပ်ဆိုပြီးမှသာ ရေနံတွင်းများ တူးဖော်ခွင့်နှင့် နေရာသတ်မှတ်ပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်း၏ ဥပဒေစည်းနှောင်မှုများ ရှိလာမည်ဖြစ်သည့်အတွက် ကွန်ဗင်းရှင်းသို့ အတည်ပြုဝင်ရောက်ခြင်းကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုပါ ကွန်ဗင်းရှင်းသို့ အတည်ပြုဝင်ရောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သည့်အစီအမံများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် International Convention on Oil Pollution Preparedness, Response and Cooperation (OPRC 1990 Convention) တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြင်ဆင်ချက်အပိုဒ်၊ အပိုဒ်ခွဲများကို ဇယားအမှတ်စဉ်အလိုက် အဆိုပြုတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်များ ရယူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

❖

❐ **စာမျက်နှာ ၅ မှ**

❐ စာမျက်နှာ ၅ မှ

ပြန်လည်အပ်နှံခဲ့သူ ၂၂ ဦး၊ ကျန်ကလေးငယ် ၄၀ တို့သည် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများဖြစ်၍ ၎င်းတို့အား ပြုစုပျိုးထောင်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မကွေးကလေးပြုစုရေးဌာနသို့နှစ်ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း (ရန်ကုန်)သို့ ၁၂ ဦး၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(မန္တလေး)သို့ ရှစ်ဦး၊ စစ်တွေကလေးပြုစုရေးဌာနသို့ ၁၈ ဦးတို့အား ဆက်လက်ပြုစုစောင့်ရှောက်နိုင်ရန် ပေးပို့ထားပါကြောင်း။

အဆိုပါ ကလေးငယ်များ၏ အသက်အရွယ်အလိုက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းပညာနှင့် အသက်မွေးပညာများကို သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါကလေးငယ်များသည် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများဖြစ်၍ ၎င်းတို့အား ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း။

ထို့အပြင် စစ်တွေခရိုင်တရားရုံး ပြစ်မှုကြီးအမှတ်(၆၁/ ၂၀၁၀)တွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ရခိုင်ရှေးဟောင်းငွေဒင်္ဂါး ၁၃ ပြားကို အမျိုးသားပြတိုက်(နေပြည်တော်)တွင် ခင်းကျင်းပြသရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂျပန်ဓားတစ်လက်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ)တွင် ဆက်လက်ထိန်းသိမ်းထားပါကြောင်း သက်သေခံအဖြစ် သိမ်းဆည်းရမိသည့် ရွှေနားဆွဲ တစ်ရန်နှင့် ရွှေဟန်းချိန်းတစ်ခု၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားသည့် နိုင်ငံခြားသုံးငွေစက္ကူများကို မြန်မာနိုင်ငံဗဟိုဘဏ်သို့ အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ သက်သေခံအဖြစ် သိမ်းဆည်းရမိသည့် မြေကွက်ငါးကွက်ကို မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်၍ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားခဲ့ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိဟ(ခ)မောင်တူး၏ မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင်ခွင့်ပြုချက် ရှိ /မရှိ ပြန်လည်စိစစ်စစ်ဆေးပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်ထုတ်လုပ်မှုလုပ်ငန်းသည် မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီ၌ အဓိကလုပ်ငန်းဆောင်ရွက်ရပြီး ခွင့်ပြုချက်မဲ့ထုတ်လုပ်မှုမရှိစေရေးအတွက် ပွင့်လင်းရာသီ၌ လိုင်စင်ထုတ်ပေးသည့်နေရာများတွင် သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ၊ တရားမဝင်ထုတ်လုပ်မှု ရှိ/ မရှိတို့ကို ကွင်းဆင်းစိစစ်ခြင်း၊ တရားမဝင်ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု မရှိစေရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ဌာနဆိုင်ရာများပါဝင်သော တားဆီးရေးကော်မတီများဖွဲ့စည်း၍ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင်ခွင့်ပြုချက် ရှိ/ မရှိ ရှောင်တခင်စစ်ဆေးဆောင်ရွက်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီသွေးစည်းညီညွတ်ရေးအစီအစဉ်အရဖွင့်လှစ်သည့် နပန်းနည်းပြသင်တန်း (အဆင့်-၁)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

အပြည်ပြည်ဆိုင်ရာအိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် နပမ်းနည်းပြ (အဆင့်-၁) သင်တန်းဆင်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးသိန်းထွန်းလတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာနပန်းအဖွဲ့ချုပ် WWF မှ နည်းစနစ်ကျွမ်းကျင်သူ ယူကရိန်းနိုင်ငံမှ Mr.Andrii Vorontsov နှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာနပန်းအဖွဲ့ချုပ် WWF မှလာရောက်သင်ကြားပေးသည့် နည်းစနစ်ကျွမ်းကျင်သူ ယူကရိန်းနိုင်ငံသား Mr.Andrii Vorontsov က သင်တန်းဆင်း အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က IOC/OS မှ ပေးပို့သော သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က လက်ခံရယူခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးသိန်းထွန်းလတ်မှ WWF မှ လာရောက် သင်ကြားပေးသည့် နည်းစနစ်ကျွမ်းကျင်သူ ယူကရိန်းနိုင်ငံသား Mr.Andrii Vorontsov အား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသွေးစည်းညီညွတ်ရေးအရ ဖွင့်လှစ်သည့် နပန်းနည်းပြသင်တန်း (အဆင့်-၁) သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၈ ဦးတို့ တက်ရောက်ပြီး စက်တင်ဘာ ၁၉ရက် မှ ၂၃ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

○

❒ ရှေ့ဖုံးမှ

အသင်းသားတောင်သူများ ထွက်ရှိသည့် စပါးကို ကာလပေါက်ဈေးဖြင့်ဝယ်ယူ၍ ကုန်ချောကြိတ်ခွဲထုတ်လုပ် ရောင်းချလျက်ရှိပါကြောင်း၊ အသင်းသားတောင်သူများ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကျွဲ၊ နွားများ ရောင်းဝယ်ဖလှယ်နိုင်ရန်အတွက် နွားပွဲဈေး ဖွင့်လှစ်ဆောင်ရွက်ထားရှိပါကြောင်း။

ထို့အတူ အသင်းဝင်တောင်သူများအား မျိုးကောင်းမျိုးသန့် စပါးမျိုးများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် မျိုးစေ့ထုတ်စိုက်ခင်းများ တည်ထောင်ဆောင်ရွက်လျက်ရှိသည့်အပြင် အသင်းသားတောင်သူများ၏ စိုက်ပျိုးမွေးမြူရေး အသိပညာများ တိုးတက်မြင့်မားလာရေးအတွက် ဟောပြောဆွေးနွေးဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက SRI စနစ်ဖြင့် စပါးစိုက်ပျိုးခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းခြင်း၊ ရေလိုအပ်ချက်နည်းပါးခြင်း၊ မြေဩဇာသုံးစွဲမှု သက်သာခြင်း၊ စပါးသက် ၁၀ ရက်အချိန်တိုသည့်အတွက် သီးထပ်စိုက်ပျိုးရန် အချိန်ပိုမိုရရှိခြင်း၊ အရည်အသွေးမြင့်စပါးရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း။

တောင်သူလယ်သမားများအတွက် မျိုးကောင်းမျိုးသန့်စပါးများ ပွားများထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဌာနပိုင်ခြံ ၃၉ ခြံမှ နှစ်စဉ် စပါးမျိုးသန့် ၁ ဒသမ ၂သန်းခန့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခုနှစ်တွင် မျိုးစေ့ထုတ်လုပ်သူများ အသင်းဖွဲ့စည်း၍ ၁၁၀၂၂ ဧက စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေးနှင့် မျိုးစေ့ထုတ်လုပ်မှုအဆင့်ဆင့် စနစ်တကျရှိရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာပြန့်ပွားရေးအတွက်လည်း မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ခေတ်မီစိုက်နည်းစနစ်ပြန့်ပွားရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးရေး၊ အစားအစာလုံခြုံစိတ်ချရရေး၊ တောင်သူများအတွက် အကျိုးအမြတ်ရှိစေသည့် သီးနှံများစိုက်ပျိုးရေး၊ ပြောင်းလဲနေသည့် ရာသီဥတုနှင့်အညီ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရေးတို့ကို ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏စားနပ်ရိက္ခာဖူလုံစေပြီး ပိုလျှံမှုအား နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြသည်။

စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က လယ်ယာလုပ်ငန်းခွင်တွင် တစ်နေ့တခြား ကျွဲ၊ နွားနှင့် လုပ်သားအင်အား ရှားပါးခက်ခဲလာမှု၊ ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်မှုများကြောင့် လုပ်သားအင်အားနေရာတွင် စက်အင်အား အစားထိုးသုံးစွဲကြရန်၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် မြေမြန်မြန်ပြုပြင်၊ မြန်မြန်စိုက်ပျိုးပြီး အချိန်မီရိတ်သိမ်းနိုင်ရန်၊ မိမိတို့ရေမြေသဘာဝနှင့် ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများ အစားထိုးသုံးစွဲပြီး စက်မှုလယ်ယာစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်လာပါကြောင်း၊ လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ၌ ထွန်စက်ကြီး အစီး ၂၅၀၀၀၊ လက်ကျန်လယ်ထွန်စက်အစီး ၄၁၀၀၀၀ ကျော်၊ Combine Harvester အစီး ၃၂၀၀ တိုးတက်သုံးစွဲမှုရှိလာပါကြောင်း ရှင်းလင်းတင်ပြသည်။

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက သမဝါယမ အသင်းသား တောင်သူလယ်သမားများကို ချေးငွေများထုတ်ချေးသည့်စနစ်သည် အသင်းသားတစ်ဦးကို ကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးပြီး အမှုဆောင်အဖွဲ့နှင့် အသင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ချေးငွေများသတ်မှတ်ကာလအလိုက် ပြန်လည်ပေးဆပ်မှု၊ လုပ်ငန်းများ အမှန်တကယ်သုံးစွဲမှုတို့ကို စိစစ်ပြီး ချေးငွေကို ကျပ်တစ်သိန်းမှ နှစ်သိန်း၊ သုံးသိန်း စသည်ဖြင့် တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါကြောင်း။

သမဝါယမအသင်းသား တောင်သူလယ်သမားများသို့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးမှုအနေဖြင့် ငွေကျပ် ၁၂၅ ဒသမ ၈၁၈ ဘီလီယံတန်ဖိုးရှိ လက်တွန်းထွန်စက်၊ ထွန်စက်၊ ရေစုပ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ မြက်ရိတ်စက်၊ မျိုးစေ့ချစက်၊ မြေမွှစက်၊ ထွန်နှင့် ထယ်စသည့် လယ်ယာသုံးစက်ကိရိယာ စုစုပေါင်း ၂၁၆၀၉ စီးကို ရောင်းချပေးခဲ့ပြီး ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်ငွေများဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပထမတန်းစား လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်လလျှင် ကျပ် ၁၂ သိန်းနှုန်းဖြင့် ချေးငွေကာလ ငါးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဒုတိယတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်ဧကလျှင် ကျပ် နှစ်သိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့် လည်းကောင်း၊ တတိယတန်းစား လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာနအနေဖြင့် တောင်သူပညာပေးလုပ်ငန်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်သုံးစွဲရေးလုပ်ငန်းများနှင့် ယနေ့အချိန်တွင် ကြုံတွေ့နေရသည့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီး၏ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လယ်ယာသုံးစက်ကိရိယာများအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတက ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကို ထိုးထွင်းဉာဏ်နှင့် တီထွင်ကြံဆမှုကို အခြေခံဆောင်ရွက်ပါက အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ မျိုးဆက်တစ်ခုတိုးတက်ရန်အတွက် တီထွင်ကြံဆမှုနှင့် ဖွဲ့လုံ့လဝီရိယ စိုက်ထုတ်ရန် လိုအပ်ပါကြောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ရေရှည်တွက်ချက်၍ ဝန်ဆောင်မှုပေးပြီး ထိန်းသိမ်းမှုအပိုင်းများကိုလည်း တာဝန်ယူကြရန် လိုအပ်ကြောင်း။

သမဝါယမအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ဝမ်းကွဲပြားမှုမရှိဘဲ စည်းစည်းလုံးလုံးဖြင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဒေသခံတောင်သူ ဦးသန်းမြင့်၏ မိုးစပါးမျိုးစေ့ထုတ် SRI စိုက်နည်းစနစ် စံပြစိုက်ခင်းများနှင့် ပြသထားသည့် လယ်ယာသုံး စက်ကိရိယာများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

တောင်သူ ဦးသန်းမြင့်သည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆုရရှိထားသူတစ်ဦးဖြစ်သည်။ နည်းပညာများနှင့် စိုက်နည်းစနစ်များကို စနစ်တကျ လေ့လာလိုက်စားသူတစ်ဦးဖြစ်သည့်အပြင် ကိုယ်တိုင်လည်း အထူးလိုက်နာ စိုက်ပျိုးသူတစ်ဦးဖြစ်သည်။ ၎င်းပိုင်ဆိုင်သည့် လယ်မြေဧက ၂၀၀ တွင် ဆင်းသုခဧက ၄၀ နှင့် မနောသုခ ဧက ၂၀ တို့ကို SRI စနစ်ဖြင့် စိုက်ပျိုးထားရှိပြီး မနောသုခဧက ၅၀၊ ပြည်တော်ရင် ၁၀ ဧကနှင့် ရက်ကိုးဆယ်စပါးဧက ၆၀ တို့ကို အခြားနည်းများဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

**(သတင်းစဉ်)**

■



# တပ်ကုန်းမြို့နယ်၌ အသက် (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅)နှစ်အောက် ရပ်ကွက်/ကျေးရွာ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တပ်ကုန်းမြို့နယ်မှ တပ်ကုန်းမြို့နယ်ကိုယ်စားပြုပြီး မြန်မာ့လက်ရွေးစင်အဆင့်၊ တိုင်းဒေသကြီးလက်ရွေးစင်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်တို့တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည့် လက်ရွေးစင်ကစားသမားဟောင်းကြီးများကို တစ်ဦးချင်း မိတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းဖြစ်သည့် ချစ်မင်းစိုးကဦးဆောင်ကာ ပြိုင်ပွဲဝင်အသင်းသားများနှင့်အတူ ဂါရဝပြုခဲ့ကြောင်း သိရသည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မြဝတီလူငယ်ဘောလုံးအသင်းနှင့် ထန်းတောကြီးလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဘို(ကြေးမုံ)**

## ပြည်တွင်းရေးရာ

### သတင်းထောက်ချုပ်မှ



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းထောက်ချုပ် ဦးဆွေဝင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတင်းထောက်ချုပ် ဦးဆွေဝင်း၏ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှု၊ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ခဲ့မှုတို့ကို လူမှုရေးအသိစိတ်ဓာတ်မြင့်မားသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာမက စုံစမ်းထောက်လှမ်းခြင်း သတင်းအတတ်ပညာကို ထိရောက်စွာ အသုံးပြုနိုင်ခဲ့သော သတင်းသမားတစ်ဦးအနေဖြင့်ပါ လှိုက်လှဲစွာချီးကျူးလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းထောက်ချုပ် ဦးဆွေဝင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ချီးမြှင့်ရာ သတင်းထောက်ချုပ် ဦးဆွေဝင်းက လက်ခံရယူပြီး သတင်းစာဆရာတစ်ဦး၊ နိုင်ငံသားတစ်ဦးထက် လူသားတစ်ဦးအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုဂုဏ်ပြုမှတ်တမ်းလွှာသည် အစိုးရသစ်အနေဖြင့် တရားမျှတမှုကို မြတ်နိုးပြီး မတရားမှုကို ရွံရှာစက်ဆုပ်သော အစိုးရ၊ ဥပဒေစိုးမိုးရေးနှင့် ဥပဒေမဏ္ဍိုင်ကို ခိုင်ခံ့အောင် အမှန်တကယ်ဆောင်ရွက်ချင်သည့် ဆန္ဒများရှိသည်ကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆပါကြောင်း။

ယခုအဖြစ်အပျက်တွင် သတင်းမီဒီယာအနေဖြင့် အောင်မြင်သည့်အချက်မှာ တံခါးပိတ်အစည်းအဝေးတစ်ခုကို တက်ရောက်သတင်းရယူခွင့်၊ မှတ်တမ်းရယူခွင့်များကြောင့် ဖြစ်စဉ်တစ်ခုလုံးကို နားလည်နိုင်သည်သာမက ပြည့်စုံသည့် သတင်းအချက်အလက်များ ရရှိသည့်အတွက် ယခုကဲ့သို့ဖော်ထုတ်နိုင်ခြင်းဖြစ်ပါကြောင်း။

မီဒီယာပိုင်းနှင့်ပတ်သက်ပြီး အစိုးရသစ်က သတင်းစာလွတ်လပ်ခွင့်ကို ပိုပြီးလုပ်ဆောင်နေသည်ကို ယုံကြည်ပါကြောင်း၊ ယခင်ကထက် မိမိတို့ သတင်းအချက်အလက်ရရှိမှု ပိုပြီးလွယ်ကူလာပါကြောင်း၊ မိမိတို့သတင်းမီဒီယာများသည် ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ထုတ်ပြန်ချက်၊ ပြောဆိုချက်တစ်ခုတည်းဖြင့် မလုံလောက်ဘူးဆိုသည်ကို ယခုအဖြစ်ပျက်က ဖော်ပြနေပါကြောင်း၊ မိမိတို့ လိုအပ်သည်မှာ မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်သုံးသပ်နိုင်မည့်အခြေအနေမျိုးဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ သတင်းဌာနများကို အချက်အလက်ပေးရန်၊ ပိုပြီးလေ့လာခွင့်ပေးရန်၊ မိမိတို့နည်းဖြင့် မိမိတို့ သုံးသပ်ခွင့်၊ လေ့လာခွင့်၊ ဆန်းစစ်ခွင့်များရရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရှေ့လျှောက်လုပ်မည့် အရေးကြီးသည့်ကိစ္စရပ်များ မြစ်ဆုံကိစ္စရပ်အပါအဝင် ဘာကိစ္စရပ်ပဲဖြစ်ဖြစ် မိမိတို့ကို ပြီးတော့မှ သတင်းစာရှင်းလင်းပွဲလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ခြင်းထက် ပိုပြီးလေ့လာနိုင်အောင် မိမိတို့ကိုပိုပြီး ထဲထဲဝင်ဝင် လေ့လာခွင့်ပေးစေလိုပါကြောင်း။

ထို့ပြင် ပြင်ဆင်ထားပြီး ထုပ်ပိုးထားသည့် သတင်းအချက်အလက်များထက် မူရင်းသတင်းအချက်အလက်များ ပိုလိုအပ်ပါကြောင်း၊ တစ်ခုခုမှနေပြီး ထုတ်ပြန်ချက် စကားလုံး ၂၀၀ လောက်ဖြင့်ပေးသည်ကို မိမိတို့ ပြန်လည်သုံးသပ်ခွင့်မရှိပါကြောင်း၊ ပြီးတော့ အချက်အလက်များအားလုံးကို အပြည့်အစုံမပေးဘဲ ကိုယ်ပြောချင်သည့် အပိုင်းများကို သာပြောခြင်း၊ ထိုပြောဆိုချက်များမှာ မည်မျှမှန်ကန်သလဲဆိုပြီး သုံးသပ်နိုင်သည့် အနေအထားမရှိသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် အစည်းအဝေးများကို တက်ခွင့်မရသည့်တိုင် အစည်းအဝေး မှတ်တမ်းအပြည့်အစုံလိုအပ်ပါကြောင်း၊ နိုင်ငံတကာတွင် လုပ်သကဲ့သို့ တချို့ကိစ္စရပ်များမှာ ချက်ချင်းမထုတ်ပြန်နိုင်သည်များ ရှိပါကြောင်း၊ အခြေအနေအကြောင်းကြောင်းကြောင့် မိမိတို့ကိုအချိန်ကာလတစ်ခုကန့်သတ်ပေးပြီး နှစ်လကြာမလား၊ သုံးလကြာမလား ကန့်သတ်ပေးပြီး အချိန်ကာလတစ်ခုတွင် သတင်းရယူခွင့် မိမိတို့ကို ပေးစေလိုပါကြောင်း ပြောကြားသည်။

မိမိကို ယခုကဲ့သို့ ဂုဏ်ပြုခြင်းကို ကျေနပ်ပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း၊ သို့သော် အဖြစ်အပျက်တစ်ခုအောင်မြင်ရန် လူတစ်ဦးတစ်ယောက်တည်း ကြိုးစားရုံဖြင့် မရပါကြောင်း၊ အမည်မဖော်ပြနိုင်သည့် သူရဲကောင်းများလည်းရှိပါကြောင်း၊ ပထမတွင် ကလေးများကို သွားတွေ့ရန် အကူအညီတောင်းခဲ့သော်လည်း အဆက်အသွယ်မရခဲ့ပါကြောင်း၊ ကော်မရှင်မှ ပြောကြားမှုများ၊ ရဲတပ်ဖွဲ့မှ ပြောကြားမှုများ၊ မိဘ၏ပြောကြားမှုများထက် ကိုယ်တိုင်ကိုယ်ကျ ဆန်းစစ်ချင်ခဲ့ပါကြောင်း၊ ကော်မရှင်နှင့် နှစ်ဖက်မိဘများတွေ့ဆုံသည့်နေ့တွင် တက်ရောက်လာခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူး ကိုယ်တိုင် ထိုနေ့က ဆုံးဖြတ်သွားမှုကို ကျေနပ်အားရမှုမရှိသည့်အတွက် ကလေးများနှင့် တွေ့ရန် စီစဉ်ပေးခဲ့ပါကြောင်း၊ အင်းဝအုပ်ချုပ်ဆိုင်ပိုင်ရှင်များက မလာရန်အတွက် အုပ်ချုပ်ရေးမှူးကို ဖိအားပေးခဲ့ပါကြောင်း၊ ငွေကြေးဖြင့် ညှိနှိုင်းရန် ကြိုးစားခဲ့ပါကြောင်း၊ မိမိကိုလည်း ခြိမ်းခြောက်ခဲ့ပါကြောင်း၊ ထိုအချက်များအားလုံးကို ကျော်ဖြတ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက မိမိကိုကူညီခဲ့ပါကြောင်း၊ သူ၏သတ္တိကို ချီးကျူးချင်ပါကြောင်း၊ ၎င်းမှာ ရှာဘွားကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးမျိုးမြင့်မောင်ဖြစ်ပါကြောင်း။

နောက်တစ်ယောက်ချီးကျူးချင်သည်မှာ ရဲတပ်ဖွဲ့တွင် ပါဝင်ပတ်သက်သည့် ရဲအရာရှိဖြစ်ပါကြောင်း၊ ကနဦး မိမိ၏ တိုင်ကြားချက်ကို အကြောင်းအမျိုးမျိုးကြောင့် အချိတ်အဆက်လွဲသဖြင့် မလုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ထဲထဲဝင်ဝင် ကြိုးကြိုးစားစားဖြင့် လုပ်ဆောင်ခဲ့သည့် ရဲအရာရှိတစ်ယောက်ကို နာမည်ထုတ်ဖော်ပြောကြားချင်ပါကြောင်း၊ ၎င်းမှာ ကျောက်တံတားမြို့နယ် ရဲစခန်းမှ အမှုစစ်အရာရှိ ရဲအုပ်ဇော်ဝင်းနိုင် ဖြစ်ပါကြောင်း၊ ၎င်းသည် ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ထဲထဲဝင်ဝင် အသိဆုံးပုဂ္ဂိုလ်ဟု မိမိယူဆပါကြောင်း၊ ၎င်းကို ဒီနေရာမှနေပြီး ကျေးဇူးတင်သည်ဟု ပြောလိုပါကြောင်း။

ယခုဖြစ်စဉ်ကဲ့သို့ ဖြစ်ပေါ်လာမှ မီဒီယာက သတင်းရေး၊ အစိုးရမှ ဖြေရှင်းပေးသည်ဆိုတာထက် အလားတူဖြစ်စဉ်များမပေါ်ပေါက်အောင် ဘယ်လိုကြိုတင်ကာကွယ်ရမလဲဟု စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ရန်ကုန်တစ်မြို့လုံးတွင် နှိပ်စက်ခံနေရသည့် အိမ်အကူ မည်မျှရှိနေမလဲဆိုတာ မိမိတို့ မသိနိုင်ပါကြောင်း၊ မိမိအနေဖြင့် အကြံပြုချင်လိုသည်မှာ အသက်အရွယ်မပြည့်သေးသည့်ကလေးများ၊ ကလေးလုပ်သားများနှင့် ပတ်သက်ပြီး ဖြေရှင်းရန် အင်မတန်ခက်ခဲသည်ကို မိမိနားလည်ပါကြောင်း၊ သို့သော် အများပြည်သူ မြင်ကွင်းတွင်မရှိဘဲ ချောင်ပိတ်သည့်နေရာတွင် လုပ်ကိုင်နေရသည့် အသက်မပြည့်သေးသော ကလေးများကို ဥပဒေအရကူညီပေးပါဟု အစိုးရကို ဒီနေရာမှ တင်ပြချင်ပါကြောင်း။

ထို့ပြင်အသက်ပြည့်ပြီး အိမ်အကူများသည်လည်း အန္တရာယ်များ ကျရောက်နိုင်ပါကြောင်း၊ ကျေးရွာများမှ မြေယာဆုံးရှုံးလို့၊ ရာသီဥတုဖောက်ပြန်လို့ မြို့ကြီးကို အလုံးအရင်းဖြင့် လာခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုဖြစ်စဉ်တစ်ခုလောက် ဖြေရှင်းရုံဖြင့် ပြီးသွားမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် အိမ်အကူများနှင့်ပတ်သက်ပြီး အားလုံးကို Register လုပ်ရမည်ဖြစ်ပါကြောင်း၊ အိမ်အကူ ပွဲစားများအားလုံးကို မှတ်ပုံတင်ရမည်ဖြစ်ပါကြောင်း၊ အိမ်ရှင်အားလုံးလက်ခံပါက သက်ဆိုင်ရာရဲစခန်းများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများက မှတ်ပုံတင်လုပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းကို ယခုထက်ပိုပြီးစစ်ဆေးနိုင်သည့် ကောင်းမွန်သော ယန္တရားများ တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ထိထိရောက်ရောက် ဥပဒေကြောင်းအရ ပြည့်ပြည့်ဝဝအရေးယူပေးစေလိုပါကြောင်း၊ လတ်တလောသွေးဆူပြီး နောက်ပိုင်း ငြိမ်ကျသွားတာမျိုး မဟုတ်ဘဲ ဥပဒေလမ်းကြောင်းတွင် လျင်လျင်မြန်မြန် လုပ်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေလမ်းကြောင်း မလျင်မြန်လျှင် ခံရတာတွေအများကြီးရှိပါကြောင်း၊ ထိရောက်ရမည်၊ လျင်မြန်ရမည်၊ တိကျရမည်ဖြစ်ပါကြောင်း၊ စွပ်စွဲခံရသူရောကျူးလွန်သူ နှစ်ဖက်လုံးက တရားဥပဒေ၏ စီရင်ခြင်းကို ထိထိရောက်ရောက်ရရှိအောင်လုပ်ပေးပါဟု အစိုးရကို မိမိတင်ပြချင်ပါကြောင်း ဦးဆွေဝင်းက ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာတွင် Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းသည် မိမိ၏လုံခြုံရေးနှင့် ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ လူသားချင်းစာနာထောက်ထားမှုကို ရှေးရှု၍ လူမှုအကျိုးပြုကိစ္စရပ်အား စွန့်စားဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်သမ္မတက အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ဦးဆွေဝင်းကဲ့သို့ မှန်ကန်သည့်ဘက်မှ ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ စွန့်စားဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များ နိုင်ငံအတွင်း ပေါ်ထွက်လာမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

### ကျောဖုံးမှ

နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သို့သော် မြန်မာယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲကို ကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ဘဲ မြန်မာ့လက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည့် ကစားသမားများပါဝင်မည်မဟုတ်ပေ။

မြန်မာယူ-၂၂ အသင်းသည် ၂၀၁၇ ခုနှစ်အတွင်း၌ ပြင်ဆင်မှုများစွာပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ကစားမည့်အပြင် ပြည်ပခြေစမ်းခရီးစဉ်များလည်း သွားရောက်မည်ဖြစ်သည်။ ထို့ပြင် KBZ Bank ၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့်ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကိုလည်း ဆီးဂိမ်းပြိုင်ပွဲမတိုင်မီကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို အရည်အချင်းပြည့်ဝသည့် နည်းပြ၊ ကစားသမားကောင်းများဖြင့် ဖွဲ့စည်းမည်ဖြစ်ရာ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းလျက်ရှိသည်။

**(ရှိုင်းထက်ဇော်)**

## မြစိမ်းရောင်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို စက်တင်ဘာ ၂၃**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းတို့သည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးနှင့်အတူ စက်တင်ဘာ ၂၀ ရက်က ကျိုက်ထိုမြို့နယ် ကွန်းတောကျေးရွာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကျိုက်ထိုမြို့နယ်ရှိ မြစိမ်းရောင်လုပ်ငန်းများနှင့် ဘီးလင်းမြို့နယ် ကျေးလက်ဦးစီးဌာနရုံးဆောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မူခင်းကျဆင်းရေး အသိပညာပေးရွှေ့လျားစာကြည့်တိုက်ယာဉ်ဖွင့်လှစ်

**ပုသိမ် စက်တင်ဘာ ၂၃**



ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်တို့ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့ဘဝလုံခြုံရေးအတွက် မှုခင်းကျဆင်းရေး အသိပညာပေး ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပြည်သူတို့ထံအရောက် စိတ်ဝင်စားဖွယ် ဝတ္ထု၊ ကာတွန်း၊ ရုပ်ပြ၊ ပန်းချီ၊ ဓာတ်ပုံ၊ ဂျာနယ် စုံလင်စွာ လေ့လာဖတ်ရှုနိုင်စေရန် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖွင့်ပွဲကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းနှင့် ဦးအောင်သူရထွေးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါမှုခင်းကျဆင်းရေး အသိပညာပေးရွှေ့လျားစာကြည့်တိုက်ကို ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများလေ့လာဖတ်ရှုနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပုသိမ်မြို့ပေါ်ရှိ ကမ်းနားလမ်းရှုခင်းသာရင်ပြင်၊ ရေပေါ်ဈေး၊ ငဝန်ကြိုးတံတား၊ ရွှေဝတ်မှုံအပိုင်း၊ တကောင်းဘုရားအပိုင်း နေရာများတွင် စက်တင်ဘာ ၃၀ ရက်အထိ နေ့စဉ်အလှည့်ကျ ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးဆိုင်ရာသိကောင်းစရာများကို မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးမြင့်အောင်က လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာ အမျိုးသမီးများ အကြမ်းဖက်ခံရမှု ခုခံကာကွယ်ခွင့် ဥပဒေဆိုင်ရာကို အမှတ်-၇ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စုမှူး ရဲမှူး ခင်ခင်စိုးက လည်းကောင်း၊ လောင်းကစားမှုနှင့် တရားမဝင်ချဲ/နှစ်လုံးထီဆိုင်ရာနှင့်ပတ်သက်၍ တိုင်းရဲတပ်ဖွဲ့မှူးရုံး ဦးစီး/ရေး/ ထောက် ရဲမှူး မျိုးမြင့်အောင်က လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေဆိုင်ရာများကို အမှတ်-၁၃ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ရဲမှူးစောဝင်းက လည်းကောင်း အသီးသီးပညာပေးဟောပြောခြင်းများကို ခရီးသွားပြည်သူများ စိတ်ဝင်စားစွာ လေ့လာလျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် တရုတ်နိုင်ငံသို့ ကြွရောက်

**ရန်ကုန် စက်တင်ဘာ ၂၃**



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် အဖွဲ့ဝင်ဆရာတော်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တာလေမြို့ Changsheng ဘုရားကျောင်း ဆရာတော် Mr. CHONG HIJA ၏ဖိတ်ကြားချက်အရ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ကြွရောက်သွားကြောင်း သိရသည်။

အဖွဲ့ဝင် ဆရာတော်များအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရတို့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အခြေစိုက် မင်္ဂလာမဂ္ဂဇင်းတိုက် ရန်ကုန်ရုံးခွဲမှ ဒေါ်ကြည်လင်း (ခေါ်) MENG FEI (မြန်မာမင်္ဂလာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့)တို့ လိုက်ပါသွားကြသည်။

ဆရာတော်ကြီးများသည် တာလေမြို့နယ်၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် လေးကြိမ်မြောက် Changsheng Buddha Forum သို့ တက်ရောက်ပြီး စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | တနိုင်း၊ မိုးကောင်း |
| ၃။ | ကယားပြည်နယ် | မယ်စဲ့၊ ဖားဆောင်း၊ ဘော်လခဲ |
| ၄။ | ကရင်ပြည်နယ် | နသူး |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ပုလဲ၊ တန့်ဆည် |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | မြိုင်၊ ပေါက်၊ ငဖဲ၊ အောင်လံ၊ မင်းတပ်၊ မတူပီ၊ တောင်တွင်းကြီး |
| ၈။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ မလှိုင် |
| ၉။ | မွန်ပြည်နယ် | ရေး၊ ကျိုက်ထို |
| ၁၀။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ်၊ ဂွ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ |
| ၁၂။ | ရှမ်းပြည်နယ် | ဖယ်ခုံ၊ ကွန်ဟိန်း၊ နမ့်စန်၊ မိုင်းခတ်၊ မိုင်းယန်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ရေကြည်၊ ပန်းတနော်၊ ဒေးဒရဲ၊ လေးမျက်နှာ |

# စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ တို့ပူးပေါင်း၍ စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းများတွင် ထိရောက်စွာအကျိုးပြုနိုင်မည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)တို့ ပူးပေါင်း၍ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများတွင် ထိရောက်စွာအကျိုးပြုနိုင်မည့် Resource Efficient and Cleaner Production (RECP) စီမံကိန်းကိုမြန်မာနိုင်ငံတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများတွင် စွမ်းအင်အရင်းအမြစ်များ (ကုန်ကြမ်းများ၊ ရေအရင်းအမြစ်နှင့် လျှပ်စစ်သုံးစွဲမှု)ကို ထိရောက်စွာအသုံးပြုခြင်းအားဖြင့် ကုန်ထုတ်စွမ်းအားနှင့် အကျိုးအမြတ်များ တိုးတက်စေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ လျှော့ချနိုင်ခြင်း ( စက်မှုလက်မှုလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများ၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုများနှင့် လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်ခြင်း)တို့ကို ISO 140001၊ ISO 50001 နည်းစနစ်များနှင့်အညီ အောင်မြင်မှုရရှိစေရန် ရည်ရွယ်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)မှ သိရသည်။

အဆိုပါစီမံကိန်း အစီအစဉ်အရ နောင်လာမည့် ကာလများအတွင်း National Cleaner Production Center (NCPC) ကို တည်ထောင်၍ RECP ဆိုင်ရာနည်းပညာများကို သင်ကြားပေးခြင်း၊ နယ်ပယ်အသီးသီးရှိ စက်ရုံ၊ အလုပ်ရုံများကို နည်းပညာ အကူအညီများပေးရန် အစီအစဉ်များကြောင်း သိရသည်။

Resource Efficient and Cleaner Production (RECP) စီမံကိန်းကို မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆွစ်ဇာလန်နိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိရှိကြောင်း သိရသည်။

ယင်းအစီအစဉ်ဖြင့် နယ်ပယ်အသီးသီးရှိ စက်ရုံ၊ အလုပ်ရုံများကို နည်းပညာအကူအညီများ ပေးရန်နှင့် ပတ်သက်၍ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးအဖွဲ့ (UNIDO) သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်တို့နှင့် ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး စတုတ္ထထပ်၌ နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိ နှစ်ရက်တာ RECP နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် Gasifiers များနှင့် ပက်သက်သော နည်းပညာများကို ရှင်းလင်းတင်ပြခြင်း၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်း အကြောင်းရှင်းလင်းတင်ပြခြင်းနှင့် Resource Efficient and Cleaner Production (RECP) နည်းပညာများကို ဆန်စက်များတွင် လက်တွေ့အကောင်အထည်ဖော်ရန် ဆွေးနွေးခြင်းစသည့် နည်းပညာများအကြောင်း ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။ တက်ရောက်နိုင်သူများမှာ ဆန်စက်ရုံမန်နေဂျာများ၊ အင်ဂျင်နီယာများ၊ ISO သို့မဟုတ် Good Manufacturing Practice (GMP) process ဆိုင်ရာလုပ်ငန်းများနှင့် လုပ်ဆောင်နေသူများတို့ဖြစ်ပြီး အဆိုပါသင်တန်းသည် နှစ်ရက်သင်တန်းဖြစ်၍ အချိန်ပြည့် တက်ရောက်နိုင်သူများသာ စာရင်းပေးသွင်းရန်လိုအပ်မည်ဟု သိရသည်။ ယင်းသင်တန်းကို ဆန်စက်လုပ်ငန်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်များမှ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်ရန်အတွက် စိတ်ဝင်စားသည့် စက်ရုံမန်နေဂျာများ၊ အင်ဂျင်နီယာများသည် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထား၍ ဦးသိန်းဇော်ဖြိုး ဖုန်း ၀၉-၂၆၃၃၃၈၁၂၅၊ Email: t.phyoe@unido.org နှင့် ဒေါ်စန္ဒာမျိုး ဖုန်း ၀၉-၄၅၀၆၂၂၈၅၂ Email: s.myo@unido.org တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)မှ သိရသည်။

**(ဆုနှင်းလဲ့)**

# ကျောင်းသားများအား ရှေးဦးပြုစုခြင်း အတတ်ပညာသင်ကြား

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများကို မြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အတတ်ပညာသင်တန်းကို ယင်းမြို့နယ်ရှိ အမက (၁၆) အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းကို တက်တဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ မတော်တဆထိခိုက်ဒဏ်ရာရတဲ့သူတွေကို ဘယ်လိုကူညီရမလဲဆိုတာ သိလာတယ်။ အခြေခံရှေးဦးပြုစုနည်းတွေ အကုန်သိရတော့ ဘယ်သူ့ကိုမဆို ကူညီလို့ရတာပေ့ါ။ သမီးတို့လိုပဲ တခြားသူတွေလည်း ဒီလိုသင်တန်းမျိုးကို တတ်စေချင်ပါတယ်"ဟု အထက (၃)မှ ဆဋ္ဌမတန်းကျောင်းသူ မသင်းနဒီသွယ်က ပြောသည်။

အဆိုပါ သင်တန်းကို ရက်သတ္တပတ်တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် တစ်လကျော်ခန့် သင်ကြားပေးခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်များ တွင်လည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးသန်းအောင်မိုးက ပြောသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၁ ရက်မှ စတင်သင်ကြားပို့ချခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ သင်တန်းတွင် ရှေးဦးပြုစုခြင်းပညာရပ်များကို နည်းပြဆရာ ၁၅ ဦးက ကျောင်းသားကျောင်းသူ ၈၀ အား သင်ကြားပေးသည့်အပြင် စိတ်ပါဝင်စားသည့် ဆရာဆရာမများကိုလည်း ရှေးဦးပြုစုခြင်းအတတ်ပညာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ဇာနည်မောင်)**




# ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၆)နှစ်ပြည့်ပွဲတော်ကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ငူ စက်တင်ဘာ ၂၃**

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၆)နှစ်ပြည့် ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးပွဲကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးနှင့် စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၆)နှစ်ပြည့်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက ပွဲတော်ကျင်းပရေး လုပ်ငန်းစီမံချက် (မူကြမ်း)ကို ဖတ်ကြားရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီ ၁၇ ခုတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက အကြံပြုဆွေးနွေးတင်ပြကြပြီး စီဘီဘဏ်ဥက္ကဋ္ဌနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါပွဲတော်ကြီးကို ယခင်နှစ်အတိုင်း နှစ်ကိုယ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ခြင်း၊ သံဃာတော်များအား ၃၆၅ ရက် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရှင်အပါး (၅၀၆)ပါး ရဟန်းခံရှင်ပြုခြင်း၊ ဝင်းခင်းသဘင်ဆင်ယင်ကျင်းပခြင်း၊ အဆိုနှင့် သရုပ်ဆောင်ပြိုင်ပွဲများ ကျင်းပခြင်း၊ အားကစားပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် ပန်းချီပြပွဲများ၊ ကေတုမတီနှစ်ကိုယ်ရှစ်ဆူ ဗုဒ္ဓဝင်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကာလအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၂)**

# ထိုင်းနိုင်ငံရှိ မြန်မာသံရုံးနှင့် MAT အဖွဲ့ အား ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး စုံစမ်းထောက်လှမ်းရေး DSI မှ ဂုဏ်ပြုလွှာနှင့် ရွှေတံဆိပ်ဆုများချီးမြှင့်

**ဘန်ကောက် စက်တင်ဘာ ၂၃**

ထိုင်းနိုင်ငံအတွင်း လူကုန်ကူးမှု လျော့နည်း ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ထိုင်းနှင့် နိုင်ငံတကာ လူပုဂ္ဂိုလ်အချို့နှင့် အတူ ဘန်ကောက် မြန်မာသံရုံးနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အဖွဲ့ (Myanmar Association



in Thailand)တို့အား ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး စုံစမ်းထောက်လှမ်းရေး DSI မှ ဂုဏ်ပြုလွှာနှင့် ရွှေတံဆိပ်ဆုများချီးမြှင့်ခဲ့ကြောင်း မြို့တော် ဘန်ကောက်ရှိ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်က မြို့တော်ဗန်ကောက်ရှိ စင်ထရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့သော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ နည်းပညာများ ကူညီပံ့ပိုးပေးကြသည့် နိုင်ငံခြားသံရုံးမှ တာဝန်ခံအရာရှိများ၊ နိုင်ငံခြားနည်းပြများ၊ သတင်းအချက်အလက်ပေးပို့သည့် ထိုင်းဘဏ်တစ်ခုမှ စာရေးမတစ်ဦး၊ လူကုန်ကူးမှုဖြစ်စဉ်များကို ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ထိုင်းနိုင်ငံအနှံ့အပြားမှ ထိုင်းလူမှုအသင်းအဖွဲ့အစည်းများ၊ မဟာချိုင်အခြေစိုက် LPN အဖွဲ့ ဒါရိုက်တာ ဆွန်ပွန်ဆာကယောက်တို့နှင့်အတူ မြန်မာသံရုံးနှင့် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းတို့ကို DSI အကြီးတန်းအရာရှိ Police Colonel-PaisitWongmuang က တစ်ဦးချင်းစီ ဂုဏ်ပြုလွှာနှင့် ရွှေတံဆိပ်ဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဂုဏ်ပြုလွှာနှင့် ရွှေတံဆိပ်ဆုများကို ပေးအပ်ချီးမြှင့်ပြီးနောက် Police Colonel-PaisitWongmuang က “လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို စိတ်ဝင်တစား အချိန်ကြာမြင့်စွာ ကူညီလုပ်ဆောင်ပေးကြတယ်ဆိုတာ သာမန်စိတ်ဓာတ်၊ သတ္တိနဲ့ဖြစ်တာ မဟုတ်ဘူး။ အဆင်မသင့်ရင် အသက်ပါခံရနိုင်ပါတယ်။ ထိုင်းနိုင်ငံဟာ လူကုန်ကူးမှုအဆိုးဆုံး Tair 3 ကနေ Tair 2 လျော့ကျသွားအောင် လုပ်ခဲ့ကြတာဟာ ကျွန်တော်တို့သက်သက်တင်ဘယ်ဖြစ်ပါ့မလဲ။ အခု ဂုဏ်ပြုချီးမြှင့်ခံကြရတဲ့သူတွေ ကိုယ်တိုင်ဝိုင်းဝန်းကြိုးစားခဲ့ကြလို့ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ကို ကူညီပေးကြပါဦးလို့ မေတ္တာရပ်ခံပါတယ်၊ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့သည်။

မြန်မာသံရုံးရရှိသော ဂုဏ်ထူးဆောင် ဆုတံဆိပ်အား သံအမတ်ကြီး ဦးဝင်းမောင်၏ကိုယ်စား သံမှူး ဒေါ်ဝင်းစန္ဒီကျော်က တက်ရောက်လက်ခံရယူခဲ့ကြောင်း၊ ဘန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့သည် မြန်မာသံအမတ်ကြီးနှင့် သံမှူးတို့၏ ဦးဆောင်မှုဖြင့် သံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဖွဲ့စည်း၍ မြန်မာအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့မှူး ဦးဝင်းနိုင်ထွန်းတို့နှင့်အတူ လူကုန်ကူးမှုများအား ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံရှိ DSI မှ အရာရှိကြီးများဖြစ်ကြသော Mr.KomvichPadhanarath Chief of Prevention and Suppression Div. 1 - Anti-Human Trafficking Center ၊ Department of Special Investigation၊ Ministry of Justice နှင့် Chief of Prevention and Suppression Div. 2 - Pol. Maj. JatupornArunl eaktawin တို့၏ အကူအညီကိုရယူ၍ လူကုန်ကူးမှုများအား စဉ်ဆက်မပြတ် ကယ်ထုတ်နိုင်ခဲ့ကြကြောင်း၊ MAT အဖွဲ့အား ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ Anti-Human Trafficking Division (AHTD) မှ ၂၀၁၃ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်က တစ်ကြိမ်ဖြင့် ဂုဏ်ပြုလွှာနှင့် ဘတ်ငွေ တစ်သောင်းခွဲစီအား ဆုချီးမြှင့်ခြင်းခံခဲ့ရကြောင်း မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီမှ သိရသည်။

MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက “DSI ဟာ ထိုင်းအသင်းအဖွဲ့တို့နဲ့ လုပ်ကိုင်ပုံတွေ၊ သာမန်အရပ်သား၊ သာမန်လူမှုအဖွဲ့အစည်း သေးသေးလေးတွေ ပူးပေါင်းဆောင်ရွက်တာတွေ၊ ဘဏ်ကိုသွင်းတဲ့ ငွေကြေး အခြေအနေပေါ်မူတည်ပြီး ထူးခြားဖြစ်စဉ်ကို ဘဏ်စာရေးမက သတင်းပေးနိုင်အောင် လမ်းဖွင့်ပေးထားတာတွေ၊ အထူးသဖြင့် ဒီလောက် ထုထည်ကြီးကြီးမားမား ဖြစ်ပေါ်နေတဲ့ လူကုန်ကူးမှုဆိုးရွားတဲ့ နိုင်ငံအတွက် လိုအပ်တဲ့အထောက်အကူတွေ နည်းပညာတွေကို ဘယ်လိုရအောင် ယူကြသလဲဆိုတာတွေကို လူကုန်ကူးမှု အဆိုးရွားဆုံးဖြစ်နေတဲ့ မြန်မာတာဝန်ရှိသူများအနေနဲ့ နမူနာယူဖို့ ကောင်းပါတယ်”ဟု ပြောသည်။

မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဖြစ်သော ဘန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MATသည် ထိုင်းအစိုးရလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၁၁ ခုနှစ်တွင် လူကုန်ကူးခံရသူပေါင်း ၅၀၊ ၂၀၁၂ ခုနှစ်တွင် ၂၉၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၆၄ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၂၀ နှင့် ၂၀၁၅ ခုနှစ်တွင် ၂၃ ကြိမ် ကယ်တင်မှု၌ လူကုန်ကူးခံရသူပေါင်း ၁၇၄ ဦးတို့အား ကယ်ထုတ်နိုင်ခဲ့ပြီး လူကုန်ကူးသူပေါင်း ၁၀ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈ လတာကာလအတွင်း လူကုန်ကူးမှု ၂၄ ကြိမ် နှိမ်နင်းရာတွင် လူကုန်ကူးခံရသူပေါင်း ၃၂၀ ဦးရှိနေပြီဖြစ်သဖြင့် ယခုနှစ်၌ ထိုင်းနိုင်ငံအတွင်း မြန်မာများ လူကုန်ကူးခံရမှုပိုမိုများပြားနေကြောင်း မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဖြစ်သော ဘန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ သိရသည်။

**(စိုးဝင်း-MLA)**




# လဟယ်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ဒေသခံတောင်သူများအခက်ကြုံ

**ခန္တီး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် စက်တင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်းက မိုးများအဆက်မပြတ် ရွာသွန်းနေမှုကြောင့် တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထားသည့်သီးနှံများ ပျက်စီးမှုများနှင့် တွေ့ကြုံနေရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ဒေသခံတောင်သူတစ်ဦးက “လက်ရှိကာလမှာ တောင်ယာတွေမှာ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ၊ ပြောင်းခင်းတွေနဲ့ ပဲခင်းတွေမှာ အပွင့်နဲ့အသီးအကင်းတွေ စတင်သီးပွင့်နေချိန်မှာ ယခုလို မိုးရွာသွန်းမှုများခြင်းကြောင့် အသီးအပွင့်တွေ ကြွေကျပျက်စီးခြင်း၊ တောင်ကျရေများခြင်းကြောင့် စိုက်ခင်းတွေ ပျက်စီးခြင်းတို့ဖြစ်ပေါ်နေပါတယ်”ဟု ပြောပြသည်။

**(စန်းလွင်ဦး)**

# တောင်တွင်းကြီးမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွား

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရပ်ကွက်မြေနိမ့်ပိုင်းအချို့တွင် စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီ ၂၅ မိနစ်ခန့်မှစတင်၍ စတုတ္ထအကြိမ် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းမှာ မြို့၏ အရှေ့ဘက်ရှိ အလယ်ရိုးမဝန်းကျင်တွင် မိုးများအဆက်မပြတ် ရွာသွန်းခြင်းကြောင့် စက်စက်ယိုတောင်ကျချောင်းရေမှ ရေများစီးဝင်လာခြင်း၊ ကန်တော်ကြီးကန်တွင် လျှောင်ရေ ၁၂ ပေခွဲခန့်ရှိနေသဖြင့် ရေပိုလွှဲမှထုတ်လွှတ်သော ရေများစီးဆင်းလာခြင်း၊ မြို့လယ်ချောင်းမကြီးတိမ်ကောနေခြင်းများကြောင့် နှစ်စဉ်ရေကြီးရေလျှံမှုဒဏ် ခံစားနေကြရခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်ရခြင်းကြောင့် တောင်ပြင်(၁)ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၉၀ ခန့်၊ တောင်ပြင်(၂)ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၃၀၀ ခန့်၊ ညနေဈေးအတွင်းရှိ ဈေးဆိုင်ခန်းများအတွင်း ရေများဝင်ရောက်ခြင်း၊ အုန်းတော(၁) ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၈၀ ခန့်၊ အုန်းတော(၂) ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၂၀ ခန့် စုစုပေါင်း လူနေအိမ် ၄၉၀ ခန့်တို့တွင် ရေအနက် တစ်ပေမှ လေးပေခန့်အထိ ရေလွှမ်းမိုးမှုဒဏ် ခံစားနေကြရကြောင်း၊ ရန်ကုန်-ပြည်ကားလမ်းမကြီး မိုင်တိုင်အမှတ် (၂၇၉/၃)နှင့် (၂၇၉/၄) ကြား ကားလမ်းမကြီးပေါ်တွင် အရှည် ပေ ၁၄၀ ခန့်၊ အနက် ကိုးလက်မခန့် ရေကျော်မှုဖြစ်ပွားကာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်ရေး သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားနေမှုများကြောင့် အိမ်မွေးတိရစ္ဆာန်များ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းယာဉ်များကို ရေလွတ်ရာ ကုန်းမြင့်နေရာများသို့ ရွှေ့ပြောင်းထားရကြောင်း သိရသည်။

ယခုကဲ့သို့ ရေလွှမ်းမိုးခြင်းသည် ရေဝင်ရောက်မှု စံချိန်သစ်ဖြစ်ပြီး ယခင် ခံစားခဲ့ရသည့် ရေလွှမ်းမိုးမှုများသည် ရေအနက် တစ်ပေခန့်မှ သုံးပေခန့်အထိသာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**(၅၈၀)**

# ပျဉ်းမနားမြို့တွင် ပုံစံဒီဇိုင်းမျိုးစုံသည့် သီတင်းကျွတ်ရောင်စုံမီးပုံးများ အရောင်းသွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သီတင်းကျွတ်လပြည့်ရန် နီးကပ်လာပြီဆိုလျှင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်ခြံဝင်းများနှင့် ဈေးဆိုင်ခန်းများတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ အလှမီးပုံးများနှင့် လျှပ်စစ်မီးပန်းကုံးများချိတ်ဆွဲ၍ အလှဆင်ယင်ထွန်းညှိကာ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်မှုခလေ့ရှိကြရာ နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော် နီးကပ်လာသည်နှင့်အမျှ ပုံစံဒီဇိုင်းမျိုးစုံပါဝင်သည့် သီတင်းကျွတ် ရောင်စုံမီးပုံးများလည်း အရောင်းသွက်လာပြီဖြစ်သည်။

အဆိုပါ သီတင်းကျွတ်ရောင်စုံမီးပုံးများသည် အနည်းဆုံး ငွေကျပ် ၅၀၀ မှစတင်၍ ကျပ် ၁၅၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းအသီးသီးရှိကာ မိမိတို့ကြိုက်နှစ်သက်သည့် ဈေးနှုန်းနှင့် ဒီဇိုင်းပုံစံများကို စိတ်ကြိုက်ရွေးချယ်၍ ဝယ်ယူနိုင်နေပြီဖြစ်ကြောင်း သိရသည်။

**(ရွှေကူတ္တိ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်(ရွှေဈေး) ၈၇၉၀၀၀ - ၈၇၉၀၀၀ မန္တလေး(ရွှေဈေး) ၈၇၉၀၀၀ - ၈၇၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၀.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၄.၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅.၅၅၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉.၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၉.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၄၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၂.၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၇.၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
စက်တင်ဘာ ၂၄၊ ၂၀၁၆

## ရုပ်ရှင်အညွှန်း




# စိုင်းစိုင်းရဲ့ 'ကာလာစုံလက်စင်' မြန်မာဇာတ်ကားသစ် စတင်ပြသ

ဒီတစ်ပတ် ရုပ်ရှင်အညွှန်းကဏ္ဍမှာတော့ ဒါရိုက်တာမီးပွားရဲ့ လက်ရာဖြစ်ပြီး တေးသံရှင်နှင့် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နဲ့ ဖွေးဖွေးတို့ အဓိက ပါဝင်သရုပ်ဆောင်ထားတဲ့ "ကာလာစုံလက်စင်"လို့ အမည်ရတဲ့ မြန်မာဇာတ်ကားသစ်လေးကို ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။

ဒီဇာတ်ကားလေးကို ဖရန်ဇီနှင့် ဟတ်ထ်အင်န် ဆိုးလ်ရုပ်ရှင် ထုတ်လုပ်ရေးတို့ ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ကာ ဇာတ်လမ်းဇာတ်ညွှန်းကတော့ မိုးနီလွင်ဖြစ်ပါတယ်။

'ကာလာစုံလက်စင်' မြန်မာဇာတ်ကားမှာ စိုင်းစိုင်းတို့နဲ့အတူ ပါဝင်အားဖြည့်ထားသူတွေကတော့ မာရီကိုးလ်၊ ခင်သဇင်နဲ့ ဆန်းသစ်လတို့အပြင် အခြားသရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။

ဒါ့အပြင် ပြသဆဲမြန်မာဇာတ်ကားများဖြစ်တဲ့ 'ဘောစိ'ဟာသဇာတ်ကားနဲ့ လူမင်းရဲ့ 'အနူးဘစ်' ဇာတ်ကားတွေကိုလည်း ဒီတစ်ပတ်မှာ ဆက်လက်ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။

ဒီတစ်ပတ်ရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ 'ကာလာစုံလက်စင်' ဇာတ်ကားသစ်ကို ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ ဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိအဆင့်မြင့်ရုပ်ရှင်ရုံတို့မှာ စက်တင်ဘာ ၂၃ ရက်က စတင်ပြသလျက်ရှိပါတယ်။

နောက်ပြီး သာမန်ဇာတ်လမ်းကျောရိုးတွေထဲက ကွဲထွက်တဲ့ဇာတ်လမ်းတစ်ပုဒ်ဖြစ်တဲ့ ဒါရိုက်တာလူမင်းရဲ့ 'အနူးဘစ်'ဇာတ်ကားကိုလည်း သွင်၊ သမ္မတ၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့မှာ ဆက်လက်ပြသမှာဖြစ်ပါတယ်။

နောက်ပြီး မြန်မာဟာသဇာတ်ကားဖြစ်တဲ့ ဂွမ်းပုံရဲ့ 'ဘောစိ'ဇာတ်ကားကိုလည်း ဒီတစ်ပတ်မှာ ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်သလို ရွှေဆောင်(၂)၊ မင်္ဂလာရုပ်ရှင်ရုံ(ပဲခူး)နဲ့ New 3D Cinema(တောင်ငူ) ရုပ်ရှင်ရုံတွေမှာ ဆက်လက်ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံခြားဇာတ်ကားသစ်တွေအနေနဲ့ကတော့ BEN-HUR ဇာတ်ကားသစ်၊ BLAIR WITCH နဲ့ ဇာတ်ကားဟောင်း Train To Busan တို့ကို ရုံတင်ပြသနေဆဲဖြစ်ပါတယ်။

ယခုတစ်ပတ်မှ အသစ်ပြသမယ့် BEN-HUR ဒရမ်မာဇာတ်ကားသစ်ကို မင်္ဂလာ(၁)သိမ်ကြီးဈေး၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသနေပါတယ်။

ဒဏ္ဍာရီဆန်ဆန် သဘာဝလွန်ဖြစ်ရပ်တစ်ခုကို ဖွဲ့နွဲ့ရိုက်ကူးထားသည့် BLAIR WITCH သည်းထိတ်ရင်ဖိုဇာတ်ကားကို မင်္ဂလာ(၂)၊ နေပြည်တော်၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ရုံတင်ပြသလျက်ရှိသည်။

**ဖြိုးစန္ဒာမြင့်**



## အရှေ့အလယ်ပိုင်း ဂျေရုစလင်မြို့ကို ရောမတို့အုပ်ချုပ်စဉ်ကအကြောင်း ပုံဖော်ထားသည့် Ben-Hur

အရှေ့အလယ်ပိုင်း ဂျေရုစလင်မြို့ကို ရောမတို့အုပ်ချုပ်စဉ်ကာလက ဂျူးလူမျိုးမင်းမျိုးမင်းနွယ်တစ်ဦးဖြစ်တဲ့ မင်းသား Ben-Hur သည် ငယ်စဉ်ကလေးဘဝထဲက သူငယ်ချင်းဖြစ်သူ Messala နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး Messala က ရောမတပ်တွင် အကြီးအကဲဖြစ်လာသည့်အချိန်၌ Ben-Hur ကို ညီအစ်ကိုအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြသည်။

တစ်နေ့တွင် Messala သည် Ben-Hur သည် သူ့အားလုပ်ကြံရန် ကြိုးစားခဲ့သည်ဟု အထင်အမြင်လွဲပြီး Ben-Hur ကို ဘဝတစ်လျှောက်လုံး ကျွန်အဖြစ် ပြစ်ဒဏ်ချမှတ်ခဲ့ပါတော့သည်။ Ben-Hur သည် အရာအားလုံးဆုံးရှုံးခဲ့ရသည်။ ရောမများ၏ ရေတပ်၌ ကျွန်အဖြစ် ငါးနှစ်ခန့် ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ရပြီး ကျွန်လုပ်နေသည့် သင်္ဘောရေတပ်တိုက်ပွဲမှာ ပျက်စီးပြီး Ben-Hur သည် ကံအားလျော်စွာ အသက်ရှင်လွတ်မြောက်ခဲ့သည်။ Ben-Hur ကို အာရပ်သူဌေးတစ်ဦးဖြစ်သည့် Sheik က ကယ်တင်ခဲ့ပြီး စစ်မြင်းရထားစီးသည့်အတတ်ပညာကို သင်ကြားပေးခဲ့သည်။ Ben-Hur သည် သူ့အား ကျွန်ပြုခဲ့သည့် Messala ကို စစ်မြင်းရထားပြိုင်ပွဲ၌ လက်စားချေရန် ကြိုးစားပုံကို စိတ်ဝင်စားဖွယ်ရိုက်ကူးထားသော သမိုင်းဒရမ်မာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

## BLAIR WITCH သည်းထိတ်ရင်ဖိုဇာတ်ကား စတင်ပြသ

အမေရိကန် မေရီးလင်းပြည်နယ်မှာရှိသည့် Black hills သစ်တောထဲသို့ ကောလိပ်ကျောင်းသူ ကျောင်းသားများသည် လျှို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်ရန် စူးစမ်းဝင်ရောက်လာခဲ့ကြပါတော့သည်။ ထိုကျောင်းသားများထဲမှ James Donahue ဆိုပြီး ကျောင်းသားတစ်ယောက်ပါဝင်နေပြီး လွန်ခဲ့တဲ့နှစ် (၂၀)ကျော်က သူ၏ ညီမဖြစ်သူသည် Black Hills သစ်တောထဲ၌ Blair Which ဟုခေါ်သည့် ကြောက်မက်ဖွယ်သဘာဝလွန်ဖြစ်ရပ်ကြောင့် ပျောက်ဆုံးခဲ့ရသည်ကို Video မှတ်တမ်းများကို ကြည့်၍ ဆုံးဖြတ်ချက်ချခဲ့ပါသည်။ သူ၏ ညီမ ပျောက်ဆုံးခြင်းအတွက် သဲလွန်စကို ရှာတွေ့မည်ဟု ယုံကြည်နေကြသော သူတို့ ကျောင်းသားအုပ်စုကို ဒေသခံစုံတွဲတစ်တွဲက မှောင်မိုက်ပြီး ကြောက်မက်ဖွယ်ကောင်းသော တောထဲသို့ လမ်းပြသည်။ Blair Which သဲလွန်စရှိသော သစ်တောထဲတွင် သူတို့သည် ကြောက်မက်ဖွယ်အဖြစ်အပျက်မျိုးစုံ ကြုံတွေ့ရပြီး ဒဏ္ဍာရီဆန်ဆန်ရှိခဲ့သည့် Blair Which သဘာဝလွန်ဖြစ်ရပ်သည် သူတို့ထင်ထားသည်ထက် ပိုမိုကြောက်စရာကောင်းနေကြောင်းကို မျက်ဝါးထင်ထင်တွေ့ကြုံ ရင်ဆိုင်ကြရပုံကို ရိုက်ကူးထားသော Horror ဇာတ်ကားတစ်ကား ဖြစ်ပါသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄- ၉ -၂၀၁၆ (စနေနေ့)]

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
၅း၄၀ "ဥပုသ်သည်တို့၏စကားဝိုင်း" တရားတော်(ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၈း၀၀ Cartoon Series (English Play Ground)
၉း၀၀ Drive It
၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Royal Moe Fabric & Silk Grand Opening Ceremony)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၈)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၅ Star တို့ရဲ့ လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃၃+၃၄)
၂း၂၀ World of Knowledge (Ancient X Files Sodom and Gomorrah)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၃)
၃း၅၀ Healthy Life
၄း၁၅ Cartoon Series (English Play Ground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၄)
၇း၁၅ Let's Talk
၈း၀၀ THE X-FACTOR MYANMAR
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၉)
၁၀း၀၅ MUSIC LIVE Tonight
၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃၅+၃၆)
၀၀း၁၀ MRTV-4 Stage
၀၀း၃၅ World Of Knowledge (Ancient X Files Sodom and Gomorrah)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၀၀ မေတ္တာပို့
၇း၁၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉း၃၅ ခရီးလည်းသွားစကားလည်းဆို
၁၀း၁၅ စာပေအလင်းစာပေသတင်း
၁၀း၃၀ Cooking Art
၁၀း၄၅ Happy Time
၁၁း၁၀ English For Myanmar
၁၁း၀၇ မျိုးချစ်တပ်မတော်
၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "မဆုံသော" ပြေတီဦး၊ နဝရတ်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ နေပိုင်
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၀၀ Run & Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၅၅)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလကာ (အပိုင်း-၄၉)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- လူရွှင်တော်စတား
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အကြြင်နာမျက်ဝန်း (အပိုင်း-၆)

### MITV

| | |
|---|---|
| 07:03 | News |
| 07:26 | Great Shwedagon- The Prayer Halls And Buddha Images (Part-1) |
| 07:53 | Will you feed the pigeons? |
| 08:03 | News |
| 08:26 | Ar Khar New Year Festival |
| 08:47 | Around The Maha Boditahtaung |
| 09:03 | News |
| 09:26 | Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress) |
| 10:03 | News |
| 10:26 | Next Generation: Nyan Kyal Say |
| 10:33 | Image Of The Monks |
| 10:50 | Traditional Snacks |
| 10:56 | Black Gold (Part- II) |
| 07:03 | News |
| 07:25 | Ngapali, Unique Spot To Relax |
| 07:43 | The Pride of Myanmar "Traditional Handicraft" |
| 07:49 | Today Myanmar "Sim Card Registering" |
| 08:03 | News |
| 08:26 | Writer, Philanthropist: Daw Than Myint Aung (Part-1) |
| 08:54 | Myanmar Masterclass: Conceptual Art |

# မော်ရင်ဟိုနှင့် ဆက်ဆံရေးမပြေလည်ခဲ့ခြင်းမှာ အတိတ်တွင် ကျန်ရစ်ပြီဟု ရာနီရေရီ ဆို



လက်စတာနည်းပြ ရာနီရေရီက မန်ယူနည်းပြ မော်ရင်ဟိုနှင့် ဆက်ဆံရေးမပြေလည်ခဲ့ခြင်းမှာ သမိုင်းမတင်မီ ကျန်နေခဲ့သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ပြီး လက်ရှိတွင် နှစ်ဦးသား ဆက်ဆံရေး အဆင်ပြေနေကြောင်း မန်ယူနှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်မည့်ပွဲစဉ် မတိုင်မီ ဖွင့်ဟခဲ့သည်။ မော်ရင်ဟိုသည် ရာနီရေရီ နေရာတွင် ချယ်လ်ဆီးနည်းပြအဖြစ် ၂၀၀၄ ခုနှစ်တွင် အစားထိုးခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ရာနီရေရီအား ချယ်ဆီးအသင်းတာဝန်ရှိသူများက "အရှုံးသမား"ဟုသာ ရှုမြင်ကြောင်း စကားလုံးများဖြင့် ထိုးနှက်ခဲ့သလို ရိုးမား၊ ဂျူဗင်တပ် စသည့် အသင်းများကို ကိုင်တွယ်ခဲ့သူ ရာနီရေရီ စီရီးအေတွင် ကျင်လည်နေစဉ်က မော်ရင်ဟိုမှာ အင်တာမီလန်အသင်းနှင့်အတူ တစ်နှစ်တည်း ဖလားသုံးလုံး အောင်မြင်မှုကို ရယူနိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ကို လက်စတာအသင်း ဦးဆောင်နိုင်ခဲ့စဉ် မော်ရင်ဟိုက အသက် (၇၀) အရွယ် ရာနီရေရီအနေဖြင့် အသင်းတစ်ခုကို ချန်ပီယံအဖြစ် ဦးဆောင်မှုပေးနိုင်ရန် ကာယအား၊ ဉာဏအား လုံလောက်မှုမရှိတော့ဟု ဝေဖန်ထိုးနှက်ခဲ့သည်။ ယင်းအချိန်တွင် မော်ရင်ဟိုမှာ အသက် (၅၆)နှစ်သာရှိသေးပြီး ယင်းသို့ ဝေဖန်ပြီး ရက်သတ္တတစ်ပတ်အကြာမှာပင် ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည်။

မော်ရင်ဟို အင်တာမီလန်ကို ကိုင်တွယ်နေစဉ် ရာနီရေရီမှာ ဂျူဗင်တပ်နည်းပြအဖြစ် စီရီးအေမှာပင် ကျင်လည်နေခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် မော်ရင်ဟိုက "သူဟာ အသက် (၇၀) ရှိပြီဆိုတော့ အရွယ်အတော်ကျနေပြီ။ ချန်ပီယံဆုဖလားကို စိန်ခေါ်နိုင်လောက်အောင် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲဖို့ မလွယ်တော့ဘူး။ စူပါဖလားသာ သူ့အတွက် အမြင့်ဆုံးဆုဖလားဖြစ်ခဲ့ပြီး ဖလားသေးလေးတွေပဲရရှိအောင် စွမ်းဆောင်နိုင်သေးတယ်။ ဘောလုံးလောက သံသရာဆိုတာ အမြဲတမ်းတစ်ပတ်လည်နေတာကြောင့် ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ရအောင်ပါ"ဟု ဝေဖန်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရာနီရေရီမှာ ရာသီကုန်တွင် လက်စတာအသင်းကို ချန်ပီယံဖြစ်အောင် ဦးဆောင်နိုင်ခဲ့သည်။

ရာနီရေရီက ဗလင်စီယာနဲ့အတူ ကိုပါဒယ်ရေးဖလား၊ ဥရောပစူပါဖလား ရရှိခဲ့သလို ဖီအိုရင်တီးနားနဲ့အတူ ကိုပါအီတလီယာဖလား၊ စူပါကိုပါအီတလီယာဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သော်လည်း လက်စတာအသင်းကို ကိုင်တွယ်ချိန်ရောက်မှသာ သူ၏ နည်းပြသက်တမ်းတစ်လျှောက် အမှတ်ပေးဖလားကို ပထမဦးဆုံး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ရာနီရေရီက "မော်ရင်ဟိုဟာ ထူးခြားပြီး ဉာဏ်ရည်မြင့်မားတဲ့ မန်နေဂျာပါ။ ဒီလို မသင့်မြတ်ဖူးဆိုတာကလည်း အတိတ်မှာ ကျန်ခဲ့တဲ့ဖြစ်ရပ်ပါ။ ပြီးခဲ့တဲ့နွေကာလအတွင်း ကျွန်တော့်ရဲ့ ကမ္ဘာ့ချန်ပီယံပောင်းအသင်းနဲ့ မော်ရင်ဟို ကိုင်တွယ်တဲ့အသင်း ရန်ပုံငွေပွဲအဖြစ် ကစားခဲ့ကြအပြီး သူက ကျွန်တော့်ကို ဝိုင်နီတစ်ခွက်ကမ်းပေးပါတယ်။ ဒီစနေနေ့ ကစားတဲ့ပွဲအပြီးမှာလည်း ဒါမျိုး သူထပ်လုပ်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ဆိုလိုက်သည်။ **(မေလှဲ့သင်း)**

# စပါးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်သည့် ဒန်နီရို့စ်

စပါးနောက်ခံလူ ဒန်နီရို့စ်မှာ လက်ရှိကလပ်အသင်းနှင့်ပင် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ၎င်းမှာ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် လိစ်ဒ်ယူနိုက်တက်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ၁၂၆ ပွဲကစားခဲ့ရာ သွင်းဂိုးကိုးဂိုး သွင်းယူနိုင်ခဲ့သည်။

ရို့စ်မှာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် စုစုပေါင်း ရှစ်ပွဲ ဝင်ရောက်ကစားပေးခဲ့ပြီးဖြစ်သလို အင်္ဂလန်အသင်းက ဂျာမနီအသင်းအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲတွင် သူ၏ လက်ရွေးစင် ပွဲဦးထွက်အဖြစ် စတင်ဝင်ရောက်ကစားခဲ့သည်။ ဒန်နီရို့စ်မှာ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း စပါးအသင်းနှင့် စာချုပ်သက်တမ်းတစ်ကြိမ် တိုးခဲ့သေးပြီး ယင်းစာချုပ်မှာ ၂၀၁၉ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ **(မေလှဲ့သင်း)**



# ကက်စီမီရို ဘယ်ခြေထောက်အရိုးန ကျိုးပဲ့သွားသည်ဟု ရီးယဲလ်မက်ဒရစ်အသင်း အတည်ပြု

ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ကက်စီမီရိုမှာ ဆေးစစ်ချက်များအရ ဘယ်ခြေထောက်အရိုးနု ကျိုးပဲ့သွားခဲ့ခြင်းဖြစ်ကြောင်း ရီးယဲလ်အသင်းဘက်မှ အတည်ပြုချက်ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ ဆယ်လ်တာဗီဂိုအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် အဆိုပါဒဏ်ရာရရှိခဲ့ပြီးနောက် ဗီလာရီးယဲလ်နှင့်ပွဲစဉ်တွင် ဝင်ရောက်ကစားနိုင်ခြင်း မရှိသော်လည်း တစ်ဦးတည်း တံခါးပိတ်လေ့ကျင့်ခန်းအစီအစဉ်ကို ပြုလုပ်ခဲ့သေးသည်။

သို့သော် ဆေးစစ်ချက်များအရ ကက်စီမီရို၏ ဒဏ်ရာမှာ မျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားနေပြီး ဘယ်ခြေထောက် အရိုးနုကျိုးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "ကက်စီမီရိုကို ဒီနေ့ မိုရာလီဂျာတက္ကသိုလ်ဆေးရုံမှာ စစ်ဆေးတဲ့အခါ ဘယ်ခြေအရိုးနုရဲ့ ဗဟိုတတိယအဆစ်ကလေး အက်သွားတယ်လို့ သိရပါတယ်"ဟု ရီးယဲလ်တရားဝင် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စပိန်မှလာသော သတင်းရင်းမြစ်များ၏ မူလမှန်းဆချက်များအရ ကက်စီမီရိုမှာ အနည်းဆုံး သုံးပတ်ခန့် အနားယူရတော့မည်ဟု ထုတ်ပြန်ကြေညာခဲ့သည့်အတွက် လက်စ်ပါးမက်စ်၊ အီဘားတို့နှင့် လာလီဂါပွဲစဉ်နှစ်ပွဲ၊ ဒေါ့မွန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကိုပါ လွဲချော်တော့မည်ဖြစ်သလို ဘိုလီဗီးယားနှင့် ဗင်နီဇွဲလားတို့နှင့် ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဘရာဇီးအသင်းအတွက် ဝင်ရောက်ကစားပေးနိုင်မည်မဟုတ်ပေ။ ကက်စီမီရို၏ ရီးယဲလ်နှင့် ဘရာဇီးအသင်းဖော် မာဆယ်လိုမှာလည်း ဗီလာရီးယဲလ်နှင့် ပွဲစဉ်တွင် ခြေသလုံး ဒဏ်ရာရရှိခဲ့သဖြင့် နှစ်ပတ်ကြာ အနားယူရမည်ဖြစ်သည်။

**(မေလှဲ့သင်း)**

# အာဆင်နယ်နှင့် ကစားမည့်ပွဲစဉ်မှာ ထူးခြားသည့်ပွဲဟု ဖာဘရီဂတ်စ် ဖွင့်ဟ

ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်မှာ စက်တင်ဘာ ၂၄ ရက်(ယနေ့)တွင် အသင်းဟောင်း အာဆင်နယ်ကို ရင်ဆိုင်ရန်အသင့်ရှိနေပြီး ယင်းပွဲစဉ်တွင် ခြေစွမ်းပြသနိုင်မည်ဟု မျှော်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်နှင့် ပွဲစဉ်နှင့်ပတ်သက်၍ ဖာဘရီဂတ်စ်က "ကျွန်တော် အာဆင်နယ်နဲ့ပွဲကျရင် ပွဲထွက်ကစားခွင့်ရဖို့ မျှော်လင့်ထားပါတယ်။ အာဆင်နယ်ကိုရင်ဆိုင်ကစားတဲ့ပွဲဟာ တကယ်ထူးခြားတဲ့ ပွဲစဉ်ဖြစ်လာမှာပါ။ ကျွန်တော်ဟာ အာဆင်နယ်မှာ နှစ်ပေါင်းများစွာ ကစားခဲ့ပေမယ့် ခုတော့ ချယ်လ်ဆီးကစားသမားဖြစ်နေပါပြီ။ တကယ်ကစားတဲ့အခါ ကျွန်တော့်စိတ်ခံစားချက် ဘယ်လိုရှိမလဲဆိုတာမသိပေမယ့် ခုတော့ ဒီပွဲစဉ်ကိုကစားဖို့ ကျွန်တော် စောင့်ဆိုင်းနေရပါတယ်"ဟု ဖွင့်ဟခဲ့သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီလက်ထက်တွင် အရန်ခုံ၌ အချိန်ကုန်ဆုံးနေရပြီး အသင်းပြောင်းမည်ဟု သတင်းထွက်နေသည့် ဖာဘရီဂတ်စ်က ချယ်လ်ဆီးမှ ထွက်ခွာရန်မည်သည့်အချိန်ကမျှ စဉ်းစားခဲ့ခြင်းမရှိဟုလည်း ဆိုလိုက်သည်။ သူသည် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချိတ်ဆက်မှုများပြုလုပ်နေပြီး ရာသီကုန်တွင် ပရီမီယာလိဂ်မှ သေချာပေါက် ထွက်ခွာနိုင်သည်ဟု မှန်းဆချက်များလည်း ထွက်ပေါ်နေသည်။

သို့သော် ဖာဘရီဂတ်စ်က သူ့အနေဖြင့် ရီးယဲလ်သို့ ပြောင်းရွှေ့မည်မဟုတ်သလို ချယ်လ်ဆီးမှ ထွက်ခွာရန်လည်း မည်သည့်အခါကမျှ စိတ်ကူးမရှိခဲ့ကြောင်း၊ နည်းပြကွန်တီနှင့် ဆက်ဆံရေးအဆင်ပြေသလို ကွန်တီ၏ စီမံခန့်ခွဲမှုပိုင်းနှင့်ပတ်သက်၍ အပြည့်အဝလေးစားမှုရှိကြောင်းလည်း ပြောကြားလိုက်သည်။ **(မေလှဲ့သင်း)**

# ဘုန်းမောက်နှင့် ပွဲစဉ်တွင် လူကာကူ ပါဝင်လာမည်ဟု ကိုးလ်မန်းယုံကြည်နေ



အဲဗာတန်အသင်း၏ အားထားရသည့် တိုက်စစ်မှူး လူကာကူသည် ဒဏ်ရာပြဿနာကြုံနေခဲ့ခြင်းကြောင့် နော့ဝှစ်ချ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ် တတိယအဆင့်ပွဲစဉ်တွင် လွဲချော်ခဲ့သော်လည်း စက်တင်ဘာ ၂၄ ရက်တွင် ကစားမည့် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်လာလိမ့်မည်ဟု အဲဗာတန်အသင်းနည်းပြ ရော်နယ်ကိုးလ်မန်းက ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

လူကာကူသည် အဲဗာတန်အသင်းကစားခဲ့သည့် ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ် လေးပွဲတွင် အဲဗာတန်အသင်းအတွက် သွင်းဂိုးလေးဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။ လူကာကူသည် ဒဏ်ရာပြဿနာကြောင့် နော့ဝှစ်ချ်အသင်းနှင့်ပွဲစဉ်တွင် လွဲချော်ခဲ့သော်လည်း စက်တင်ဘာ ၂၂ ရက်တွင် အဲဗာတန်အသင်းနှင့်အတူ လေ့ကျင့်ရေးဆင်းနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်လာမည့်အနေအထားတွင်ရှိနေကြောင်း ကိုးလ်မန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လူကာကူသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အဲဗာတန်အသင်းမှထွက်ခွာကာ အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သော်လည်း အဲဗာတန်အသင်းကမူ တိုက်စစ်မှူး လူကာကူအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခြင်းဖြင့် အသင်းတွင် ဆက်ရှိနေရေးကြိုးပမ်းနိုင်ခဲ့သည်။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကစားအပြီးတွင် ရှုံးပွဲမရှိစံချိန်နှင့်အတူ ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၂)တွင် ရမှတ် ၁၃ မှတ်ဖြင့် ရပ်တည်ထားနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ မန်စီးတီးအသင်းကိုလည်း ဖိအားပေးနေဆဲဖြစ်သည်။

ပွဲစဉ်(၆)အဖြစ် အဲဗာတန်အသင်းသည် ဘုန်းမောက်အသင်းတွင် ကစားရမည်ဖြစ်ရာ အဲဗာတန်အသင်းအနေဖြင့် ဘုန်းမောက်အသင်းနှင့် တွေ့ဆုံခဲ့သည့် ခြောက်ပွဲတွင် ရှုံးပွဲမရှိခဲ့မှုကို ဆက်ထိန်းထားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်။ ဘုန်းမောက်အသင်းသည် အဲဗာတန်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သည့် နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲသရေကျကာ ငါးပွဲမှာ ရှုံးနိမ့်ခဲ့ရသည်။ **(ငွေကြယ်)**

### စက်တင်ဘာ ၂၄/၂၅ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၆**

| | | | |
|---|---|---|---|
| မန်ယူ | - | လက်စတာ | ညနေ-၆း၀၀ |
| ဘုန်းမောက် | - | အဲဗာတန် | ည - ၈း၃၀ |
| လီဗာပူး | - | ဟားလ်စီးတီး | ည - ၈း၃၀ |
| မစ်ဒစ်ဘရော့ | - | စပါး | ည - ၈း၃၀ |
| စတုတ်စီးတီး | - | ဝက်စ်ဘရွန်း | ည - ၈း၃၀ |
| ဆန်းဒါးလန်း | - | ခရစ္စတယ် | ည - ၈း၃၀ |
| ဆွမ်းဆီး | - | မန်စီးတီး | ည - ၈း၃၀ |
| အာဆင်နယ် | - | ချယ်လ်ဆီး | ည - ၁၁း၀၀ |

**လာလီဂါ ပွဲစဉ် - ၆**

| | | | |
|---|---|---|---|
| အီဘာ | - | ဆိုစီဒက် | ညနေ-၅း၃၀ |
| စပို့တင်းဂီဂွန် | - | ဘာစီလိုနာ | ည-၈း၄၅ |
| ဘီဘာအို | - | ဆီဗီလာ | ည-၁၁း၀၀ |
| လက်စ်ပါမက်စ် | - | ရီးယဲလ်မက်ဒရစ် | နံနက်-၁း၁၅ |

**စီးရီးအေ ပွဲစဉ် - ၆**

| | | | |
|---|---|---|---|
| ပါလာမို | - | ဂျူဗင်တပ် | ည-၁၀း၃၀ |
| နာပိုလီ | - | ချီယေဗို | နံနက်-၁း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၅**

| | | | |
|---|---|---|---|
| မိုချင်ဂလက်ဘတ် | - | အင်ဂေါ့စတက် | ည-၈း၀၀ |
| မိန့်ဇ် | - | လေဗာကူဆင် | ည-၈း၀၀ |
| ဟမ်းဘတ် | - | ဘိုင်ယန်မြူးနစ် | ည-၈း၀၀ |
| အော့စ်ဘတ် | - | ဒမ်စတက် | ည-၈း၀၀ |
| ဖရန့်ဖတ် | - | ဟာသာဘာလင် | ည-၈း၀၀ |
| ဝါဒါဘရီမင် | - | ဝုဖ်ဘတ် | ည-၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၇**

| | | | |
|---|---|---|---|
| လိုရီယန့် | - | လီယွန် | ည-၉း၃၀ |
| ဘော်ဒိုး | - | ကိန်း | နံနက်-၀၀း၃၀ |
| မောင့်ပယ်လီယာ | - | မက်ဇ် | နံနက်-၀၀း၃၀ |
| ဘက်စ်တီယာ | - | ဂူအင်ဂမ့် | နံနက်-၀၀း၃၀ |
| ဒီဂျွန် | - | ရင်းနက်စ် | နံနက်-၀၀း၃၀ |
| မိုနာကို | - | အန်ဂါးစ် | နံနက်-၀၀း၃၀ |

**မောင်မောင်ဇော်**

# တရားမဝင်သစ်များနှင့် သစ်သယ်ဆောင်ရာတွင် အသုံးပြုသည့်ဆင်များ ဖမ်းဆီးရမိ

**ကွန်းလှ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် ချောင်းစောက်ကျေးရွာအနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် စက်တင်ဘာ ၂၂ ရက် ညနေ ၅ နာရီက တရားမဝင်သစ်များနှင့် သစ်သယ်ဆောင်ရာတွင် အသုံးပြုသည့်ဆင်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်ဆွေ၊ စိမ်းလန်းအဖွဲ့မှ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ နန်းတပ်ရဲကင်းစခန်းမှူး ရဲအုပ်စိုးခိုင်နှင့်တပ်ဖွဲ့ဝင်များ၊ ကွန်းလှမြို့နယ် ချောင်းစောက်ဘိနယ်တာဝန်ခံ တောအုပ်မိုးမြင့်နှင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ ချောင်းစောက်ကျေးရွာအနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်လုံး ၅၇ လုံး (၂၈ ဒသမ ၁၆၄) တန်ခန့်၊ အင်ကြင်းသစ်လုံး ရှစ်လုံး(၄ ဒသမ ၁၇၄)တန်ခန့် သိမ်းဆည်းရမိ၍ အနီးပတ်ဝန်းကျင်တွင်ရှာဖွေရာ ပုဂ္ဂလိကဆင်ထီးတစ်ကောင်၊ ဆင်မတစ်ကောင်တို့အား ဆင်ဦးစီးများနှင့်အတူ ဖမ်းဆီးရမိပြီး သစ်ပိုင်ရှင်မှာချောင်းစောက်ကျေးရွာနေ ဦးရင်မောင်ဖြစ်ကြောင်း စုံစမ်းသိရသည်။

အဆိုပါဖမ်းဆီးရမိသော သစ်လုံး ၆၅ လုံး (၃၂ ဒသမ ၃၃၈တန်ခန့်)အား ချောင်းစောက်ဘိနယ် သစ်တောစခန်းသို့သယ်ယူပြီး ဆင်များကို ကောလင်းသစ်ထုတ်လုပ်ရေးစခန်းသို့ လွှဲအပ်ရန်နှင့် ပြစ်မှုကျူးလွန်သူ စောကျော်စေး၊ စောတက်လက်၊ စောထွန်းထွန်းလင်း၊ နိုင်လင်းဦးနှင့် သစ်ပိုင်ရှင် ဦးရင်မောင်တို့ကို ကွန်းလှမြို့မရဲစခန်းက ပြည်သူပိုင် ပုဒ်မ ၆ (၁)ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကွန်းလှ)**



# တရားမဝင်သစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**မတ္တရာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် စက်တင်ဘာ ၂၂ ရက်က တရားမဝင်သစ်ခွဲသား ၁၇ ဒသမ ၀၅၁၃ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်သစ်များသိမ်းဆည်းရမိမှုတွင် မတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသန်းကျော်နှင့် ဝန်ထမ်းများ၊ စဉ့်ကူးမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကွင်းဆင်းရှာဖွေ စစ်ဆေးခဲ့ရာ ဆည်တော်ကြီးကျေးရွာနှင့် အင်ကြင်းမြိုင်ကျေးရွာတောအတွင်း၌ တရားမဝင်ပျဉ်းကတိုးခွဲသား ၅၈၅ ချောင်း(၅ ဒသမ ၃၇ တန်)၊ သစ်ယာခွဲသား ၂၆၃ ချောင်း(၂ ဒသမ ၈၆၂၇ တန်)၊ အင်ခွဲသား ၁၀၉ ချောင်း(၈ ဒသမ ၈၁၈၆ တန်) စုစုပေါင်း ၉၅၇ ချောင်း (၁၇ ဒသမ ၀၅၁၃ တန်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မှုခင်းအသိပညာပေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားမှုအရ ပြည်နယ်/တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးများက မှုခင်းအသိပညာပေးပြခန်းယာဉ်များ ပြုလုပ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပြသလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် OIAC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပြည်သူ၊ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၀ ခန့်အား မှုခင်းအသိပညာပေးပြသပေးခဲ့သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် လေးမျက်နှာမြို့တို့တွင် လည်းကောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် လည်းကောင်း ကျောင်းသား ကျောင်းသူ၊ ပြည်သူများအား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေးရှင်းလင်းဆောင်ရွက်ကာ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်တွင် နေအိမ်လေးလုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်(၅၄) လမ်း× (၅၅)လမ်းကြား၊ ဗန္ဓုလလမ်းနှင့် ကျန်စစ်သားလမ်းကြားတွင် ယနေ့မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က နေအိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ပြီး မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ မီးငြိမ်းသတ်ယာဉ် အစီး ၅၀၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ် ၁၂၀ နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ လာရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်မှ အိမ်ရှင် မနိုင်နိုင်မော်အား ပြည်ကြီးတံခွန် မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး မီးစတင်လောင်ကျွမ်းမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ် ခွဲ၊ တပ်စု(၃)ထားဝယ်မှ ဒုရဲအုပ်သက်အောင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်တွင် ထားဝယ်မြို့နယ် ဇလွန်းကျေးရွာ ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားတွင် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (ရထားရဲတပ်ဖွဲ့)

## မွေးနေ့ဆုမွန်

ခေတ်သစ်အနာထပိဏ်ဟု ဆိုရလောက်အောင် အနယ်နယ်အရပ်ရပ်ရှိ သီလရှင်ဆရာကြီး ဆရာလေးများအား လိုအပ်သလို လှူဒါန်းထောက်ပံ့နေသော (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်) ဒါယကာ သာသနာ့ဖခင်ကြီး **သုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်**၏ **၂၄-၉-၂၀၁၆**ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် အသက်ရာကျော်ရှည်သည့်တိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးနှင့် ပြည့်စုံ၍ သာသနာ့အကျိုးဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယသုခိတာရာမ မြန်အောင်သီလရှင်စာသင်တိုက်**
**ဆရာကြီး၊ ဆရာလေးများ**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Asia Top မှ ခင်းလေးဖောင်ဖေတော်ဦးဘုရားပွဲတော်
098635520,0949764458,0943164118

CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (ဖဲဘောက်း) ကားသစ်ကြီးများဖြင့် ဝန်ဆောင်ပေးပါသည်။
09 25 358 2510, 09 78 515 8803

### မိခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အထက (သုံးဆယ်)၊ ဒသမတန်းမှ မောင်မင်းသူနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ညိုညိုသိန်း [၁၃/နခတ(နိုင်)၀၆၈၁၃၆] ဖြစ်ပါကြောင်း။ **ဒေါ်ညိုညိုသိန်း**

The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ
သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)အနောက်၊ မြေကွက်အမှတ်-၆၈၁၊ မြေကွက်တည်နေရာအမှတ်-၆၈၁၊ မြေနီ ၅လမ်း၊ (၇) အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ကြည် [၁၂/သကတ(နိုင်)၀၀၇၀၁၂]အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြည်(အဒေါ်) ကွယ်လွန်သဖြင့် တူများဖြစ်သော ဦးလှကြိုင်နှင့် ဦးလှဝင်းတို့မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၁ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၀) အမွေထိန်းလက်မှတ်စာ(၅-၈-၂၀၁၄)၊ အမွေထိန်းလက်မှတ်စာရရှိထားသော ကွယ်လွန်သူ ဒေါ်ခင်ကြည် အမည်ပေါက်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံတို့အား အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၂) အရ စီမံခန့်ခွဲခွင့် လျှောက်ထားခြင်းအပေါ် ချမှတ်သည့် ၁၁-၁-၂၀၁၆ရက် အမိန့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၈-၄-၂၀၁၆ရက် ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၁၈၂၂/၂၀၁၆) ဂရန်မူရင်းတို့တင်ပြ၍ ဦးလှကြိုင်[၁၂/သကတ(နိုင်)၀၀၅၈၅၀]နှင့် ဦးလှဝင်း[၁၂/သကတ(နိုင်)၀၀၈၄၃၃]တို့မှ အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၂၇/၂၂၉)၊ပထမထပ်၊ အခန်းအမှတ်(၅)တိုက်ခန်းအား လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဒေါ်ခင်ခင်လွင် [၁၂/တမန(နိုင်)၀၈၆၃၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ၁၅-၉-၂၀၁၆ရက်တွင် ပေးချေထားပြီးဖြစ်ရာကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးမင်းဆွေ(၂၀၂၁/၈၁)၊ ဒေါ်နှင်းဝေအောင်(၁၀၉၁၈/၁၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ဇင်မာလှိုင်(၁၀၉၀၂)၊ အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အခန်း-၁၄(A)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၁၉၆၁၇၈၊ ၀၉-၇၉၅၁၉၆၁၇၈**

### အမည်ပြောင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပိတောက်ကုန်းရွာနေ ဦးဇော်ထွေး-ဒေါ်ဖြူဖြူအောင်၏သမီး အမက ဒေါက်လောက်၊ တတိယတန်းမှ မမြတ်လေးဖြူအား မမြတ်လေးခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်လေးခိုင်**

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

**(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲငယ် (တ) ကို ပယ်ဖျက်ရမည်။**

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(ထ) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှု ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း ၅ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ ပါဝင်သော ၃ နှစ်အထိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။"**

၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင် ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့် နေရာများကို အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။"**

၄။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော အတည်ပြုချက်ဈေးနှုန်းကို သတ်မှတ်ပေးရမည်။**

**(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လုပ်ကွက်အတန်းအစားအလိုက် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုလွှာခေါ်ယူရမည်။"**

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၁။ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။"

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်၍ ရွေးချယ်အတည်ပြုထားသော အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

(ခ) ပုဒ်မ ၁၂-က ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၁၂-က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့် စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် လုပ်ကိုင်ရမည်။"**

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာ လုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့် သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။"**

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က)အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် အတည်ပြုဈေးနှုန်းကို သတ်မှတ်ရမည်။"**

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၆)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ရောင်းချခွင့်ရှိသည်။"**

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င)၏ အောက်တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"(စ) ကျောက်မျက်ရတနာထွက်ရှိရာ ဒေသများတွင် ကျောက်မျက်ရတနာ အရောင်းအဝယ် ပြုလုပ်ရာနေရာများအား ကျောက်မျက်ရတနာဈေးအဖြစ် သတ်မှတ်ပေးရန်။"**

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၀၏ အောက်တွင် ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၃၁။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၇၊ ၂၈၊ ၂၉၊ ၃၀တို့အရ အခွန်အခများကို ပေးဆောင်ပြီးသည့်အခါ ယင်းကျောက်မျက်ရတနာရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။"**

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(၂) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာန အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ "**

(ခ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(၅) ကျောက်မျက်ရတနာနှင့် သက်ဆိုင်သော အသင်းအဖွဲ့များမှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်(၃)ဦး၊"**

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(ဈ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ဗဟိုကျောက်မျက်ရတနာကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျင်းပစေခြင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊"**

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)၏ အောက်တွင် ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ည) ကျောက်မျက်နည်းပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဈေးများ၊ ကျောက်မျက်ပြတိုက်များအား ဖွင့်လှစ်ပေးခြင်း။"

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ)၏ အောက်တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဃ)အထက်ပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စစ်ဆေးရာတွင် MEITI အပါအဝင် ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။"

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၅၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းချခြင်းလုပ်ငန်းကို လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။"**

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅၃။ ဤဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့်ကုမ္ပဏီ သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမဆို -"**

---

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဟားခါး စက်တင်ဘာ ၂၃**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကိုအစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ ချင်းရိုးရာအက (အဖွဲ့လိုက်/တစ်ဦးချင်း) ပြိုင်ပွဲကိုလည်းကောင်း၊ တစ်ပင်တိုင်အက(အခြေခံ-၁၅-၂၀)ပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်အထိ သုံးရက်ကြာ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## လူနဲ့ အလေ့အကျင့်

ဆူဒိုနင်

### မင်္ဂလာရှိတဲ့ နှုတ်

"သူကတော့ ဖခင်ကောင်းပါပဲ၊ တော်တဲ့သူပါပဲ၊ ဒါပေမယ့်လည်း တယောက်နဲ့ တယောက် အကြောင်းမတိုက်ဆိုင်တော့တဲ့အချိန်ကျတော့ တယောက်နဲ့ တယောက် လက်ပြနှုတ်ဆက်ဖို့ ဆုံးဖြတ်ခဲ့ကြတာပေါ့"

ခုတလော အလွန်လူကြိုက်များရေပန်းစားနေတဲ့ သားသည်အမေ တိုင်းရင်းသူ ကိုယ်ဟန်ပြမယ်လေးရဲ့ ရုပ်မြင်သံကြားတွေ့ဆုံခန်းတိုလေးမှာ အမှတ်မထင် ကြားလိုက်ရတာပါ။ သူ့စကားလေးကိုသဘောကျလိုက်တာ။

အိမ်ထောင်ရေးမှာလမ်းခွဲလိုက်ကြရတဲ့ အဆင့်ကိုရောက်ပြီဆိုရင် တဖက်နဲ့တဖက် နာစရာတွေ၊ မုန်းစရာတွေ၊ အခဲမကျေစရာတွေကဘေးထွက်ပစ္စည်းတွေအဖြစ် ကျန်ရစ်တတ်စမြဲပါ။ အဲဒါကို သည်အမျိုးသမီးလေးက သိမ်သိမ်မွေ့မွေ့၊ ညင်ညင်သာသာလေးပြောသွားတယ်။ သည့်ထက်ပိုတာကအေးအေးချမ်းချမ်းလေးပြောသွားတာပါ။ သူ့ရင်ထဲမှာဘယ်လိုရှိနေမယ်ဆိုတာ သူသာအသိဆုံးဖြစ်မှာပါ။ သို့ပေတည့် လူပုံအလယ်၊ ပရိသတ်အများရှေ့မှာသူပြောလိုက်ပုံလေးနဲ့ သူသုံးသွားတဲ့ စကားလုံးလေးတွေကတင့်တယ်နေပါတယ်၊ မင်္ဂလာရှိနေပါတယ်။

သည်လိုဆိုလိုက်တဲ့အတွက် အမှန်တရားကိုသကာဖုံးပြီးမှသားသုံးတာကို အားပေးလိုက်တာမဟုတ်ပါဘူး။ ရှေးကလူရွှင်တော်ကြီးများရဲ့ ပြက်လုံးထဲကလို အမေအရွယ် မိန်းမကြီးတယောက်ကို "အဒေါ်ကြီးက ကျွန်တော့်အမေနဲ့ တူလိုက်တာဗျာ"လို့ ပြောမယ့်အစား "အဒေါ်ကြီးက ကျွန်တော့်အဖေရဲ့ မယားကြီးနဲ့ တူလိုက်တာဗျာ"လို့ ပြောလိုက်တာမျိုးဟာ မသင့်လျော်လှတဲ့အကြောင်းကိုပြောလိုရင်း ဖြစ်ပါတယ်။

### စကားထဲက ပြတဲ့ ဇာတိလေးတွေ

အဲဒီ ကိုယ်ဟန်ပြမယ်လေးရဲ့ တွေ့ဆုံမေးမြန်းခန်းမတိုင်ခင် ရက်ပိုင်းကပဲ နောက်ထပ် အကျော်ဇေယျတယောက်ရဲ့ အရုပ်အသံနဲ့ သူ့အိမ်ထောင်ဟောင်းအကြောင်းပြောတာလေးလည်း ရှုမြင်နားဆင်ခဲ့ရသေးတယ်။ အဲဒီတစ်ယောက်ကကျတော့ တဖက်လူကိုအပြစ်ပုံထားတာ ကြားလိုက်ရတယ်။ အဲဒီအခါကျတော့ သူနဲ့လမ်းခွဲလိုက်သူ တဖက်သားအပေါ်မှာမလိုလားအပ်တဲ့ ဆိုးကျိုးတွေ သက်ရောက်ကုန်ပြီးဟိုတဖက်သားက ပြန်ချေတဲ့အခါမှာတော့ ဇာတ်လမ်းတွေဟာ လိုတာထက်ပိုပြီး ရှုပ်ကုန်တာကိုလည်းပရိသတ်က မြင်လိုက်ရပါတယ်။

သည်နှစ်ယောက်မှာကွာခြားတာကတော့ သဘောထားလို့ မြင်မိပါတယ်။ နောက်တချက် ကွာခြားတာကအလှမယ်ကအစကတည်းကသူ့ကိုယ်သူသားသည် အမေ၊ အိမ်ထောင်ပျက်လို့ ကြေညာထားခဲ့ပြီးထင်ပေါ်လာတာပဲ။ မူလကတည်းကအလှမယ်ဟာပရိသတ်အပေါ် ရိုးသားခဲ့တယ်လို့ ပြောရင်သင့်မလားမသိဘူး။

သည်မှာမှ အရေးကြီးဆုံးအချက်တချက်ကိုသွားတွေ့မိပြန်တယ်။ အဲဒါကတော့ ဘာသာတရားရဲ့အဆုံးအမနဲ့ လွတ်ကင်းခြင်း၊ မလွတ်ကင်းခြင်းဟာ လူတွေရဲ့ သဘောထားနဲ့ တိုက်ရိုက်အချိုးကျနေသလားလို့ ဆင်ခြင်ကြည့်စရာပဲဖြစ်ပါတယ်။

### ခရစ်ယာန်ဘာသာဝင် အများစုရဲ့ အမူအကျင့်ကောင်းလေးတွေ

အလှမယ်လေးရဲ့ စကားဝဲပုံနဲ့ သူ့တိုင်းရင်းဇာစ်မြစ်အရသူဟာခရစ်ယာန်ဘာသာဝင် ဖြစ်ဖို့ တော်တော် သေချာသလောက်ပါပဲ။ ကျွန်တော်က ဆိုရှယ်လစ်ပညာရေးမဟာမတိုင်ခင် သာသနာပြုကျောင်းတွေကို အဖျားအနားမီလိုက်ပါသေးတယ်။ ကျွန်တော့်ရဲ့ ကန့်ကူလက်လှည့် ဆရာမကြီးဟာ ကျွန်တော်မိခင်ကြီးဆရာမအဖြစ် တာဝန်ထမ်းဆောင်ရာသာသနာပြုကျောင်းက ကျွန်တော့်အမေရဲ့ ဆရာမလည်းဖြစ်ဖူးသူ ဘုရင်ဂျီဘာသာဝင်မယ်သီလရှင်ကြီးဖြစ်ပါတယ်။

သာသနာပြုကျောင်းတွေ ပြည်သူပိုင်သိမ်းပြီး ဆိုရှယ်လစ်ပညာရေးမဟာကိုမိတ်ဆက်ချိန်မှာ ကျွန်တော်နှစ်တန်းရောက်နေပါပြီ။ သို့ပေတည့် လေးတန်းမှာကျောင်းအိပ်ကျောင်းစားနေတော့လည်း ပြည်သူပိုင်သိမ်းပြီးခါစနှစ်နှစ်မျှသာရှိသေးတဲ့ သာသနာပြုကျောင်းမှာနေရတာဆိုတော့ ကျွန်တော်တို့နဲ့ အနီးကပ်ရှိနေတဲ့ အဆောင်အုပ်ချုပ်သူခရစ်ယာန်တွေနဲ့ ကြုံဆုံခွင့်ရခဲ့ပါတယ်။

အရွယ်ရောက်လာချိန်မှာလည်း ခရစ်ယာန်ဘာသာဝင်အပါအဝင် ဘာသာစုံကသူငယ်ချင်းတွေကအများကြီး။ ကျွန်တော်ကြိုက်ဖူး၊ ညှော်ဖူးတဲ့ မိန်းကလေးတွေထဲမှာကို ခရစ်ယာန်ဘာသာဝင်က သုံး၊ လေးယောက်ပါသေးတယ်။ ယုတ်စွအဆုံးနာဂစ်မုန်တိုင်းအပြီးတတ်စွမ်းသမျှ ဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်တော့်ကိုအသိအမှတ်ပြုပြီး ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ပေးခဲ့တာက မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်ဘာသာအသင်းတော်ဖြစ်ပါတယ်။ ဟောပြောပွဲဆိုလည်း အင်းစိန်က ခရစ်ယာန်ကျမ်းစာသင်ကျောင်း၊ အလုံကခရစ်ယာန်ကျောင်း၊ မြေနီကုန်းက ကချင်ခရစ်ယာန်ကျောင်းတွေမှာ ကျွန်တော် ခဏခဏ ဟောပြောခဲ့ဖူးပါတယ်။

အဲတော့ ကျွန်တော့်မှာခရစ်ယာန်ဘာသာနဲ့ကတခြားဘာသာတွေထက်ပိုပြီးရင်းနှီး ကျွမ်းဝင်နေပါတယ်။ သည်အခါမှာ ကျွန်တော်နဲ့ ကြုံဆုံဆက်ဆံဖူးလေသမျှ တိုင်းရင်းသားခရစ်ယာန်ဘာသာဝင်တွေ အားလုံးဟာအပြောအဆိုအနေအထိုင် နူးညံ့သိမ်မွေ့လွန်းလှတာကိုကောင်းကောင်းကြီးသတိထားမိနေခဲ့ပါတယ်။ စာဖတ်သူလူကြီးမင်းလည်း သေချာပြန်ဆင်ခြင်ကြည့်မယ်ဆိုရင် မိမိတို့ပတ်ဝန်းကျင်က တခြားဘာသာဝင်တွေရဲ့ အပြုအမူစရိုက်တွေကို ကျွန်တော့်လိုပဲမှုဒိတာနဲ့ မြင်လာကြမယ် ထင်ပါတယ်။

### ဘာသာကိုပြောနေတာမဟုတ်၊ ဘာသာဝင်အများစုရဲ့စရိုက်နဲ့ ဘာသာရေးဝန်းကျင်ကိုဆင်ခြင်ကြည့်တာ

သည်စာဟာခရစ်ယာန်ဘာသာကို ချီးပတဲ့ စာမဟုတ်ပါဘူး။ အဲဒီဘာသာဝင်တွေရဲ့စရိုက်နဲ့ အနေအထိုင်ကို မုဒိတာနဲ့မြင်မိတဲ့ အမြင်ကို တင်ပြတာ ဖြစ်ကြောင်းအထူးပြောလိုပါတယ်။

ကျွန်တော်ဟာ မိရိုးဖလာဗုဒ္ဓဘာသာဝင်ဘဝကနေမိမိဘာသာဖတ်ရှု၊ လေ့လာဆင်ခြင်ပြီး ဗုဒ္ဓတရားတော်များကို နှစ်နှစ်ကာကာလေးလေးနက်နက် သက်ဝင်ယုံကြည်သူရယ်လို့ ကိုယ့်ကိုယ်ကိုယ် ခံယူထားပါတယ်။ ဒါ့ကြောင့် သည်စာဟာဘာသာရေးကို ဆွေးနွေးတာမဟုတ်ဘဲမူကွဲတဲ့ ဘာသာနှစ်ခုကဘာသာဝင်အများစုရဲ့ အမူအကျင့်တွေကိုဖော်ပေးဖို့ ရည်ရွယ်ရင်း ဖြစ်ပါတယ်။

အဓိကကတော့ ခရစ်ယာန်ဘာသာဝင်တွေဟာအပတ်စဉ် တနင်္ဂနွေနေ့တိုင်းဝတ်မပျက်ဘဲဘုရားကျောင်းတက်ကြတဲ့ အလေ့အထပဲ ဖြစ်ပါလိမ့်မယ်။ အနောက်နိုင်ငံတွေမှာတော့ သိပ္ပံထွန်းကားလာတာနဲ့အညီ ထာဝရဘုရားကို မေးခွန်းတွေ ထုတ်လာကြပြီး ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူနည်းပါးလာနေတာမို့ သူတို့ဆီမှာဘုရားကျောင်းတက်ကြတဲ့ အလေ့အကျင့်ကလည်းပါးလျနေတာကိုလည်းသတိထားမိပါတယ်။ အနောက်တိုင်းသားမဟုတ်တဲ့ တခြားလူမျိုးတွေထဲက ခရစ်ယာန်ဘာသာကိုသက်ဝင်ယုံကြည်သူတွေကတော့ သည်အလေ့အထလေးကိုထိန်းထားဆဲပါပဲ။

အဲဒီအပတ်စဉ် ဘုရားကျောင်းသွားတဲ့ အလေ့အထကသူတို့တွေကို လူအများနဲ့ အဖျင်းဆုံးတပတ်တကြိမ် ဆုံခွင့်ပေးထားပါတယ်။ ဘုန်းကြီးတွေနဲ့ဆုံတယ်၊ တရားဟောဆရာတွေနဲ့ဆုံတယ်၊ ကိုယ့်နည်းတူ သက်ဝင်ယုံကြည်သူအများအပြားနဲ့ ဆုံခွင့်ရနေကြပါတယ်။ နောက်တချက်ကဘာသာတရားရဲ့အဆုံးအမ၊ တနည်းပြောရရင် သူတို့ဘာသာရဲ့ တရားတွေကိုလည်းအနည်းဆုံးတပတ်တကြိမ်တော့ နာကြားခွင့်ရနေကြတယ်။ သည်ကမှ တခြားလူမှုရေးလုပ်ငန်းတွေ၊ ကုသိုလ်ဖြစ်လုပ်ငန်းတွေ၊ အားကစားလုပ်ငန်းတွေမှာစုစည်းပြီးလုပ်ဆောင်ဖြစ်ကြရာက အများနဲ့သဟဇာတဖြစ်အောင် ပိုနေတတ်လာကြတော့သလိုဘဝနေနည်းတွေကိုလည်းအလိုလိုသင်ယူလာခဲ့ကြတာလို့ မြင်နေမိရပါတယ်။

### အသိုင်းအဝိုင်းနဲ့ နေတတ်အောင်ကအလေ့အကျင့်လေးတွေ ရထားမှ

လူရယ်လို့ ဖြစ်လာတဲ့အခါ လူ့အသိုင်းအဝိုင်းအလယ်မှာလူတွေနဲ့ ဆက်ဆံနေထိုင်ကြရသူချည်းပါပဲ။ အဲဒီအခါ လူ့အသိုင်းအဝိုင်းမှာအဆင်ပြေပြေ၊ အသားကျကျ နေတတ်ဖို့ကအလေ့အကျင့် လိုပါတယ်။ အတွေ့အထိများဖို့ လိုပါတယ်။ အဲလိုအတွေ့အထိများအောင် မိသားစုတွေကငယ်ကတည်းက ပံ့ပိုးမပေးထားရင် "ပေတူးဂျစ်ကပ်"လေးတွေ၊ "အိမ်ကျယ်"လေးတွေဖြစ်လာကြပြီး အရွယ်ရလာတဲ့အခါ လူ့ဘောင်ထဲကထော်လော်ကန့်လန့်တွေ၊ တစ်ရွာလုံးနဲ့ ငါ့ကြီးတော်ဆိုတဲ့ လူတကာနဲ့ မတည့်သူတွေ ဖြစ်လာတော့မှာပါ။

ခက်တာကကနေ့ခေတ် မိသားစုတွေမှာကသားသမီးကို ဂရုစိုက်ဖို့ထက် စားဝတ်နေရေးကိုပိုလုံးပမ်းနေကြရတာမို့ ကလေးတွေကို ဘယ်လိုပျိုးထောင်ဖြစ်နေမှန်းကိုမသိကြသူကခပ်များများပါ။ သည်အခါမှာ ခရစ်ယာန်တို့အတွက်ကျ ဘာသာရေးပတ်ဝန်းကျင်ကအဲဒီ့ကွက်လပ်ကို ဖြည့်စွက်ပေးနေသလားဆိုတာ အတော် စဉ်းစားစရာကောင်းပါတယ်။

အမှန်တော့ ကျောင်းနေဘဝမှာလည်းအလွန်အရေးကြီးပါတယ်။ အထူးသဖြင့် တက္ကသိုလ်တက်ချိန်မှာပါ။ တချိန်က တက္ကသိုလ်တွေမှာ အဆောင်တွေ ရှိတယ်။ အဲဒါဟာလူအများနဲ့ အဆင်ပြေပြေဆက်ဆံနည်းကို ကြီးကောင်ဝင်စအချိန်တွေမှာသင်ကြားလေ့ကျင့်ပေးတဲ့ နည်းတနည်းပါပဲ။ ဟိုးတချိန်ဆိုရှယ်လစ် ပညာရေးမဟာကြီးမစတင်ခင်က တက္ကသိုလ်ကျောင်းသားအများစုဟာအဆောင်တွေမှာနေကြတယ်။ သဟာယသင်း၊ စာဖတ်သင်း၊ ဘာသင်း၊ ညာသင်းတွေမှာပါဝင်ခဲ့ကြတယ်။ အဲလိုနဲ့တက္ကသိုလ်ပညာ ပြီးဆုံးလို့ လူ့ဘဝထဲဝင်လာတဲ့အခါ လူမှုဆက်ဆံရေးအလေ့အကျင့် တွေကအလိုလိုရလာခဲ့ကြတာမို့ လူ့ဘောင်နဲ့အံဝင်ခွင်ကျ ပြောတတ်ဆိုတတ် နေထိုင်တတ်သူတွေ ဖြစ်လာပါတော့တယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ်ကစပြီးကျောင်းသားကိုကျောင်းသားလို့ မမြင်ဘဲ "ရန်သူတော်"တွေအဖြစ် မြင်တဲ့အမြင်ကအရိုးစွဲလာတဲ့အခါမှာတော့ တက္ကသိုလ်ကျောင်းတော်သားတွေမှာအသင်းအပင်းလည်းမရှိတော့၊ အဆောင်နေဘဝကလည်း တစ်စထက်တစ်စ တိမ်ကောပြီးအဆောင်တွေကို ပိတ်ချလိုက်ကြပြန်လေတော့ကာ "အင်း" လူ့ဘောင်နဲ့ အံဝင်အောင်မနေတတ်၊ လူတောကောင်းကောင်းမတိုးတတ်သော်လည်းဘွဲ့လက်မှတ်ဆိုတဲ့ စက္ကူအထပ်လိုက် ကိုင်ထားသူတွေကိုအင်တိုက်အားတိုက် မွေးထုတ်တော့တာပေါ့။

အလှမယ်လေးရဲ့ အဖြေနောက်ကွယ်မှာ တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်းမတူ၊ အမြင်ချင်းမတူတာကိုအသာတကြည်လက်ခံနိုင်စွမ်းကိုလည်းတွေ့ရတယ်။ လူပေါင်းစုံနဲ့ ငယ်ကတည်းကထိတွေ့ ဆက်ဆံခဲ့ဖူးတဲ့အတွက် လူတစ်ယောက်နဲ့တစ်ယောက် မတူကွဲပြားတာ၊ သူ့သဘောနဲ့ ကိုယ့်သဘောတူချင်မှ တူမှာတွေကိုသဘောပေါက်ထားပြီး ဖြစ်နေတဲ့သဘောပါပဲ။ နောက်တချက်ကကိုယ့်အတွက်ကျ တကွက်ချန်ပြီးအပြစ်မှန်သမျှ တဖက်သားအပေါ် ပုံချတဲ့အပြောမျိုးလည်း သူ့ဆီမှာမတွေ့လိုက်ရဘူး။ ဒါလည်းအများနဲ့ နေသားကျနေတဲ့ အလေ့အကျင့်က ပေါက်ဖွားလာတာပဲဖြစ်လေမလားလို့ တွေးမိနေရပြန်ပါတယ်။

အိမ်ထောင်ပျက် အမျိုးသမီးငယ် နှစ်ဦးရဲ့ လူသိရှင်ကြားပြောပုံဆိုလက်များကိုအခြေခံပြီးတွေးမိသွားတာ၊ အများလည်းတွေးကြည့်သင့်မယ် ထင်တာလေးတွေကိုကပေါက်တိကပေါက်ချာချရေးကြည့်လိုက်တာပါ။ ကျွန်တော်များလောဘတွေ သိပ်ကြီးနေမိသလားတော့ မသိဘူး၊ မျိုးဆက်သစ်တွေဆီမှာ လူအများနဲ့ လိုက်လျောညီထွေ နေတတ်ထိုင်တတ်တဲ့ အကျင့်၊ အပြစ်တင်မောင်းမဲတာတွေ ပပျောက်ပြီး မျှတတဲ့အမြင်နဲ့ ကျင့်ကြံနေထိုင်သွားတဲ့ စရိုက်ကလေးတွေ ပိုင်ဆိုင် နေစေချင်တာအရမ်းပါပဲ။

သည်အတွက် ကျွန်တော်တို့ ဘာတွေ လုပ်ပေးကြမလဲ၊ ဘယ်လိုပျိုးထောင်ပေးကြမလဲ၊ ဘယ်လိုလေ့ကျင့်ပေးသွားကြမလဲဆိုတာ သည်စာကိုဖတ်မိသူတိုင်းဝိုင်းဝန်းစဉ်းစားပေးကြပါလားခင်ဗျာလို့ မရဲတရဲနဲ့ မေတ္တာရပ်ခံလိုက်ချင်ပါတယ်။ အာလုံးအတွက် တွေးဆဆင်ခြင်စရာတစုံတရာရသွားလိမ့်မယ်လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။ ။

> လူရယ်လို့ ဖြစ်လာတဲ့အခါ လူ့အသိုင်းအဝိုင်းအလယ်မှာလူတွေနဲ့ ဆက်ဆံနေထိုင်ကြရသူချည်းပါပဲ။ အဲဒီအခါ လူ့အသိုင်းအဝိုင်းမှာအဆင်ပြေပြေ၊ အသားကျကျနေတတ်ဖို့ကအလေ့အကျင့်လိုပါတယ်။ အတွေ့အထိများဖို့ လိုပါတယ်။ အဲလိုအတွေ့အထိများအောင် မိသားစုတွေကငယ်ကတည်းက ပံ့ပိုးမပေးထားရင် "ပေတူးဂျစ်ကပ်"လေးတွေ၊ "အိမ်ကျယ်" လေးတွေဖြစ်လာကြပြီး အရွယ်ရလာတဲ့အခါ လူ့ဘောင်ထဲကထော်လော်ကန့်လန့်တွေ၊ တစ်ရွာလုံးနဲ့ ငါ့ကြီးတော်ဆိုတဲ့ လူတကာနဲ့မတည့်သူတွေ ဖြစ်လာတော့မှာပါ။

ပရီမီယာလိဂ်ရင်ခုန်သံ-၆

# ချယ်လ်ဆီးကို အနိုင်ကစားဖို့ခက်ခဲနိုင်တဲ့အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် - ၅ မှာ ချယ်လ်ဆီးက လီဗာပူးကို ရှုံးတယ်။ အခု စက်တင်ဘာ ၂၄၊ ၂၅၊ ၂၇ မှာကစားမယ့် ပွဲစဉ်-၆ မှာလည်း ချယ်လ်ဆီးက အာဆင်နယ်နဲ့ရင်ဆိုင်ရမယ်။ ဒါကြောင့် ချယ်လ်ဆီးနိုင်ပွဲပြန် ရမလားစောင့်ကြည့်ရမှာဖြစ်ပြီး မန်ယူနဲ့လက်စတာဆုံတဲ့ပွဲကလည်း အကြိတ်အနယ်ရှိနိုင်ပါတယ်။



© Getty Images

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | | |
|---|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - | ၅ ဂိုး |
| အန်တိုနီယို(ဝက်စ်ဟမ်း) | - | ၅ ဂိုး |
| ကာပူး(ဝက်ဖို့ဒ်) | - | ၄ ဂိုး |
| လူကာကူ (အဲဗာတန်) | - | ၄ ဂိုး |
| အီဗရာဟီမိုဗစ်ချ်(မန်ယူ) | - | ၄ ဂိုး |
| ဆန်းချက်ဇ်(အာဆင်နယ်) | - | ၃ ဂိုး |
| အဂူရို(မန်စီးတီး) | - | ၃ ဂိုး |

ပွဲစဉ် (၅)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၅ | ၅ | ၀ | ၀ | ၁၅ | ၄ | ၁၁ | ၁၅ |
| ၂ | အဲဗာတန် | ၅ | ၄ | ၁ | ၀ | ၁၀ | ၃ | ၇ | ၁၃ |
| ၃ | စပါး | ၅ | ၃ | ၂ | ၀ | ၈ | ၂ | ၆ | ၁၁ |
| ၄ | အာဆင်နယ် | ၅ | ၃ | ၁ | ၁ | ၁၂ | ၇ | ၅ | ၁၀ |
| ၅ | ချယ်လ်ဆီး | ၅ | ၃ | ၁ | ၁ | ၁၀ | ၆ | ၄ | ၁၀ |
| ၆ | လီဗာပူး | ၅ | ၃ | ၁ | ၁ | ၁၁ | ၈ | ၃ | ၁၀ |
| ၇ | မန်ယူ | ၅ | ၃ | ၀ | ၂ | ၈ | ၆ | ၂ | ၉ |
| ၈ | ခရစ္စတယ်ပဲလေ့စ် | ၅ | ၂ | ၁ | ၂ | ၇ | ၅ | ၂ | ၇ |
| ၉ | ဝက်ဖို့ဒ် | ၅ | ၂ | ၁ | ၂ | ၁၀ | ၉ | ၁ | ၇ |
| ၁၀ | ဝက်စ်ဘရွန်း | ၅ | ၂ | ၁ | ၂ | ၆ | ၅ | ၁ | ၇ |
| ၁၁ | လက်စတာ | ၅ | ၂ | ၁ | ၂ | ၇ | ၇ | ၀ | ၇ |
| ၁၂ | ဟားလ်စီးတီး | ၅ | ၂ | ၁ | ၂ | ၆ | ၇ | -၁ | ၇ |
| ၁၃ | မစ်ဒယ်ဘရော့ | ၅ | ၁ | ၂ | ၂ | ၅ | ၇ | -၂ | ၅ |
| ၁၄ | ဆောက်သမ်တန် | ၅ | ၁ | ၂ | ၂ | ၄ | ၆ | -၂ | ၅ |
| ၁၅ | ဆွမ်ဆီး | ၅ | ၁ | ၁ | ၃ | ၄ | ၇ | -၃ | ၄ |
| ၁၆ | ဘန်လေ | ၅ | ၁ | ၁ | ၃ | ၃ | ၈ | -၅ | ၄ |
| ၁၇ | ဘုန်းမောက် | ၅ | ၁ | ၁ | ၃ | ၃ | ၉ | -၆ | ၄ |
| ၁၈ | ဝက်စ်ဟမ်း | ၅ | ၁ | ၀ | ၄ | ၇ | ၁၃ | -၆ | ၃ |
| ၁၉ | ဆန်းဒါးလန်း | ၅ | ၀ | ၁ | ၄ | ၃ | ၉ | -၆ | ၁ |
| ၂၀ | စတုတ် | ၅ | ၀ | ၁ | ၄ | ၃ | ၁၄ | -၁၁ | ၁ |

### မန်ယူ - လက်စတာ

ည ၆း၀၀ (၂၄-၉-၁၆)

လက်စတာက ဘန်လေကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းထင် သလောက်ကောင်းမွန်မှု မရှိသေးဘူး။ စလီမာနီခြေစွမ်းပြခဲ့လို့သာဂိုးတွေရခဲ့တာဖြစ်ပြီး အသင်းလိုက်ကစားပုံကသာမန်သာရှိသေးတယ်။ ဒါ့အပြင် လက်စတာက ကြားရက်မှာ ချယ်လ်ဆီးနဲ့ လိဂ်ဖလားပွဲကစားခဲ့ရလို့ ပွဲပန်းနိုင်သလို ချန်ပီယံလိဂ်လည်းရှိတယ်။ မန်ယူကလည်း ယူရိုပါလိဂ်ရှိပေမယ့် အိမ်ကွင်းဖြစ်နေတယ်။ ဒါကြောင့် အိမ်ကွင်းမှာအား စိုက်လာမယ့် မန်ယူပဲအနိုင်ရမယ်။

### လီဗာပူး - ဟားလ်စီးတီး

ည ၈း၃၀ (၂၄-၉-၁၆)

ဟားလ်ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိနေပါတယ်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး တစ်ယောက်လျှော့အနေအထားကြောင့်သာ ရှုံးပွဲကြုံခဲ့ရတာဖြစ်တယ်။ အဲဒီပွဲရှုံးနိမ့်ခဲ့ရတာကြောင့်လည်း ဟားလ်တို့ဒီပွဲစဉ်မှာ ရလဒ်ကောင်းဖို့ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လီဗာပူးခြေကကောင်း မွန်မှုရှိနေသလို အိမ်ကွင်းဖြစ်နေပါတယ်။ လီဗာပူးပဲနိုင်မယ်။

### စတုတ် - ဝက်စ်ဘရွန်း

ည ၈း၃၀ (၂၄-၉-၁၆)

စတုတ်ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတာကြောင့် ဝက်စ်ဘရွမ်းကိုဖိအားပေးနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဘရွန်းကလည်း ဝက်စ်ဟမ်းကို အနိုင်ရခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းကသာမန်သာရှိပြီး ဝက်စ်ဟမ်းရဲ့ခြေစွမ်းပိုင်းအားနည်းမှုတွေကြောင့်သာ နိုင်ပွဲရခဲ့တာဖြစ်တယ်။ စတုတ်သရေလောက်တော့ရမယ်။

### ဆွမ်ဆီး - မန်စီးတီး

ည ၈း၃၀ (၂၄-၉-၁၆)

မန်စီးတီးက လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရကောင်းမွန်မှုရှိ နေပါတယ်။ ကွင်းလယ်ကစားပုံကကောင်းမွန်မှုရှိသလို ဒီဘရူနီ၊ နာချို၊ စတားလင်းတို့ ခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ပိုင်း ကလည်းထိုးဖောက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ မန်စီးတီးအနေနဲ့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတယ်ဆိုပေမယ့်လည်းဆွမ်ဆီး ခြေကလည်း သာမန်သာရှိပါတယ်။ ဒီပွဲကိုဆွမ်ဆီးတို့အိမ်ကွင်းမှာက စားရမှာဖြစ်ပေမယ့်လည်း မန်စီးတီးကသာဖိအားပေးကစားနိုင်မှာပါ။

### ဝက်စ်ဟမ်း - ဆောက်သမ်တန်

ည ၉း၃၀ (၂၅-၉-၁၆)

ဝက်စ်ဟမ်းခြေကအားနည်းနေပါတယ်။ အထူးသဖြင့်ခံစစ်ပိုင်း ကတည်ငြိမ်မှုမရှိပါဘူး။ နောက်ဆုံးပွဲစဉ် နှစ်ပွဲမှာ ရှစ်ဂိုးအထိပေးခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဟမ်းတို့ရလဒ်တွေဆက်တိုက်ညံ့နေတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဆောက်သမ်တန်ရဲ့ ခြေကလည်း အားနည်းနေကာ ယူရိုပါလိဂ်လည်းကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဝက်စ်ဟမ်းတို့နိုင်ပွဲရသွားနိုင်ပါတယ်။

### ဘုန်းမောက် - အဲဗာတန်

ည ၈း၃၀ (၂၄-၉-၁၆)

မန်စီးတီးကိုဂိုးပြတ် ရှုံးနိမ့်ခဲ့ရတာကြောင့် ဘုန်းမောက်တို့နိုင်ပွဲ ပြန်လည်ရရှိအောင် အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းပွဲ တွေမှာလည်း ဘုန်းမောက်ရဲ့ခြေစွမ်းပိုင်းနဲ့ ရှုန်းအားကလည်းပိုမိုပြီး ကောင်းမွန်မှုရှိတတ်တယ်။ ဒါပေမယ့်လည်း အဲဗာတန်ရဲ့ခြေကလည်း လက်ရှိအချိန်မှာ ကောင်းမွန်မှုရှိနေပါတယ်။ လူကာကူနဲ့ ဘိုလာစီတို့ တွဲဖက်မိလာတာကြောင့်လည်းတိုက်စစ်ပိုင်းကပိုမိုကောင်းမွန်လာတယ်။ ဒီပွဲစဉ်မှာလည်း အဲဗာတန်တို့ ဒုတိယနေရာတည်မြဲဖို့ အားစိုက်လာမှာသေချာနေတယ်။ အဲဗာတန်ပဲကပ်နိုင်မယ်။

### မစ်ဒယ်ဘရော့ - စပါး

ည ၈း၃၀ (၂၄-၉-၁၆)

မစ်ဒယ်ဘရော့က ခြေစွမ်းပိုင်းမဆိုးပါဘူး။ အဲဗာတန်ကို ရှုံးနိမ့်ခဲ့ရပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန် မှုရှိတတ်ပါတယ်။ ဒီပွဲစဉ်မှာလည်း မစ်ဒယ်ဘရော့တို့ရလဒ်ကောင်းဖို့ အားစိုက်လာမှာသေချာနေပါတယ်။ စပါးကလည်း ခြေစွမ်းပိုင်းက ကောင်းမွန်နေတာမှန်ပေမယ့်လည်း ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း စပါးတို့ ခြေကုန်ထုတ်နိုင်ဖို့ခက် ပါတယ်။ ဒါကြောင့်လည်း စပါးတို့အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

### ဆန်းဒါးလန်း - ပဲလေ့စ်

ည ၈း၃၀ (၂၄-၉-၁၆)

ဆန်းဒါးလန်းခြေစွမ်းပိုင်းက ဒီရာသီမှာ အားနည်းမှုတွေများနေ ပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက အားနည်းမှုတွေများနေတာကြောင့် ပဲလေ့စ်ရဲ့တုန့်ပြန်မှုကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ပဲလေ့စ်ရဲ့ခြေစွမ်း ပိုင်းကလည်း သာမန်သာရှိတယ်ဆိုပေမယ့်လည်း အသင်းလိုက်ကစားအားနဲ့ ခံစစ်ပိုင်းက ဆန်းဒါးလန်းထက်ပိုမိုတည်ငြိမ်မှုရှိပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းတို့အိမ်ကွင်းဖြစ်ပေမယ့် အခက်တွေ့နိုင်ကာ ပဲလေ့စ်တို့ကပ်နိုင်ခြေရှိတယ်။

### အာဆင်နယ် - ချယ်လ်ဆီး

ည ၁၁း၀၀ (၂၄-၉-၁၆)

အာဆင်နယ်က ဟားလ်ကိုအနိုင်ရခဲ့တယ်ဆိုပေမယ့်ခြေစွမ်းပိုင်း ကအကောင်းဆုံးမရှိခဲ့ပါဘူး။ ဟားလ်တို့တစ်ယောက်လျှော့အခြေအနေကြောင့်သာ အာဆင်နယ်တို့အသာရခဲ့တာဖြစ်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ချဲလ်ဆီးကတော့လီဗာပူးကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရဖို့အားစိုက်လာမှာဖြစ်သလို၃ ရောပပွဲလည်းမရှိဘူး။ အာဆင်နယ်သရေထက်ပိုမရနိုင်ဘူး။

### ဘန်လေ - ဝက်ဖို့ဒ်

နံနက် ၁း၃၀ (၂၇-၉-၁၆)

ဘန်လေက လက်စတာကိုရှုံးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပြန်လည် ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ဘန်လေရဲ့အသင်းလိုက်ကစားအားနဲ့ ခံစစ်ပိုင်းက ကစားပုံပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ခြေစွမ်းပိုင်းအရသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘန်လေတို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရယူသွားနိုင်ပါတယ်။ ဂိုးပြတ်ဖို့တော့ ခက်ခဲနိုင်ပါတယ်။

## နောက်တန်းကစားသမား ဒန်နီရိုစ် စပါးအသင်းတွင် ၂၀၂၁ ခုနှစ်အထိ ဆက်ရှိမည်

စပါးအသင်း၏ နောက်တန်းကစားသမား ဒန်နီရို့စ်သည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ရာ စပါးအသင်းတွင် ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်သည် လိဒ်စ်အသင်းမှ စပါးအသင်းသို့ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ရောက်ရှိလာခဲ့ပြီး လက်ရှိအချိန်အထိ စပါးအသင်းနှင့် ပွဲပေါင်း ၁၂၆ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ကိုးဂိုးအထိ သွင်းယူထားသည့် နောက်တန်းကစားသမားတစ်ဦးဖြစ်သည်။

နောက်တန်းကစားသမား ဒန်နီရို့စ်သည် မတ်လအတွင်းက ဘာလင်မြို့တွင် ကစားခဲ့သည့် နိုင်ငံတကာ ချစ်ကြည်ရေးပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းက ဂျာမနီအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိတွင် ဒန်နီရို့စ်သည် အင်္ဂလန်အသင်းနှင့်အတူ ရှစ်ပွဲအထိပါဝင်ကစားပေးထားပြီးဖြစ်သည်။ နောက် တန်းကစားသမား ဒန်နီရို့စ်သည် ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းလေးပွဲကစားခဲ့ရာ၌ သုံးပွဲအထိပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဒွန်ကတ်စတာနွယ်ဖွား နောက်တန်းကစားသမား ဒန်နီရို့စ်သည် စပါးအသင်းနှင့်အတူ ၂၀၁၄ ခုနှစ် ဇူလိုင် လအတွင်းက ချုပ်ဆိုခဲ့သည့်စာချုပ်အရ ၎င်း၏ ယခင်စာချုပ်သည် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိတွင် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

(ငွေကြယ်)



## ထောက်ပံ့ပစ္စည်းပေးအပ်၍ ပညာပေးစကားဝိုင်းပြုလုပ်

**ထားဝယ် စက်တင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ ဝဲကျွန်းညောင်ရမ်းရပ်ကုသိနာရုံလမ်း တိုင်းရင်းသားမိဘမဲ့များ ဘက်စုံပညာဖွံ့ဖြိုးရေးအမျိုးသမီးပညာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၏ဇနီး ဒေါ်မာမာလွင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့်အဖွဲ့ဝင်များ၊ ထားဝယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက တိုင်းရင်းသား မိဘမဲ့များ ဘက်စုံပညာဖွံ့ဖြိုးရေး အမျိုးသမီးပညာသင်ကျောင်းရှိ သီလရှင်နှင့်ကျောင်းသူ ၁၀၇ ဦးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ရာ သီလရှင်သင်အမျိုးသမီး ပညာရေးကျောင်းအုပ် ဒေါ်စန္ဒသီဂီက လက်ခံယူပြီး သီလရှင်၊ ကျောင်းသူများနှင့် ကျန်းမာရေးအသိပညာ ပေးစကားဝိုင်းဆွေးနွေးခဲ့ကြသည်။

ထောက်ပံ့ပစ္စည်းများမှာ ဗလာစာအုပ် ၁၅ ဒါဇင်၊ ဆေးစိမ်ခြင်ထောင် ၁၅ လုံး၊ တစ်ကိုယ်ရေးသုံးပစ္စည်း အထုပ် ၅၀၊ ဘောင်းဘီ အထည် ၅၀၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာမွှေးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်)**

## သနပ်ခါးစိုက်ပျိုးသူ များပြားလာသော်လည်း ဈေးကွက်ရရှိမှု နည်းပါးနေ

**မုံရွာ စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ အလယ်ပိုင်းသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့်အားလျော်စွာ သနပ်ခါးပင်များ စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကျောက်မှော်ကျေးရွာ သနပ်ခါးကို အဓိကထား စိုက်ပျိုးသူ များပြားလာသော်လည်း ယခင်ကကဲ့သို့ ဈေးကောင်းမရရှိဘဲ ဈေးကွက်ရရှိမှု နည်းပါးနေကြောင်း ကျောက်မှော်ကျေးရွာ ကွက်သစ်မှ သနပ်ခါး စိုက်ပျိုးသူတောင်သူတစ်ဦးက ပြောသည်။



သနပ်ခါးစိုက်ပျိုးခြင်းသည် စုဘူးသဖွယ်ဖြစ်ပြီး အနာဂတ်အတွက်ရည်ရွယ်ကာ စိုက်ပျိုးကြခြင်းဖြစ်သည်။ သနပ်ခါးစိုက်ပျိုးသူ တစ်ဦးကလည်း "ကျွန်တော်တို့ရွာမှာ သဲနီမြေအမျိုးအစားဆိုတော့ အခြားသီးနှံစိုက်ပျိုးသူနည်းပါတယ်။ ယခင်ကတည်းက မိရိုးဖလာ သနပ်ခါးကို အဓိကထား အများဆုံး စိုက်ပျိုးလာကြတာပါ။ ရွာမှာက အိမ်တိုင်းလိုလို မိမိအိမ်ဝိုင်းအတွင်း မြေလွတ်တဲ့နေရာမှာရော၊ သီးသန့်စိုက်ပျိုးမြေတွေမှာပါ သနပ်ခါးကို အားထားစိုက်ပျိုးကြတယ်။ ကျွန်တော်တို့ဒေသက တခြားသီးနှံထက်စာရင် သနပ်ခါးပင်က ပိုမိုဖြစ်ထွန်းတဲ့အတွက် မြေအားမထားဘဲ အများဆုံးစိုက်ပျိုးဖြစ်ပါတယ်။ ရွာထဲကလူတွေ အိမ်ထောင်ကျခါစမှာ သနပ်ခါးစိုက်ထားရင် ရင်သွေးရလို့ ကလေးကို ကျောင်းထားရမယ့်အရွယ်၊ လှူရမယ့်အရွယ်ဆို သနပ်ခါးရောင်းတန်းဝင်ချိန်နဲ့ ကွက်တိပဲ။ သနပ်ခါးပင်က အခုစိုက် အခုရောင်းရတာ မဟုတ်ပေမယ့် ဂရုတစိုက်ရှိမယ်ဆိုရင် ငါးနှစ်လောက်ကြာတာနဲ့ ရောင်းချနိုင်ပြီ။

"သနပ်ခါးပင်ကို စတင်စိုက်ပျိုးချိန်က တစ်ပင်ကို ကျပ် ၁၀၀ လောက်နဲ့ ဝယ်ယူပြီး သနပ်ခါးပင်ပေါက်လေးတွေကို တစ်ပင်နဲ့တစ်ပင် သုံးတောင်လောက်ခြားပြီး အပင် ၆၀၀ ကျော် စိုက်ထားပါတယ်။ နှစ်ရှည်ပင်ဖြစ်တဲ့အတွက် တအားကြီး ဂရုမစိုက်ရပေမယ့် သုံးနှစ်တစ်ကြိမ်လောက်တော့ မြေပဲခွံတို့၊ ဆိတ်ချေး၊ နောက်ချေးတို့ ပံ့မှန်ထည့်ပေးရတယ်။ ဆိတ်ချေးက ထွေလာဂျီ အလတ်တစ်စီးကို ကျပ် ၈၀၀၀၀ လောက်အထိ ပေးရတယ်။ ဒါ့အပြင် စိုက်ပျိုးထားတဲ့သနပ်ခါးပင်မှာ ပြပိုး၊ ကျိုင်းကောင်၊ ရွက်လိပ်ပိုး၊ ရွက်ထုပ်ပိုးတို့ ကျရောက်နေတာတွေ့ရင်လည်း ပိုးသတ်ဆေးဖျန်းပက်ပေးရပါတယ်။ ဒီမှာကတော့ ဖြစ်ထွန်းမှုအားကောင်းတဲ့ ပျိုးပင်စိုက်တဲ့သူများပါတယ်။ အစေ့စိုက်က အပင်ဖြစ်ထွန်းမှုအားနည်းတော့ အစိုက်နည်းတယ်။ သနပ်ခါးစေ့ဆို တစ်ပြည်ကို ကျပ် ၈၀၀၀၀ ကျော်လောက်အထိ ပေးရတယ်။ သနပ်ခါးက နှစ်ရှည်ပင်ဆိုတော့ ကျွန်တော်တို့အတွက်က စုဘူးလိုပဲ။ ကိုယ်ကုန်ကျထားတာလေးတွေကို နောင်တစ်ချိန်မှာ တစ်လုံးတစ်ခဲတည်း အကျိုးအမြတ်ပါ တစ်ပါတည်းရရှိတဲ့အတွက် သနပ်ခါးပင်တွေက ကျွန်တော်တို့အတွက် စိတ်ကူးယဉ် အိပ်မက်တွေပဲဗျာ့။ သနပ်ခါးပင်တွေ အရွယ်ရောက်လို့ ရောင်းပြီးရင် ထမင်းရည် ချောင်းစီး မောင်းတီးပြီး အလှူကြီးပေးမယ်ဗျာ" ဟုပြောကြားသည်။

လက်ရှိကာလတွင် သနပ်ခါးစိုက်ပျိုးသူ များလာသော်လည်း သနပ်ခါးဈေးကွက်မှာ ကျယ်ပြန့်လာခြင်းမရှိသောကြောင့် တောင်သူများ ထင်သလောက် အကျိုးမရှိကြောင်းကို ယင်းက "ဟိုးယခင်က သနပ်ခါးတွေ ဈေးကွက်ကောင်းခဲ့ပါတယ်။ အခုအချိန်မှာက သနပ်ခါးဈေးကွက်က ထက်ဝက်နီးပါး တော်တော်လေးကို ကျဆင်းနေပြီ။ အရင်က လုံးပတ်ရော အပွေးပါလှတဲ့ ငွေကျပ် ၂၀၀၀၀ လောက်ရတဲ့ သနပ်ခါးအပင်တွေက လက်ရှိမှာ ကျပ်၁၀၀၀၀ ဝန်းကျင်လောက်ပဲ ရတော့တယ်။ တချို့ ငွေကြေးတတ်နိုင်သူတွေက ခြံအကျယ်ကြီးတွေနှင့် သနပ်ခါးပင်တွေ စိုက်ပျိုးလာတာတွေ များပြားလာတာရယ်၊ အကြောင်းအမျိုးမျိုးကြောင့် သနပ်ခါးဈေးကွက်က အပြိုင်အဆိုင်ဖြစ်လာပြီး အထွက်များကာ ဝယ်လက်နည်းသွားတယ်။ ပခုက္ကူနဲ့ ဒေသတချို့က လက်ကားဝယ်လက်တွေကလည်း ပွဲတော်အကြီးတွေရှိမှ ဖြုန်းအားကောင်းတော့ ဝယ်လက်တွေလည်း အလာပါးတယ်။ အခုနောက်ပိုင်းမှာ သနပ်ခါးစိုက်တာ မရှုံးပေမယ့် အရင်ကလောက် အကျိုးအမြတ် သိပ်မရချင်တော့ဘူး" ဟု ပြောသည်။

စိုက်ပျိုးသူများပြီး ဈေးကွက်မလှသော်လည်း ရိုးရာသနပ်ခါးကို မြန်မာမိန်းကလေးတွေဟာ မနက်မိုးလင်းရင် အမြတ်တနိုး လိမ်းခြယ်လေ့ရှိကြသလို မြန်မာ့ဆေးကျမ်းမှာလည်း သနပ်ခါးသည် ပူ၏၊ သွေးကိုကြွစေ၏၊ ပူခါးချပ်ပွင့်ဖြစ်၏၊ ငန်းမန်းကိုနိုင်စေ၏၊ အပူနာ အအေးနာ နှစ်မျိုးလုံးတွင် သုံးနိုင်၏၊ အပင်၏အရွက်၊ အသီး ပင်စည် အမြစ်အားလုံးကို အသုံးပြုနိုင်သဖြင့် များစွာအကျိုးပြုသည့် အပင်ဖြစ်ကာ Myanmar TraditionalMake-Up အဖြစ် မြန်မာအမျိုးသမီးများ ခုံမင်နှစ်သက်စွာ ဝယ်ယူ သုံးစွဲနေကြဦးမည် ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## နယ်လှည့်စာကြည့်တိုက်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပူးပေါင်း ဆောင်ရွက်

**ပုသိမ်ကြီး စက်တင်ဘာ ၂၃**

ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၈၆)ပုသိမ်ကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲမှ ၁၂ အထိ အောင်ချမ်းသာကျေးရွာရှိ အမှတ် (၉၆) အ-လ-က(ခွဲ) ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးဝင်းက ကျေးဇူးတင်အမှာစကား ပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းက စာပေဖတ်ရှုမှုကြောင့် ရရှိသော အသိပညာ၊ ဗဟုသုတနှင့် အကျိုးကျေးဇူးရှိပုံတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ် (၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်အောင်ကျော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် ဆောင်ရန် ရှောင်ရန်တို့ကို ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို**



## မိုးကုတ်ဒေသထွက်တည်သီး ဈေးအမြင့်ဆုံးအခြေအနေရောက်ရှိ

**မိုးကုတ် စက်တင်ဘာ ၂၃**

မိုးကုတ်မြို့နယ်အတွင်း ဒေသထွက်ကုန် အသီးအနှံဖြစ်သည့် တည်သီးမှာ ရာသီကုန်ကာနီး အချိန်ကာလဖြစ်၍ ဈေးနှုန်းအနေဖြင့် ယခုအခါအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

တည်သီးနှင့် ပတ်သက်၍ မိုးကုတ်-မန္တလေးလမ်းမပေါ်ရှိ နန်းနွံ့ပေါ်တော်မူ မြတ်စွာဘုရားအနီး တည်သီးရောင်းသူတစ်ဦးအား မေးမြန်းရာ "တည်သီးဆိုတာကတော့ တောင်ပေါ်ဒေသ အအေးပိုင်းတွေမှာသာ ဖြစ်ထွန်းတဲ့ အသီးအနှံဖြစ်ပြီး မိုးကုတ်မြို့နယ်အတွင်းက ပန်လင်ကျေးရွာ၊ ပြောင်ခေါင်းကျေးရွာ၊ အင်းချောက်ကျေးရွာနဲ့ ကဆုတ်ကျေးရွာတွေမှာ အများဆုံး ဖြစ်ထွန်းပါတယ်။ တည်သီးတွေဟာ နှစ်စဉ် မိုးတွင်းကာလ ဇူလိုင်လကနေ နိုဝင်ဘာလလောက်အထိ အသီးသီးကြပါတယ်။ တအားသီးနေတဲ့အချိန်မျိုးတွေမှာတော့ ၅၀၊ ၆၀ ကျပ်လောက်ပဲရရှိပြီး ပေါ်ဦးပေါ်ဖျားနဲ့ အခုလို တုံးခါနီးအချိန်တွေမှာတော့ တစ်လုံးကို ကျပ် ၁၅၀၊ ကျပ် ၂၀၀ လောက်အထိ ဈေးကောင်းရရှိပါတယ်" ဟု ပြောပြသည်။

မိုးကုတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၀၀ ကျော်တွင် တည်ရှိသော တောင်ပေါ်မြို့ကလေးတစ်မြို့ဖြစ်ကာ ကုန်မြင့်အအေးပိုင်းတွင်သာ ဖြစ်ထွန်းသည့် အချင်း ၂ လက်မခွဲ အရွယ်ခန့်ရှိသည့် တည်သီးများ မိုးရာသီတွင် လှိုင်လှိုင်ဖြစ်ထွန်းကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကယားပြည်နယ် လွိုင်ကော်မြို့၌ပြုလုပ်

**လွိုင်ကော် စက်တင်ဘာ ၂၃**

၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကယားပြည်နယ်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးတို့က ကယားပြည်နယ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကယားပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် သဘင်အနုပညာရှင်များအစည်းအရုံးမှ သားငယ်၊ သမီးငယ်များနှင့် စိန်ညွန့်ရီ မင်္ဂလာဆိုင်းအဖွဲ့တို့ တွဲဖက်ပြီး ရှေးမူမပျက် သဘင်သမ္မစဉ် အပျိုတော်(၁၂)ခန်း၊ နတ်ကန်တော့အကနှင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် ဒုတိယတန်း အရေးပြိုင်ပွဲ၌ နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ကယားပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေး ရေးစပ်သီကုံးသည့် "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" သီချင်းကို ကယားပြည်နယ် သဘင်အနုပညာရှင်များအစည်းအရုံးမှ တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ယင်းနောက် ကယားပြည်နယ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကယားပြည်နယ်ပြန်/ဆက်**



## စိုက်သိပ္ပံကျောင်း၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး၍ မီးငြိမ်းသတ်မှုသရုပ်ပြ

**ဒီးမော့ဆို စက်တင်ဘာ ၂၃**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ စိုက်သိပ္ပံကျောင်းအတွင်းရှိ စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များတွင် လျှပ်စစ်မီးကြောင့် မီးလောင်မှုမရှိစေရေးအတွက် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနမှ လျှပ်စစ်ကျွမ်းကျင်(၃) ဦးဝီဇင်းရှိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လျှပ်စစ်မီးကြောင့် မီးလောင်မှုမရှိစေရေးအတွက် စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များအတွင်း လျှပ်စစ်မီးကြိုးသွယ်တန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ဟောပြောကာ DCP 2Kg မီးသတ်ဆေးဘူး အသုံးပြု၍ ဆီမီးလောင်မှုအား လက်တွေ့မီးငြိမ်းသတ်နေမှုကို သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## သရက်သီးသေတ္တာများအောက်၌ဝှက်၍ တရားမဝင်ထင်းရှူးခွဲခြမ်းသားများ သယ်ဆောင်လာသည့် ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**ညောင်လေးပင် စက်တင်ဘာ ၂၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံရှေ့၌ စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော ထင်းရှူးခွဲခြမ်းသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့မရဲစခန်းမှူးဒုရဲမှူးသိန်းဇော်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဝင်းထွဋ်အောင် ဦးစီးအဖွဲ့သည် ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးစိုးတင့် ဦးစီးအဖွဲ့တို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၉၇/၆)အနီး၊ ပြည်သူ့ဆေးရုံရှေ့၌ သက်ပိုင်စိုး(၂၁)နှစ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကွမ်းပိုရွာနေသူနှင့် မြင့်စိုး(၄၂)နှစ်(နေရပ်တူ)တို့ မောင်းနှင်လာသော 2A/NISSAN DIESEL ခြောက်ဘီး ယာဉ်နှင့် 5B/NISSAN DIESEL ခြောက်ဘီး ယာဉ်တို့အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် သရက်သီးသေတ္တာဖာများနှင့် ခရမ်းသီးအိတ်များအောက်၌ ဝှက်၍သယ်ဆောင်လာသော တစ်ပေခွဲခန့် ထင်းရှူးခွဲခြမ်းသားများအား ပီနံအိတ်ဖြင့်ထည့်လျက် ၁၂၆ အိတ်၊ အလေးချိန် ၅၀၉၀ ပိဿာ၊ ဒေသပေါက်ဈေးတစ်ပိဿာ ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၉၀၀၀၀ ကျော်ဖိုးတို့အား သက်သေများ ရှေ့တွင် စစ်ဆေးတွေ့ရှိခဲ့၍ ညောင်လေးပင် မြို့မရဲစခန်းက (ပ)၄၃၆/၂၀၁၆၊ ၄၃၇/၂၀၁၆၊ သစ်တောအက်ဥပဒေပုဒ်မ ၄၂(ခ) ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ပဲခူးရိုးမအရှေ့ခြမ်း သကြားစက်ရုံများ၏ ၂၀၁၆–၂၀၁၇ ကြံရာသီ ကြိတ်ဝါး ထုတ်လုပ်မှု လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော်၊ စက်တင်ဘာ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ စက်ရုံနယ်မြေချင်းထိစပ်နေသော ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းရှိ သကြားစက်ရုံများ၏ ၂၀၁၆-၂၀၁၇ ခုနှစ် ကြံရာသီ ကြိတ်ဝါးထုတ်လုပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရုံးအမှတ်(၅၀) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကြံစိုက်ဧကများ တိုးတက်ရေး၊ စက်ရုံနယ်မြေသတ်မှတ်ရေး၊ နယ်မြေကျော် ရောင်းချမှုများမရှိစေရေး၊ စက်ရုံများအလိုက် ကန်ထရိုက်စိုက်ပျိုးရေးစနစ်ဖြင့် ချေးယူထားသည့် စိုက်ပျိုးစရိတ်ရင်းနှီးငွေများအားခုနှိမ်ရေး၊ ကြံဈေးနှုန်းညှိနှိုင်းသတ်မှတ်ရေး၊ စနစ်ကျသော ကြံဝယ်ယူရေးဆောင်ရွက်ရန်အတွက် ကြံပုံစံများ အသုံးပြုရေး၊ ပဲခူးရိုးမအရှေ့ခြမ်း သကြားစက်ရုံလုပ်ငန်းစဉ်များ ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစံသိန်း၊ အတွင်းရေးမှူး ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်မှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဒဟတ်ကုန်း၊ ပျဉ်းမနား၊ တောင်စဉ်အေး၊ မြို့လှ၊ ရေတာရှည်၊ အုတ်တွင်း၊ ဇေယျဝတီသကြားစက်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

## ကျောင်းသားကလေးငယ်များ စိတ်အပန်းပြေပျောက်စေရန်နှင့် ပြင်ပဗဟုသုတရရှိစေရန်ရည်ရွယ်၍ ပုံပြောခြင်း၊ ရောင်စုံပန်းချီရေးဆွဲခြင်းနှင့် ကိုယ်လက်လှုပ်ရှားကစားခြင်းများ စုပေါင်းဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် ကျောင်းသားကလေးငယ်များ စိတ်အပန်းပြေစေရန်အတွက် ပုံပြင်ပြောခြင်း၊ စာဖတ်ခြင်းနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ အနုပညာလုပ်ငန်းများကို စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားတို့ဖြင့် လုပ်ဆောင်တတ်စေရန် ရည်ရွယ်၍ ပညာပေးလေ့ကျင့်မှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်နံနက် ၁၀ နာရီက စံပြရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိနှင့် ဝန်ထမ်းများသည် ပြည်သူများစာဖတ်ရှိန်မြင့်မားရေးနှင့် စာမဖတ်သူပပျောက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြေခံပညာကျောင်းများရှိ မူကြိုမှ ပဉ္စမတန်းကျောင်းသားအရွယ်ထိ ကလေးငယ်များ စိတ်အပန်းပြေစေရေး၊ ပြင်ပဗဟုသုတရရှိစေရေး၊ တီထွင်ဖန်တီးမှုဆိုင်ရာလုပ်ငန်းများတွင် စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်တို့အတွက် ပုံပြင်ပြောခြင်း၊ စာဖတ်ခြင်း၊ ဂိမ်းကစားခြင်းနှင့် ရိုးရာဓလေ့ကစားနည်းများ တိမ်မြုပ်ပျောက်ကွယ်မသွားစေရေးနှင့် လက်ဆင့်ကမ်းထိန်းသိမ်း တတ်စေရန်တို့အတွက် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ပါဝင်သော ပူးပေါင်းဆောင်ရွက်လှုပ်ရှားမှုများကို ရပ်ကွက်၊ ကျေးရွာအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ စံပြရပ်ကွက် မူလတန်းလွန်ကျောင်း ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ကျောင်းအုပ်ဆရာကြီး ဦးဆန်းဌေးနှင့် ဆရာ၊ ဆရာမများက ဝမ်းသာစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများမှာလည်း ကျေနပ်ပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**




## တာလေ၌ တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးနည်းစနစ်များ ပညာပေးဟောပြော

**တာလေ စက်တင်ဘာ ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ကာ တောင်သူပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်က နားယောင်းကျေးရွာအုပ်စု ရန်ကင်း(၁)ကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပညာပေးဟောပြောပွဲတွင် တာလေမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးလှမိုးထွေးက လယ်ယာမြေများ ပုံစံ(၇) ရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် အခွင့်အရေးများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးလွှမ်းမိုးသူက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာပြုလုပ်သုံးစွဲနည်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ မျိုးစေ့တာဝန်ခံ ဦးဝင်းမြတ်ဇော်က မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ သီးနှံကာကွယ်ရေး တာဝန်ခံ ဦးစိုင်းနေကြာတစ်က ရောဂါပိုးမွှား ခွဲခြားပုံနှင့် နှိမ်နင်းနိုင်သည့်ဆေးဝါးများ စနစ်တကျ ကိုင်းတွယ် သုံးစွဲနည်းများကိုလည်းကောင်း ရှင်းလင်း ဟောပြောခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်ထွေးက ကျေးဇူးတင်စကား ပြောကြားကာ တက်ရောက်လာသည့် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## တာချီလိတ်သတင်းအေဂျင်စီနှင့် ဖိုဂျိုမီဒီယာအင်စတီကျူတို့ ပူးပေါင်း၍ သတင်းရေးသားနည်း သင်တန်းဖွင့်

**တာချီလိတ် စက်တင်ဘာ ၂၃**
တာချီလိတ်သတင်းအေဂျင်စီ (Tachileik News Agency–TNA) နှင့် နိုင်ငံတကာမီဒီယာ ထောက်ပံ့ရေး အဖွဲ့အစည်း ( International Media Support - IMS ) ဖိုဂျို မီဒီယာ အင်စတီကျူ ( Fojo Media Institute ) တို့ ပူးပေါင်း၍ တိုင်းရင်းမီဒီယာများအတွက် မာလ်တီမီဒီယာနှင့် နည်းလမ်းအဖြေရှာရေး ဦးစားပေးသတင်းရေးသားနည်း သင်တန်းအား တာချီလိတ်မြို့ ရွှေရေကန်ဟိုတယ်၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက စတင်ပို့ချကြောင်း သိရသည်။

သင်တန်းအား နိုင်ငံတကာ မီဒီယာ ထောက်ပံ့ရေးအဖွဲ့အစည်း ( International Media Support-IMS )၊ ဖိုဂျိုမီဒီယာအင်စတီကျူ ( Fojo Medai Istitute )၏ ဒုတိယအစီအစဉ် မန်နေဂျာ Ms.Petra Quiding နှင့် အစီအစဉ်အကြံပေး ဦးကျော်ထွန်းတို့က စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှတာချီလိတ်သတင်းအေဂျင်စီ (Tachileik News Agency–TNA)တွင် သတင်းရေးသားပေးပို့နေသူ ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၃**
နေပြည်တော်ကောင်စီနယ်မြေ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးက ကြီးမှူး၍ စားသုံးသူပြည်သူများ ဘေးအန္တရာယ်မဖြစ်ပွားရန် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက အောင်မြေရိပ်သာကျေးရွာ အခြေခံပညာ မူလွန်ကျောင်း၌ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမြင့်နိုင်က စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းလာမှုနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း ဟောပြော၍ လည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးစိုးထင်လင်းက အန္တရာယ်ရှိသော အစားအစာများနှင့် စားသုံးသူအခွင့်အရေး လိုက်နာရန် အချက်များ ဟောပြောဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ရွှေမြို့တိုက်နယ် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးသန်းစိုးက အိမ်သုံးဆေးဝါးများအသုံးပြုမှုတွင် သတိပြုရန်အချက်များနှင့် ကျန်းမာခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ စုစုပေါင်း အင်အား ၃၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# အမှိုက်စွန့်ပစ်မှုလွယ်ကူစေရေးနှင့် ရပ်ကွက်သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၃**
ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်နေ မိဘပြည်သူများ အမှိုက်စွန့်ပစ်ရာတွင် လွယ်ကူစေရေးနှင့် ရပ်ကွက်သန့်ရှင်းသပ်ရပ်စေရေးအတွက် အမှိုက်ထုပ်ကောက်စနစ်ဖြင့် ဆောင်ရွက်မည့်အခြေအနေအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အိမ်ရှင်မများဖြင့် ကြိုတင်ညှိနှိုင်းကာ ယောမင်းကြီးလမ်း၊ နဝဒေးလမ်း၊ ဗိုလ်ရာညွန့်လမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အလံပြဘုရားလမ်းတို့တွင် စက်တင်ဘာ ၂၀ ရက်က အမှိုက်ထုပ်ကောက်သိမ်းဆည်းခြင်း ဆောင်ရွက်လျက်ရှိသည်။



"ကျွန်တော်တို့က သြဂုတ်လထဲကစပြီး အသံချဲ့စက်နဲ့ အမှိုက်သိမ်းဆည်းမယ့် အခြေအနေတွေကို မိဘပြည်သူတွေသိရှိအောင် အသိပေးတာပါ။ စာရွက်မှာရိုက်နှိပ်ပြီးလဲ အသိပေးနှိုးဆော်စာတွေ ဖြန့်ဝေပေးထားပါတယ်။ ယခင်တုန်းက အမှိုက်သိမ်းတာ ယာဉ်ကြောကျပ်တာရယ်၊ အချိန်မလိုလောက်တာနဲ့ ခေါင်းလောင်းတီးလှည်းမမီလိုက်လို့ ပစ်ချင်တဲ့နေရာ ပစ်သွားတာတွေရှိပါတယ်။ အခုကတော့ စနစ်တကျလုပ်ပေးမှာပါ။ မိဘပြည်သူတွေဘက်က မီးဖိုချောင်ထွက် အမှိုက်တွေကို အစို၊ အခြောက်ခွဲခြားပြီး သတ်မှတ်အိတ်တွေနဲ့ လုံခြုံစွာစည်းနှောင်ပြီး သတ်မှတ်အချိန်တွေမှာ မိမိတို့ရဲ့အိမ်ရှေ့(သို့မဟုတ်) စုပုံမယ့်နေရာမှာ ချပေးထားခြင်းဖြင့် ကူညီဆောင်ရွက်ပေးရန်" မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမောင်ခွေးက ပြောသည်။

အမှိုက်များကို စွန့်ပစ်ရာတွင် နေ့စဉ် ည ၈ နာရီမှ ၈နာရီခွဲအထိ အမှိုက်ထုပ်ချပေးရန်ဖြစ်ပြီး အမှိုက်ထုပ်များအား သန့်ရှင်းရေးဝန်ထမ်းများက လှည်းဖြင့် ည ၉ နာရီထိ အပြီးသိမ်းဆည်းပေးသွားမှာဖြစ်ကာ သတ်မှတ်ချိန် မစွန့်ပစ်လိုက်ရသောသူများအနေဖြင့် သက်ဆိုင်ရာ လမ်းထိပ်များရှိ အမှိုက်ပုံး၊ အမှိုက်ကန်များတွင် သွားရောက်စွန့်ပစ်ပေးရန် မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သိရသည်။

**၁၉၇**

## ရွှေဘိုအကျဉ်းထောင်တွင် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသမှု ကွင်းဆင်း ဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၂၃**
ရွှေဘိုမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ရွှေဘိုခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ဆေးကုသမှုကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ရွှေဘိုအကျဉ်းထောင်၌ ကွင်းဆင်းကုသပေးခဲ့ကြ ကြောင်းသိရသည်။




အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့တွင် ရွှေဘိုတိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ခင်ခင်သဲနှင့်ဝန်ထမ်းများက အကျဉ်းသား ၇၀၊ အကျဉ်းသူ ၄၀ တို့၏ ကျန်းမာရေး အခြေအနေများကို စစ်ဆေးလျက် အရေပြား၊ ထုံကျင်ရောဂါ၊ သွေးတိုး၊ သာမန်အဖျားများကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပြီး ဆေးကုသပေးခဲ့ကြသည်။

အလားတူ ကျန်ရှိနေသေးသော အကျဉ်းသားများနှင့် အကျဉ်းသူများကိုလည်း တိုင်းရင်းဆေးပညာဖြင့် ဆက်လက်ကွင်းဆင်း၍ကျန်းမာရေး စစ်ဆေးဆောင်ရွက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## ဆားလင်းကြီးမြို့တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးပညာပေးဟောပြော၍ အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်

**မုံရွာ စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့သို့ သွားရောက်ခဲ့ပြီး ဆားလင်းကြီးမြို့ ငွေသာခန်းမ၌ ကိုယ်ဝန်ဆောင် မိခင်များနှင့်တွေ့ဆုံကာ ကျန်းမာရေးဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး ဟောပြောရာတွင် ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် နေ့စဉ်ပြုမူနေထိုင် စားသောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဖြစ်စေမည့် ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကုလားပဲဆံနှင့် ကွေကာအုပ်ထုပ်များကိုလည်းကောင်း၊ ဆားလင်းကြီးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များသည် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိကြရာ သင်တန်းသူများအား ပျို့ရွယ်သူကျန်းမာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ပညာပေး ဟောပြောခဲ့ပြီး ပုလဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ဗြိတိန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်အဖွဲ့ မီးရထားစီး၍ နဘားကျေးရွာသို့ရောက်ရှိ

**အင်းတော် စက်တင်ဘာ ၂၃**
ဗြိတိန်နိုင်ငံမှ Mrs.Amelia Anne Dalton နှင့်အဖွဲ့ဝင် ၃၂ ဦးတို့သည် စက်တင်ဘာ ၂၁ ရက် နံနက်က ကသာဘူတာမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဘူတာသို့ မြန်မာ့မီးရထားဖြင့် ရောက်ရှိလာကြသည်။

ယင်းနောက် နဘားဘူတာမှတစ်ဆင့် နဘားကျေးရွာအတွင်း လှည့်ပတ်လေ့လာကြပြီး နံနက်စာကို နဘားကျေးရွာ ရွာမရပ်ကွက်မှ ဦးအောင်ထွန်းနိုင်-ဒေါ်ဟန်စိန်အိမ်တွင် စားသောက်ရင်း ခေတ္တအပန်းဖြေကြကာ မွန်းလွဲ ၁ နာရီခွဲတွင် ကသာမြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။



အဆိုပါအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်မှစတင်၍ ပြည်တွင်းမြစ်ကြောင်းသွား ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောဖြင့် ရန်ကုန်၊ မန္တလေး၊ မင်းကွန်း၊ ကသာ၊ ကျောက်ထုံးကြီး၊ ရွှေကူ၊ ဗန်းမော်၊ ဝဲမဆင်စခန်း၊ တကောင်း၊ ကြာညှပ်၊ မလယ်၊ ရှိန်းမကား စသည့်နေရာများသို့ သွားရောက်၍ ရေမြေတောတောင်သဘာဝရှုခင်းများ၊ ဘာသာသာသနာ ရိုးရာယဉ်ကျေးမှုများကို လည်ပတ်လေ့လာပြီး စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်ထိုမှတစ်ဆင့် ဗြိတိန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မွန်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် ဇွန်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်းပေါင်း ၆၁၈၂ ဒသမ ၄၀ သန်းရှိ

**ရေး စက်တင်ဘာ ၂၃**
မွန်ပြည်နယ်အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်ဖြင့် ၁၉၉၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံထားရှိသော စက်မှုစွမ်းအင်ဝန်ဆောင်မှုကဏ္ဍများမှ လုပ်ငန်းအရေအတွက် ၂၄ ခုမှာ ဒေါ်လာသန်းပေါင်း ၆၁၈၂ ဒသမ ၄၀ သန်းရှိကြောင်း သိရသည်။

နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံ ၁၁ နိုင်ငံအနက် မလေးရှားက ရင်းနှီးမြှုပ်နှံမှုဒေါ်လာသန်းမှာ ၂၃၈၃ ဒသမ ၆၀ သန်းဖြင့် ပထမ၊ စင်္ကာပူက ဒေါ်လာသန်း ၁၁၄၂ ဒသမ ၉၀သန်းဖြင့် ဒုတိယနေရာမှာလိုက်ပြီး UK က ဒေါ်လာသန်း ၁၁၂၉သန်းဖြင့်တတိယဖြစ်သည်။ ဂျပန်က ဒေါ်လာသန်း ၉ ဒသမ ၄၅သန်းဖြင့် ၁၁ နိုင်ငံမြောက် အနည်းဆုံးဖြစ်ကြောင်း မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားရေးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

**ထွန်းထွန်း(ရေး)**

# ရွှေဘိုခရိုင်၌ မိုးသီးနှံ ၉၉ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

**ရွှေဘို စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၆၈၆၀၃၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ရာသီကုန်တွင် ၆၇၂၇၁၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၉၈ ဒသမ ၁၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရန် အခြေအနေမပေးသည့် ကျန် ၁၃၃၁၈ ဧက ကို အစားထိုးသီးနှံများအဖြစ် နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို အစားထိုးစိုက်ပျိုးပြီး ဖြစ်သဖြင့် မိုးစပါးလျာထားချက်အပေါ် သီးနှံများ အပြည့်အဝ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးသီးနှံစိုက်ပျိုးရာသီတွင် တစ်ခရိုင်လုံးအနေဖြင့် မိုးစပါးအပါအဝင် မိုးသီးနှံ စိုက်ပျိုးရန် စုစုပေါင်း ၁၃၈၁၄၈၇ ဧကလျာထားခဲ့ရာ ၁၃၇၂၈၇၇ ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် လျာထားချက်အပေါ် ၉၉ ဒသမ ၃၈ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်ဧကများကိုလည်း စက်တင်ဘာလရာသီကုန်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေ၏ပြောပြချက်အရ သိရသည်။

ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က ရွှေဘိုမြို့နယ် ချိပါကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၇၈ ရှိ တောင်သူဦးစိုးမြင့်၏ လယ်မြေ ၁၅ ဧကတွင် ကွင်းပိတ်စိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သူများက မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေများ၊ အပင်ပြုစုစောင့်ရှောက်နိုင်မှုအခြေအနေများနှင့် အပင်ဖြစ်ထွန်းအောင်မြင်နေမှုများကို တင်ပြဆွေးနွေးကြရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မိုးစပါးလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ဖြစ်ထွန်းမှုများလည်း အထူးကောင်းမွန်ကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီး ဌာနမှပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း မျက်ခြေမပြတ် စနစ်တကျစောင့်ကြည့်ကြရန် ပြောကြားခဲ့သည်။ **ခင်ဦးစိုးဝေ**

# ဇီကာဗိုင်းရပ်(စ်)ရောဂါအကြောင်း အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

**ဥတ္တရသီရိ စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သင်းဝင်တိုင်းကျေးရွာတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဇီကာဗိုင်းရပ်(စ်)ရောဂါအကြောင်း အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံမှ လက်ထောက်ကျန်းမာရေးမှူး ဦးစိုးမင်းအောင်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၄၅ အိမ်သို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကန်များအတွင်းအဘိတ်ဆေးခတ်ပေးခြင်း၊ ပြည်သူလူထုတွင်ဖြစ်ပွားတတ်သော ရောဂါအခြေအနေများပေါ် မူတည်၍ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးလက်ကမ်းစာစောင်များအား ဝေငှ ပေးခဲ့ကြောင်းသိရသည်။ **ရွှေရဲရင့်**



# ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ ပူးပေါင်းဖွင့်လှစ်သော ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက စက်မှုသီးနှံခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး အက်ရှင်အေ့ဒ်မြန်မာ၏ ကရင်ပြည်နယ်စီမံကိန်းတာဝန်ခံ ဒေါ်စောမြတ်သန္တာနှင့် ဘားအံမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ မှတစ်ရွာလျှင်သုံးဦးစီ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၀အား လုပ်ကွက်ငယ် တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာစိန်ခေါ်မှုများ ဖော်ထုတ်မှုဝေခြင်း၊ ပြည်နယ်၏စိုက်ပျိုးထုတ်လုပ်မှုသမိုင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊အပင်ရောဂါနှင့်သီးနှံဖျက်ပိုးများ အကြောင်း၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးသဘောတရား၊ ကျေးရွာအလိုက်/အဖွဲ့လိုက် စမ်းသပ်လုပ်ဆောင်မည့် အစီအစဉ်များရေးဆွဲခြင်းများအား သုံးရက်တိုင်ပို့ချပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# လူမှုစီးပွားဘဝမြှင့်တင်စေရန် မြစိမ်းရောင် စီမံကိန်းရန်ပုံငွေ လှိုင်ကောင်ကျေးရွာသို့လွှဲပြောင်းပေးအပ်

**မောက်မယ် စက်တင်ဘာ ၂၃**

မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် မြစိမ်းရောင် ကျေးရွာများဖြစ်သည့် ပန်းတန်ကျေးရွာအုပ်စု လှိုင်ကောင်ကျေးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လှိုင်ကောင် ရွာလယ်ဇရပ်၌ စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုင်းကျော်စိုးမိုးက မြစိမ်းရောင် စီမံကိန်းရန်ပုံငွေနှင့် ပတ်သက်ပြီး စီမံကိန်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ကျေးလက်အငယ်တန်းအင်ဂျင်နီယာ တို့ကမြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကိုလွှဲပြောင်းပေးအပ်ရာ မြစိမ်းရောင် ကျေးရွာကော်မတီ ဥက္ကဋ္ဌ ဦးမောင်နိုင်နှင့် အတွင်းရေးမှူး ဦးမြမောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# လူသားတိုင်း လူ့အခွင့်အရေးဆိုင်ရာများ သိရှိစေရန် လူ့အခွင့်အရေးအမြင်ဖွင့် သင်တန်း သီပေါမြို့တွင် ဖွင့်လှစ်

**သီပေါ စက်တင်ဘာ ၂၃**

သီပေါမြို့ ဇာတ်စုရပ်ကွက် ဓမ္မရုံ၌ Equality Myanmar မှကြီးမှူး၍ လူ့အခွင့်အရေး အမြင်ဖွင့်သင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်ပြီး သီပေါမြို့နယ်မှ သင်တန်းသား ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အစုအဖွဲ့အလိုက်လုပ်ဆောင်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ လူ့အခွင့်အရေးအယူအဆ သဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် UDHRအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူ့အခွင့်အမျိုးအစားများ၊ အုပ်စုလိုက် အခွင့်အရေးများနှင့် ပေါ်ပေါက်လာပုံ၊ အစိုးရတာဝန်ရှိသူများ၊ လူ့အခွင့်အရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးတိုင်ကြားမှု ယန္တရားများ စသည့် သင်ခန်းစာများကို ပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ် ၃ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဇော်ဦး ဦးစီးသောတပ်ဖွဲ့ခွဲရုံးနှင့် အမှတ် ၁၂ တပ်ခွဲ (သဃ်န်းကျွန်း)၊ အမှတ် ၁၃ တပ်ခွဲ (ရန်ကုန်)၊ အမှတ် ၁၄ တပ်ခွဲ (အင်းစိန်) တို့မှ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၉ ဦးတို့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ ၁၁၈

# MPT မိုဘိုင်းဆင်းကတ်များမှတ်ပုံတင်ခြင်းဆောင်ရွက်



**ဗန်းမောက် စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ MPT မိုဘိုင်းဖုန်းသုံးစွဲသူများအား ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစေရန်အတွက် အခမဲ့မှတ်ပုံခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ စတင်လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၀ ရက်ထိ ဆင်းကတ်မှတ်ပုံတင် လာရောက်ပြုလုပ်သူ ၃၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း MPT မိုဘိုင်းဖုန်းများဖြစ်သည့် (CDMA-၄၅၀၊ GSM၊ CDMA-800၊ WCDMA၊ CDMA)ဆင်းကတ်သုံးစွဲသူတိုင်းအား ဒေသခံပြည်သူများသုံးစွဲနေသည့် လက်ကိုင်ဖုန်းများကို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစေရေးအတွက် မှတ်ပုံတင်ပြုလုပ်ပေးခြင်းဖြစ်ပြီး အခမဲ့နေ့ခြင်းပြီးဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် MPT ဆင်းကတ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ မြို့ပေါ်တွင်ပြုပေးမည်ဖြစ်သည်။ ဆက်လက်၍ ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီရောက်ရှိပါက ကျေးရွာအုပ်စုများသို့ မိုဘိုင်းကွင်းဆင်း၍ မှတ်ပုံတင်ပြုလုပ်ပေးသွားပါမည်ဟု မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ကျော်စွာ(ဗန်းမောက်)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## Fashion Euphoria ၏ သီတင်းကျွတ် အကြိုအထူးစျေးရောင်းပွဲ
## (၂၄-၉-၂၀၁၆ မှ ၂၆-၉-၂၀၁၆) အထိ

စောင့်မျှော်နေကြသော Fashion Euphoria ၏ အမှန်အကန် အံ့သြဖွယ်ရာ ၅၀% မှ ၈၀% အထိ အထူးစျေးရောင်းပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ကြိုက်ရွေးချယ် ဝယ်ယူအားပေးနိုင်ကြပါကြောင်းနှင့် ဝယ်ယူအားပေးကြသော ဧည့်ပရိသတ်အပေါင်း ကျေနပ်နှစ်သက်နိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အချိန်- နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိ

ဆက်သွယ်ရန် ဖုန်း- ၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၄၂၊ ၀၉-၅၁၀၅၄၇၁







ဒဂုံမြို့သစ်
အရှေ့ပိုင်း
သီဝကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
စျေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ရွှေမန်းတောင် အမှတ်တံဆိပ်
အစာကြေဆေးပြား
TMR000063(0715)

ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄။





### ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊မြေကွက်အမှတ်-၂၇၇(ခ)၊ (အရပ်ခေါ်) အမှတ်(၂၇၇/ခ)၊ ပင်းယ(၁၂)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ဧရိယာ(၁၂၀၀စ/ပ)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ အိမ်နှင့် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ယဉ်ယဉ်အေး[၁၂/ဥကတ(နိုင်) ၁၆၉၀၈၈]၊ ဒေါ်လဲ့လဲ့အေး[၁၂/ဥကတ(နိုင်) ၁၈၇၅၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းညွှန့်(ဥပဒေတွဲ့)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)**

**ဦးနိုင်ထွဋ်လင်း(ဥပဒေတွဲ့)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**

**ဖူးဖွင့်ဝေစာချုပ်စာတမ်း(အထူး) ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေအကြံပေး**
**အမှတ်(၉၉)၊ ဒုတိယပ်(ယာ)၊ (၁၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၃၁၁၁၆၄၄၄**


"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်သယ်ယူဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73123029, 09-253065979

GW
0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

အေးချမ်းသာယာလှပသည့်
ပေမြို့ရှိ မြေကွက်များ၊ ခြံဝန်း
ကျယ်များ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၂၆၃၀၈၈၂၇၄၊ ၀၉ ၇၈၇၁၂၅၇၇၆။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မှော်ဘီမြို့နယ်၊ထန်းတပင်တာဆုံအနီး
လှပါးကျေးရွာ၊လယ်/ဥယျာဉ်(မြေ)ကား
တစ်ကောသိန်း(၃၅၀) ညှိနှိုင်း၊
ခွဲ၍လည်းရောင်းပေးသည်။
Ph: 09421117007, 09970282930


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၆၉၈၊ မြေကွက်တည်နေရာအမှတ်-၆၉၈၊ (၁၄၆)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးသိန်းဝင်း(MMA-၁၉၅၉၀၃)[၁၂/မဂဒ(နိုင်)၁၇၈၀၂၀]အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသိန်းဝင်း(MMA-၁၉၅၉၀၃)၊ [၁၂/မဂဒ(နိုင်) ၁၇၈၀၂၀]မှ ၎င်း၏မြေချပါမစ်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များ၊ ဌာနပုံစံကိုယ် တိုင်ဝန်ခံချက်တင်ပြ၍ ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ထရံကာ၊ သွပ်မိုးအဆောက်အအုံ ၁လုံးရှိပြီး လူမနေသော့ဖွင့်ပြ၍ ပါမစ်ပျောက် နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသဝတီ (၁၂)လမ်း၊ အမှတ်-၉၂၉(ခ)၊ အကျယ်အဝန်းပေ(၂၀×၆၀)နှစ် (၆၀)ဂရန်မြေကွက်ကို ဖခင်ဖြစ်သူ ဦးNL ဘရှူးဝါး(ကွယ်လွန်)နှင့် မိခင် ဒေါ်စောခင်(ကွယ်လွန်)တို့မှ ပိုင်ဆိုင်ခဲ့ပါသည်။

မိဘများကွယ်လွန်ပြီးနောက်ပိုင်း ၈-၉-၂၀၁၆ရက်၌ အမွေဝေစုခွဲဝေခြင်း စာချုပ်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသင်း[၁၂/ဥကတ(နိုင်)၁၃၀၃၆၅]မှ တိုက်ခန်း၏ ဒုတိယထပ်အကျယ်အဝန်း ပေ(၁၈×၅၀)ကိုပိုင်ဆိုင်ပြီး မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အစ်မဖြစ်သူ ဒေါ်မော်လီ [၁၂/ဥကတ(နိုင်)၁၃၀၃၆၄]နှင့် ညီတူညီမျှ အကျိုးခံစားခွင့်ရှိသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမသိရှိဘဲ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း၊ ငှားရမ်းခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L,D.I.L)** — **အထက်တန်းရှေ့နေ** — **စဉ်-၂၇၁၂၈**

**ဦးမြတ်ထွန်း (B.Sc,R.L)** — **တရားလွှတ်တော်ရှေ့နေ** — **စဉ်-၃၆၉၀**

**အမှတ်-၅၅၊ ၁၄လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၇၃၀၇၂၂၂၁၊ ၀၉- ၇၃၁၄၄၀၅၅**

# CONGRATULATIONS

edexcel Approved Centre

to ILBC and students on your excellent achievement in the IGCSE edexcel examinations 2016 ( May - June )




IGCSE ဘာသာရပ်များကို ထူးချွန်စွာ နားလည်တတ်မြောက်အောင် သင်ကြားပေးပြီး စည်းကမ်းရှိ၍မိမိယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် နေထိုင်တတ်သည့်အပြင် လူကြီးမိဘများကို လေးစားရိုသေပြီး ခေတ်နှင့်အညီ တွေးခေါ်တတ်အောင် လေ့ကျင့်ပေးပါသော ILBC မှ ဆရာ/ဆရာမအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မိဘများ


CONGRATULATIONS
to ILBC and students on your excellent achievement in the IGCSE edexcel examinations 2016 ( May - June )
edexcel Approved Centre
I L B C
PROGRESS THROUGH EDUCATION
5As
Hnin Hay Man 5A*s
Aung Nyein Chan Kyaw 4A*s & 1A
Htet Aung Kyaw 4A*s & 1A
Kaung Htet Htin Kyaw 4A*s & 1A
Khun Sint Nay Chi Tin Tun 4A*s & 1A
Kyi Phyu Khin 4A*s & 1A
Min Khant 4A*s & 1A
Yadana Khin 4A*s & 1A
Yunn Wadi Tun 4A*s & 1A
Aye Mya Mya Khin 3A*s & 2As
Ei Chan Myae Oo 3A*s & 2As
Sai Htet Linn Tun 3A*s & 2As
Poe Aung Myint Kyi 2A*s & 3As
Sao Yu Nandi 2A*s & 3As
Wai Yan Zaw Tin 5As
4As
Aung Khit Paing 4A*s
Paing Htet 4A*s
Susan Htun Htun 4A*s
The Myat Thazin 4A*s
Tun Aung Khaing 4A*s
Aung Myat Oo 3A*s & 1A
Chan Myae Khine 3A*s & 1A
Eaint Su Mon 3A*s & 1A
Hein Oak Soe 3A*s & 1A
Kaung Myat Htet 3A*s & 1A
Kaung Myat San 3A*s & 1A
Khant Htat Thar 3A*s & 1A
Khant Nyar Aung 3A*s & 1A
Myat Phoo Pwint Kyaw 3A*s & 1A
Myo Hein Khant 3A*s & 1A
Pyi Thein Khant 3A*s & 1A
Sai Sang One 3A*s & 1A
Kaung Khant Naing 2A*s & 2As
The Su Sandy 2A*s & 2As
Wai Yan Kyaw 2A*s & 2As
3As
Min Htet Myat 2A*s & 1A
Phone Khant 2A*s & 1A
Sai Khaung Hkam 2A*s & 1A
Khant Myo Aung 2A*s & 1A
Hein Htut Oo 1A* & 2As
Hein Si Thu 1A* & 2As
Hein Zarni Maung 1A* & 2As
Htet Thiri Linn 1A* & 2As
Kyaw Kyaw Naing 1A* & 2As
Myat Thaung Tun 1A* & 2As
Thiha Tun 1A* & 2As
Tun Aung Hlaing 1A* & 2As
Win Hlaing Oo 1A* & 2As
Aye Htet Lin 3As
Aung Yadana Htun 3As
Kam Lian Khup 3As
Khant Oo Oo Khine 3As
Shivani Kedia 3As
2As
Chan Myae La Min 1A* & 1A
Chit Po Po Tun 1A* & 1A
Ei Myat Noe 1A* & 1A
Naing Kyaw Aung 1A* & 1A
Naing Lin Aung 1A* & 1A
Than Htet Aung 1A* & 1A
Aye Myat Lin 2As
Htet Hnin Su Wai 2As
Myat Noe Khin 2As
Myo Khant Aung 2As
Thadar Thet Naing 2As
Thitipon Janyaporn 2As
1A
Aung Phone Myint 1A*
Htet Htet Aung 1A*
Aung Min Khant 1A
Aung Htet Naing 1A
Eaint Tharaphu Moe 1A
Ei Thu Thu 1A
Htet Aung Lin 1A
Htet Wai Ank 1A
Htoo Nyan Tun 1A
Linn Htet Aung 1A
Min Khant 1A
Min Thu Naing 1A
Myat Min Tun 1A
Nyi Khant Aung 1A
Shwe Yee Moe Pwint 1A
Thet Htar Zin 1A



# အချိန် စီမံခန့်ခွဲခြင်း
## Time Management

စိန်လင်း
ခွဲစိတ်နှင့်ကင်ဆာပါရဂူ

☎ 09 425022069
09 5010904

ထွက်ပြီ

## ဝန်ထမ်းအလိုရှိသည်(ရန်ကုန်/မန္တလေးတွင် ခန့်အပ်ရန်)

1. In-Charge (လုပ်ငန်းကြီးကြပ်ရေးမှူး ➤ လစာ 150000 ~ 300000 ~)
2. Sales & Marketing (ဈေးကွက်ရှာဖွေရေး ➤ လစာ 150000 ~ 500000 ~)
3. Account (စာရင်းကိုင် ➤ လစာ 150000 ~ 400000 )

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင် မူတည်၍ လစာခံစားခွင့် ရှိသည်။

**ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်**

အမှတ် (၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊(တော်ဝင် နှင်းဆီစားသောက်ဆိုင် အနီး၊ ဗန်ဒါပင် မှတ်တိုင်) လူကိုယ်တိုင် "CV Form၊ဓာတ်ပုံ(၂)ပုံ၊ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ" နှင့် အတူ လာရောက် လျှောက်ထားနိုင်ပါသည်၊

E-mail လိပ်စာ winattention888@gmail.com သို့လည်း ပေးပို့ လျှောက်ထားနိုင်ပါသည်၊

Interview ကို ပထမအကြိမ် **စက်တင်ဘာလ 26 / 27 / 28** ဒုတိယအကြိမ် **အောက်တိုဘာ 3 / 4 / 5** နံနက် (၁၀း၀၀) နာရီ မှ (၁၂း၀၀) နာရီအထိ (၆) ရက် ပြုလုပ်ပါမည်၊

**ဆက်သွယ်ရန် - 09 967294804 ,09 785147898, 09 961312109, 09 782417883 ,01 55 85 42 ,01 54 28 44**
(ရုံးချိန်တွင်းသာဆက်သွယ်ပါရန်)

## အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

## DADDY (ဒယ်ဒီ)
Travels & Tours
ချောင်းသာ
(ညအိပ်/၃ရက်)
(Oct 14,28 ထွက်မည်)

## Min San Eain Travel & Tours 01-8551106, 09-259259153~4

- Sep30, Nov24 (125000)
- (Tour Grade Car + Hotel Package)
- Oct 7,14 (135000)
- Oct 14 (170000)
- Oct 14 (105000)
- (3D ပြတိုက်) Oct 15 (75000)
- Package
- (Speed Boat) Oct 15 (37000)
- Oct 17 (30000)

## တရုတ်
စကားပြောခုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

## ENGLISH
Conversation Practice

Great Wall
TAMWE - 540714, 09 5183636
09 49 285182

## ဖခင်အမည်မှန်
တိုက်ကြီးမြို့၊ အထက(ခွဲ)၊ မြို့မ(၃)၊ ဆဋ္ဌမတန်း(B)မှ မယွန်းနဒီနှင့် တက္ကသိုလ်ဝင်တန်းမှ မယွန်းစေဝသုန် တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦးဖြစ်ပါသည်။
ဦးကျော်ကျော်ဦး

## တိုက်ခန်းရောင်း/ငှားမည်(အမြန်)
- ရတနာလမ်း၊ မြေနီကုန်း မြေညီထပ်၊ ပထမထပ်
- ဆီဆုံလမ်း၊ စမ်းချောင်း မြေညီထပ်၊ ပထမထပ်၊
- သော်တာလမ်း၊ ဗိုလ်ဌာမြေနီကုန်း
Ph-09-73065022, 09-420026629

## ဓါနိုဝင်းနှင့်ရောင်းရင်းများ
သီတင်းကျွတ် ဘုရားဖူးခရီးစဉ်များ

01-249871,255553,09-5137245,09-5122511

## ဦးရဲမင်းပိုင်(သချာ်)၁၀တန်း ၅လပြတ်

အကြောင်းအမျိုးမျိုးကြောင့် ယခုမှစတင်လေ့လာမည့်သူများအတွက် ဂုဏ်ထူးရရန် အကောင်းဆုံးကြိုးစားသင်ကြားပေးပါမည်။
(၁၀)ဦး၊ အာသာစုစာသင်စိုင်း၊ နေ့စဉ်တက်ရမည် (လစဉ် ၇၅၀၀၀)
ညနေတန်း၌ ၅း၀၀/၇း၀၀ (လစဉ် ၄၀၀၀၀)
၀၉၇၃၁၆၁၁၄၀/၀၉၄၂၀၁၂၉၇၇၇
ဓာတု၊ သချာ်/အင်္ဂလိပ်စာ တန်းခွဲသင်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

## အိမ်နှင့်ခြံအမြန်ရောင်းမည်
၂၄'×၁၂၀' (၁)ထပ်တိုက်
အသင့်နေနိုင်၊ အောင်ဆန်း၊ အင်းစိန် သိန်း(၅၅၀) ညှိနှိုင်း
09-421058644, 09-264150516

## ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 8L/1563 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

## KAMA Generator (မီးစက်)
(Ready Cargo) Since 1994



Reasonable price with better service
One Year Guarantee with fully spareparts
09-5001342/09-32265555/09-32260000

## နှင့် ပတ်သက်သော ပြဿနာများကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ကိုင်တွယ်ဖြေရှင်းပေးပါသည်။
တတ်ကျွမ်းနားလည်ပြီး အတွေ့အကြုံရှိသူများဖြင့် စနစ်တကျ အိမ်တိုင်ရာရောက်ဆွေးနွေးကာ စေ့စေ့စပ်စပ် ဆောင်ရွက်ပေးနေပါသည်။

Trillion Power Co.,Ltd.
No.5(A), Mya Yake Condo, Zayar Thiri Street, Hledan, Kamaryut Township, Yangon.
Ph. 09-73172777, 09-73068163, 09-420056018



## PUN HLAING SILOAM HOSPITALS

သင်နှင့် သင်၏အားကိုးတန်ဖိုးထား စောင့်ရှောက်ရမည့်သူများအတွက်
လူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

### "အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံသားတိုင်းခံစားနိုင်ရမည်"

တစ်ပတ် ၇ ရက် ၂၄ နာရီဝန်ဆောင်မှု၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ဆရာဝန်ကြီးများအချိန်ပြည့်ရှိသည့် နိုင်ငံတကာအဆင့်မီဆေးရုံ

**ရရှိနိုင်သော ဝန်ဆောင်မှုများ**
- ပြင်ပလူနာ ဝန်ဆောင်မှု
- အတွင်းလူနာ ဝန်ဆောင်မှု
- အရေးပေါ်ဝန်ဆောင်မှု
- ကျန်းမာရေး စစ်ဆေးခြင်းဝန်ဆောင်မှု
- ဓာတ်ခွဲစစ်ဆေးခြင်း ဝန်ဆောင်မှု
- ပုံရိပ်ဖော်စစ်ဆေးခြင်း ဝန်ဆောင်မှု



**ပြသနိုင်သည့် ဆရာဝန်ကြီးများ**
- အထွေထွေရောဂါကုဆရာဝန်ကြီးများ
- အထွေထွေ ခွဲစိတ်ကုသမှု ဆိုင်ရာ ဆရာဝန်ကြီးများ
- သားဖွားမီးယပ်ဆိုင်ရာ ဆရာဝန်ကြီးများ
- ကလေးဆရာဝန်ကြီးများ
- ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆရာဝန်ကြီးများ
- အရိုး အကြော အဆစ်ဆိုင်ရာ ခွဲစိတ်ဆရာ ဝန်ကြီးများ
- ပြန်လည်သန်စွမ်းကျန်းမာရေး ဆရာဝန်ကြီးများ
- အလှအပနှင့် အရေပြားခွဲစိတ်ကုသမှု ဆရာဝန်ကြီးများ
- လူမှုကျန်းမာရေး စိတ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးများ
(Child, Adolescents, Adult & Family and Addition)

LIKE US ON facebook
Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com



- လူနာအတွက် မနက်၊ နေ့လည်၊ ညစာ ဝန်ဆောင်မှု
- တာဝန်ကျ ဆရာဝန်၊ သူနာပြုများ၏ကြပ်မတ်စောင့်ရှောက်မှု
- သန့်ရှင်းရေး ဝန်ဆောင်မှု

တစ်နေ့ ၁၀,၀၀၀ ကျပ်

သားဖွား၊ မီးယပ်ဆိုင်ရာ ရောဂါများနှင့် အထွေထွေခွဲစိတ်ကုသမှုများအတွက်
အပြီးအစီး ကုန်ကျစရိတ်
(၈) သောင်း မှ (၆) သိန်းခွဲ ကျပ်အတွင်းသာ

Sliver Ward

Medical Check Up 01 68 44 33

EMERGENCY 24/7 Services 01 68 44 11

Pun Hlaing Siloam Hospitals Hotline : 01 68 43 23

ရာပြည့်® ကြက်လည်ဆံလက်ဖက်ခြောက် အပန်ရည်

ပြန့်ချိရေး - ကိုဝင်းမြင့် + မသောဘီ ... Perfect လက်ဖက်ရည်ဆိုင်၊ ... ရန်ကုန်တိုင်းဒေသကြီးရှိ Super One ၊ ဂမုန်းပွင့်၊ Myanmar Big Shops Supermart၊ Nation Mart ... Sky Tea Center ...




KYN
ဒဂုံမြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း၊ တောင်ပိုင်း
မြေကွက်များဝယ်ယူလိုသည်။
09-5034313, 09-73022230, 09-455034313

ဒဂုံမြို့သစ်
အရှေ့ပိုင်းနှင့်ဆိပ်ကမ်းရှိ
မြေကွက်များဝယ်လိုသည်။
09 43091527







စွယ်တော်စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
SWE TAW CITY
■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး၊ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံစက်မှုဇုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။
■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀) ပေါ်တွင် တည်ဆောက်နေသည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ခိုင်မာစွာ ရရှိနိုင်မည့် စုပေါင်းအိမ်ရာဖြစ်သည်။
■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile - Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦးတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါသည်။
■ အဆောက်အဦးတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး၊ Security System, CCTV, Fire Protection & Fire Alarm System, Back up Generator System များ ပါဝင်ပြီး စုပေါင်းအိမ်ရာဝင်း တစ်ခုလုံးအတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။
■ ရေကူးကန်များ၊ စားသောက်ဆိုင်၊ Fitness Center, SPA, Steam, Sauna, Jacuzzi, Convenience Store၊ ကလေးကစားကွင်း နှင့် လူ (၃၀၀) ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမကျယ်များ ပါဝင်သည့် Clubhouse တစ်ခု ပါရှိပါသည်။
900 sq-ft for 2 Bedrooms
1260 sq-ft for 3 Bedrooms
■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများ၊ အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် Car Parking နေရာများ ပြည့်စုံလုံလောက်စွာ ပါဝင်ပါသည်။
CLUBHOUSE
အထူးအစီအစဉ်အနေဖြင့် ပထမပုဂ္ဂလိကဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ် များနှင့် ချိတ်ဆက်၍ အရစ်ကျ ငွေပေးချေမှုစနစ်များဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
DEVELOPER-
GRAND STYLE CO.,LTD.၊ အမှတ် (၂၄၅)၊ ဗားကရာလမ်း (မြေနီကုန်းဂမုန်းပွင့်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL : 09 797332211, 09 797221133
09 799332211, 09 799221133

# သတင်းထောက်ချုပ် ဦးဆွေဝင်းအား နိုင်ငံတော်သမ္မတကချီးမြှင့်သော ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

သတင်းထောက်ချုပ် ဦးဆွေဝင်း၏ ဆောင်ရွက်ချက်များကို နိုင်ငံတစ်ဝန်းရှိ ပြည်သူအများက လေးစားချီးကျူး ပြောဆိုလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် အလေးအနက် အသိအမှတ်ပြုသည့်အတွက် ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်း၏ လူမှုရေးအသိစိတ်ဓာတ်ဖြင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူမိန်းကလေးငယ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုအား မိမိ၏လုံခြုံရေးနှင့် ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှုအပေါ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပစဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪



**Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်း မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားစဉ်။**

## အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၃**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

# ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၂ အသင်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်



**မြန်မာလူငယ်တိုက်စစ်မှူး သန်းပိုင် ၂၀၁၄ အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ်။**

**ရန်ကုန် စက်တင်ဘာ ၂၃**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မကြာမီဖွဲ့စည်းတော့မည့် မြန်မာယူ-၂၂ အသင်းသည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပနေသည့် ပြိုင်ပွဲဖြစ်ပြီး မြန်မာအသင်းမှာလည်းနှစ်စဉ်နီးပါး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၂ အသင်းလေ့ကျင့်ပြင်ဆင်ချိန် ပိုမိုရရှိစေရန်အတွက် အောက်တိုဘာလ ဒုတိယပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး ကစားသမား ၃၀ ကျော်ဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကိုနည်းပြချုပ်အဖြစ် ဦးကြည်လွင်အား ဆက်လက်တာဝန်ပေးအပ်မည်ဖြစ်ပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သောကြောင့် ဆက်လက်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀ အသင်းမှကစားသမားများကို အမာခံထားကာ ဖွဲ့စည်းမည်ဖြစ်ပြီး ဆီးဂိမ်းငွေဆုရ ယူ-၂၃ အသင်းမှ အသက်မီသည့် ကစားသမားများလည်း ပြန်လည် ပါဝင်လာမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်း ပြိုင်ပွဲအတွေ့အကြုံရရှိစေရန်နှင့် ကစားသမားများ၏ အရည်အသွေးပိုမိုတိုးတက်စေရန်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာနှင့်အဖွဲ့အား ကျောက်တံတားမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ကာ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အိမ်အကူအမျိုးသမီးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်မှ ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ၊ ခင်ပွန်း ကိုလတ် (ခ) မိုဟာမက်ရှဖီး၊ သား တင်မင်းလတ် (ခ) ဖိုက်ဇယ်၊ သမီး မစုမွန်လတ်၊ ရာဇာထွန်းနှင့် မသီရိလတ်တို့ ခြောက်ဦးအား ကျောက်တံတားမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၎င်းတို့ခြောက်ဦးအား စက်တင်ဘာ ၂၀ ရက်တွင် (ပ)၁၉၃/၂၀၁၆၊ လူကုန်ကူးမှုတားဆီးရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း။

ထို့ပြင် စက်တင်ဘာ ၂၂ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာနက ဒေါ်တင်သူဇာ၊ တင်မင်းလတ်(ခ) ဖိုက်ဇယ်၊ စုမွန်လတ် တို့သုံးဦးအား ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ (ဃ)အရ ကျောက်တံတားမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားအရေးယူခဲ့ကြောင်း၊ ဖမ်းဆီးရမိထားသော ဒေါ်တင်သူဇာ၊ တင်မင်းလတ် (ခ) ဖိုက်ဇယ်၊ မစုမွန်လတ်၊ ရာဇာထွန်း၊ ကိုလတ် (ခ) မိုဟာမက်ရှဖီးတို့ ငါးဦးအား အနောက်ပိုင်းခရိုင် တရားရုံးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၂၉/၃၂ ဖြင့် လည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ မသီရိလတ်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မအပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုတင်ပို့ထားရှိပြီးဖြစ်ကြောင်း။

အလားတူ စက်တင်ဘာ ၂၂ ရက် ည ၈ နာရီတွင် ဒေါ်တင်သူဇာအပါအဝင်ခြောက်ဦးအား (ပ) ၂၀၁/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆/၃၂၅/၃၄၄/၁၁၄ တို့ဖြင့် ထပ်မံအမှုဖွင့်လှစ်ထားရှိပြီး ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ qefa';umwef



